www.burmeseclassic.com

ပိုးမြိုး စာပေ

(လုံးချင်းဝတ္ထုသစ်)

# ရွှေအဥ္ဇလီ

နှလုံးသားအတွက် အချစ်နေရာ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၁၃၉၀၆၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၈၈၀၉၁၀
အဖုံးဒီဇိုင်း - Lလင်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြဲ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြဲ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၇၊ ကားဝါလမ်း၊
[illegible]မြို့နယ်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၁၊ ဧပြီလ၊
ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ . ၈၃
ရွှေအဥ္ဇလီ
နှလုံးသားအတွက်အချစ်နေရာ/ရွှေအဥ္ဇလီ ။ ရန်ကုန်
- စိုးမိုးစာပေ၊ ၂၀၁၁
၂၆၄ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) နှလုံးသားအတွက်အချစ်နေရာ


## အခန်း (၁)

"ဒီဘက်နည်းနည်းတိုးလိုက်ဦး၊ ဟုတ်ပြီ အိုကေ ရိုက်မယ်"

ဒစ်ဂျစ်တယ်ကင်မရာမီးမှ ဖျတ်ခနဲ မီးပွင့်သွားခြင်းနှင့် အတူ ရှင်းသန့်အပါအဝင် ၊ ရွှင်နေသော ဦးမင်းသန့်နှင့် ဒေါ်ဖေရယ် တို့မျက်နှာတွေက ကင်မရာလေးမှာ မှတ်တမ်းတင်ပြီးသားဖြစ်သွား သည်။

"ကဲ…ထပ်ရိုက်ဦးမယ်"

"တော်ပြီဟေ့ လင်းသဲ၊ ဓာတ်ပုံတွေ ရိုက်ရလွန်းလို့ မျက်စိတွေတောင် ကျိန်းလာပြီ"

"အမယ်လေး…ကိုကိုရှင်းသန့်က ကဲကိုကဲတယ်၊ ဒီလို ဓာတ်ပုံအရိုက်ခံရဖို့ ကိုကို ဘယ်နနှစ်လောက် ကြိုးစားခဲ့ရလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အံမယ်…မိသဲနော်၊ ငါက ဓာတ်ပုံရိုက်ခံဖို့ ဘွဲ့ယူထား တာ မဟုတ်ဘူး"

"ကဲ…သားရယ်၊ မင်းညီမ ဒီလောက် ဓာတ်ပုံရိုက်ချ နေတာ ရိုက်ပါစေ"

"တော်ပါတော့ မာမီရယ်၊ ဓာတ်ပုံဆရာတွေက ရိုက် လိုက်၊ မိသဲက ရိုက်လိုက်နဲ့ သားခြေထောက်တွေတော တောင့်လာပြီ"

ဘွဲ့နှင်းသဘင်ခန်းမရှေ့မှာ ဖြစ်ပါသည်။ ဘွဲ့ယူသူ ဘွဲ့ဝတ်စုံတလွှားလွှားနှင့် မိဘဆွေမျိုးသားချင်း မောင်နှမ သူ ချင်းတွေနှင့် ပျော်တပြုံးပြုံး ဓာတ်ပုံရိုက်နေသူတွေထဲတွင် ရှင်းသ တို့မိသားစုလည်း အပါအဝင်ဖြစ်သည်။

ရှင်းသန့်မှာလည်း ဘွဲ့ဝတ်ရုံတကားကားနှင့် မိသားစု ရိုက်လိုက်၊ သူငယ်ချင်းတွေနှင့် ရိုက်လိုက်မို့ ကြာတော့ စိတ်ည လာရကာ ဖြူသောမျက်နှာမှာ ချွေးစတွေပင် စို့လာရသည်။

"ဟော့…ရှင်းသန့်ကြီး၊ တို့တွေ ပညာတော့စုံပြီနော်"

သူတို့အနားသို့ ကျော်လှမျိုး ရောက်လာပြီး ထိုသို့ပြေ တော့ လင်းသဲက…



"ကိုမှန်ကြီးက အခုမှဘွဲ့ရတယ်၊ မိန်းမယူဖို့ တစ်ခါတည်း ပြင်ဆင်းစားနေပြီ"

"အေးလေ ကိုမှန်ကြီး၊ ခင်ဗျား ဒီအကြံအစည်ကို အကောင်အထည်ဖော်ဖို့ ဘွဲ့ရအောင် မနည်းကြိုးစားခဲ့ရတာပဲ"

"အဟင်း…ဟင်း"

လင်းသဲစကားကို ဦးမင်းသန့်နှင့် ဒေါ်ဖေပရယ်က သဘော ကျသလို ရယ်လိုက်ကြသည်။ မှန်ကြီးဆိုတာက ကျော်လှမျိုး၏ နာမည်ပြောင်။ ပါဝါမျက်မှန်ထူထူကြီးနှင့် သူ့ပုံစံကြောင့် ရင်းနှီး ခင်မင်သူတိုင်းက သူ့နာမည်ရင်း ကျော်လှမျိုးကို မခေါ်ဘဲ နာမည် ပြောင် မှန်ကြီးဟုသာ ခေါ်ကြသည်။

မျက်မှန်ထူထူ၊ ရုပ်ခပ်ဆိုးဆိုးမို့ ကျောင်းသားဘဝ တစ်လျှောက်လုံး သူပိုးပန်းသမျှ မိန်းကလေးတွေ သူများလက်ထဲ ပါသွားတာက များပြီး ကျန်ရစ်ဖြစ်နေခဲ့ခြင်းကို အကြောင်းသိတွေ မို့ လင်းသဲက တမင် ထိုစကားဖြင့် ကလိလိုက်ခြင်းဖြစ်သည်။

"မိသဲနော်…နင် ငါ့ကို လူကြားထဲမှာ ဒေါက်မဖြုတ်နဲ့"

"ငါဆိုလိုတာက ပညာစုံဘွဲ့ရပြီဆိုတော့ ဒီပညာ၊ ဒီဘွဲ့

www.burmeseclassic.com



နဲ့ ဘဝတိုးတက်မှုအတွက် အလုပ်လုပ်လို့ရပြီလို့ ပြောတာ"

"ဩော်…ဒီလိုလား၊ မသိပါဘူး၊ အဲဒါဆိုလည်း ရှင်းအောင် ပြောပါလား ကိုမှန်ကြီးရဲ့၊ ဟဲ ဟဲ"

ပြောင်ချော်ချော် မျက်နှာလေးနှင့် လင်းသဲပုံစံကြော ရှင်းသန့်ပါ ပြုံးမိသွားရသည်။

ကျော်လှမျိုးဆိုသည့် ကောင်ကလည်း လင်းသဲနှင့်ကျလျှ အမြဲတမ်း နိုင်အောင်မပြောတတ်။

လင်းသဲက သွက်သလောက် မဟုတ်မခံမို့ သူဖြုသည်

"ကဲ…ငါတူ ကျော်လှမျိုးတို့ သူငယ်ချင်းတွေနှင့် သာ ကို ဒက်ဒီက ဂုဏ်ပြုတဲ့အနေနဲ့ အဝန်းဖြေခရီးတစ်ခုထွက်ဖို့ ဒက် စီစဉ်ပေးမယ်၊ ဒီတော့ သားတို့သူငယ်ချင်းတစ်တွေ တိုင်ပင်ပြ သားတို့သွားမယ့်ခရီးစဉ်ရရင် ဒက်ဒီကိုပြော၊ ဟုတ်ပြီလား"

"ဟေး…ဒါမှ တို့အန်ကယ်ကွ"

ကျော်လှမျိုးက ဒက်ဒီ့စကားကို သဘောကျစွာဖြ ဆိုသည်။

"ကိုကိုတို့နဲ့ သမီးလည်း လိုက်မှာနော်"

"ဘယ်ဖြစ်မလဲ၊ သမီးက စာမေးပွဲဖြေရဦးမှာမဟုတ်



လား"

"ဟွန်း…မာမိကလည်း"

လင်းသဲ၏ ရှုံ့မဲ့သွားသော မျက်နှာလေးကိုကြည့်ကာ ကျော်လှမျိုးက…

"ကောင်းတယ်၊ အဲဒါ ကိုယ့်စိတ်နဲ့ကိုယ် အကျိုးပေး တာ"

"ကိုမှန်ကြီးနော်"

ရှင်းသန့်က အင်ဂျင်နီယာဘွဲ့ကို မြို့ပြဘာသာအဓိကဖြင့် ဒီကနေ့ ဘွဲ့ယူသည့်နေ့ ဖြစ်သည်။ ရှင်းသန့်ညီမ လင်းသဲက စီးပွားရေးတက္ကသိုလ်၊ ဒုတိယနှစ်ကျောင်းသူ။ တက္ကသိုလ်ကျောင်း သူသာဆိုပေမယ့် လင်းသဲက တကယ့်ကလေးစိတ်။

မောင်နှမနှစ်ယောက်တည်း ရှိသဖြင့် မိသားစုတစ်ခုလုံး မှာ လင်းသဲက ကလေးလို ဆိုးနွဲ့ကောင်းတုန်း။

"မှန်ကြီးရေ…ဒက်ဒီက တို့တစ်တွေကို ဂုဏ်ပြုမှတော့ ဘယ်ကိုသွားကြမလဲဆိုတာကို သူငယ်ချင်းတွေ တိုင်ပင်ဖို့ ညနေ ကျရင် ဆုံကြမယ်"

"အိုကေ…ရှင်းသန့်"

www.burmeseclassic.com

www.burmeseclassic.com



ရှင်းသန့်စကားကို ကျော်လှမျိုးက တက်ကြွစွာ ထောက်ခံသည်။ ရှင်းသန့်ဒက်ဒီ ဦးမင်းသန့်က အောင်မြင်သည့် ကုမ္ပဏီပိုင်ရှင် စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်။

သားသမီးနှစ်ယောက်တည်းရှိသော ရှင်းသန့်နှင့် လင်းသဲကို အလိုလိုက်ပေမယ့် စည်းကမ်းစနစ်တော့ကြီးသည်။ ခုလို ဒက်ဒီက စိတ်လိုလက်ရ ပြောလာသည့်စကားအတွက် ရှင်းသန့်ကိုယ်တိုင်ပင် ခရီးတစ်ခု သွားချင်နေမိသည်။

ညနေဘက်ရောက်တော့ ရှင်းသန့်သူငယ်ချင်းတစ်တွေနှင့် ဆုံနေကျ လက်ဖက်ရည်ဆိုင်တွင် ဆုံမိကြသည်။

"ဘယ်လိုလဲ ရှင်းသန့်၊ မင်းဒက်ဒီကြီးက အရမ်းသဘောကောင်းနေပါလား"

ရှင်းသန့် လက်ဖက်ရည်ဆိုင်ထဲ ဝင်လာလာချင်း ကြိုပြီရောက်နှင့်နေသော ကောင်းသော်က ထိုစကားကိုပြော၏။

"ငါ့ဒက်ဒီက အစကတည်းက သဘောကောင်းပါတယ်ကွ"

"မှန်ပါတယ်၊ မှန်ပါတယ်၊ ဒါပေမဲ့ ဒီတစ်ခါ ထူးထူးခြားခြား ပိုသဘောကောင်းနေလို့ပါ"



"ဒါကတော့ကွာ ပူပူနွေးနွေး ဘွဲ့ယူထားတဲ့ တို့တစ်တွေရဲ့ ကြိုးစားမှုအတွက် အန်ကယ်က ဂုဏ်ပြုတဲ့သဘောနဲ့ ပို့ပေးမှာလို့ ပြောထားတာပဲ"

မှန်ကြီးက ရှင်းသန့်နှင့်ကောင်းသော် မျက်နှာတို့ကို ကြည့်ကာ ဆိုလိုက်တော့ ကောင်းသော်က…

"ဘွဲ့ရတဲ့အထိ မှန်ကြီးမှာ ရည်းစားတစ်ယောက်မှ မရတဲ့အတွက် ဒီခရီးမှာ အကောင်အထည်ဖော်စေချင်လို့ထင်တယ်"

"ဟား…ဟား…ဟား"

ပြောလည်းပြော၊ ရယ်လည်းရယ်နေသော ကောင်းသော်ကို မှန်ကြီးက 'ပြဿာမြူးနေပြီ' ဟု ကောင်းချီးပေးသည်။

"တို့တစ်တွေ ဘယ်ကိုသွားရင် ကောင်းမလဲ"

"ချောင်းသာ"

"ရိုးနေပြီ"

"ငွေဆောင်"

"ဒါလည်းရိုးနေပြီ"

"ဒီတစ်ခါ ခရီးဝေးဝေးသွားချင်တယ်ကွာ"

ရှင်းသန့်က ထိုသို့ပြောတော့…

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မန္တလေးဘက် ခရီးထွက်ကြမယ်ကွာ၊ အဲဒီဘက်ကို တို့တစ်တွေ တစ်ခေါက်မှ မရောက်သေးဘူး၊ မန္တလေးမှာလည်ပြီး တောင်သမန်အင်းတို့၊ စစ်ကိုင်းတို့ဘက်လည်း လည်လို့ရတာပေါ့"

"ကောင်းတယ်ဟ၊ ကောင်းသော်ပြောတာ ကောင်းတယ်"

"ဟုတ်တယ်၊ ဒါ အကောင်းဆုံးပဲ"

ရှင်းသန့်နှင့် ကျော်လှမျိုးကပါ ကောင်းသော်စကားကို ထောက်ခံလိုက်ကြသည်။

"အိုကေ...ဒါဆို ဒီခရီးစဉ်ကိုပဲ တို့တစ်တွေ ရွေးလိုက်မယ်"

"ဒက်ဒီ့ကို ပြောလိုက်တော့မယ်နော်"

"ပြောလိုက်တော့"

ကောင်းသော်နှင့် ကျော်လှမျိုးတို့နှစ်ယောက် သံပြိုင်ပြောလိုက်သဖြင့် ဘေးနားက လက်ဖက်ရည်ဝိုင်းတွေ လှည့်ကြည့်ကုန်ကြသလို သူတို့၏ ရယ်သံများလည်း ညံစီသွားကြပါသည်။

❖ ❖ ❖

လှပသော နီယွန်မီးများအောက်မှာ အဝေးပြေးမှန်လုံအိတ်ပရက်ကားကြီးက တရွေ့ရွေ့ ခရီးစတင်ထွက်ခွာလာခဲ့ပေပြီ။

ရှင်းသန့်တို့က ကားလက်မှတ်ခုံနံပါတ်ကို တစ်တန်းတည်းယူလို့ရပေမယ့် မယူဘဲ ရှေ့နောက် သုံးယောက်သား စကားပြောလို့ရအောင် ရှေ့ခုံနှင့်နောက်ခုံ ယူသဖြင့် ရှေ့ခုံတွင် ရှင်းသန့်နှင့် ကောင်းသော် ထိုင်၍ သူတို့နောက်ခုံတွင်တော့ မှန်ကြီးထိုင်သည်။

တဖြည်းဖြည်းနှင့် အရှိန်ရလာပြီဖြစ်သော မှန်လုံအိတ်ပရက်ကားကြီးက တာထွက်မှ လွှတ်လိုက်သော မာရသွန်အပြေးသမားတစ်ယောက်လို အဝေးပြေးလမ်းမကြီးပေါ်မှာ အရှိန်နှင့် မရပ်မနား ပြေးလွှားလျက်ရှိနေပြီ။

ကားထဲတွင်တော့ ကားပေါ်က ဖွင့်ထားသော သီချင်းသံစဉ်နှင့်အပြိုင် ရှင်းသန့်တို့အဖွဲ့၏ စကားများကလည်း တိုးမပေါက်

www.burmeseclassic.com

www.burmeseclassic.com



နိုင်အောင် ဖြစ်နေရသည်။

"ဟော့ကောင် မှန်ကြီး၊ ရှင်းသန့်တို့များ ဘယ်လောက် အကျိုးပေးကောင်းသလဲ၊ အခု ငွေလိုချင်ငွေ၊ ရွှေလိုချင်ရွှေ၊ လိုတာရ ဘိုးတော်လိုပဲနော်"

ကောင်းသော်က ထိုသို့ပြောတော့

"အဲဒီဘိုးတော်ကို မှီပြီး အခု ငါတို့လိုက်လာရတာမဟုတ် လား"

"ဟုတ်ပါတယ်ကွာ၊ ငါဆိုလိုချင်တာက ဘိုးတော်လို ဘ၀အကျိုးပေးကောင်းပုံကို ချီးကျူးနေတာပါ၊ ငါ ဒီလောက် မြှောက်နေတာတောင်မှ ကားခဏနားရင် ဘီယာလေးဘာလေး တိုက်မယ်လို့ မပြောဘူး"

"ဟော့ကောင် ဘိုးတော်တွေ၊ ဘတ်တော်တွေ လာလုပ် မနေနဲ့၊ ဘာမှမတိုက်ဘူး၊ ဒက်ဒီက ခရီးစဉ်အားလုံးအတွက် စီစဉ် ပေးတာမှန်ပေမယ့် အဲဒီခရီးစဉ်ထဲမှာ မင်းတို့ကို ဘီယာတိုက်ဖို့ အစီအစဉ် လုံးဝမပါဘူး"

ရှင်းသန့်က ခပ်တည်တည်မျက်နှာပေးနှင့် ပြောလိုက် သည်။ ရှင်းသန့်စကားကြောင့် ကောင်းသော်က မျက်နှာငယ်လုံး



လေးဖြင့်...

"ဒီလိုဆိုရင်လည်း တို့ဘာသာပဲ ၀ယ်သောက်ရတော့မှာ ပေါ့၊ အလှူရှင်ကမှ မသဒ္ဓါတဲ့ ဒီဘီယာကို ကိုယ့်ပိုက်ဆံနဲ့ကိုယ်ပဲ အ၀၀ယ်သောက်လိုက်မယ်"

ကောင်းသော်က ရှင်းသန့်ကို ရွဲ့ပြီးပြောသည်။

"ကဲပါကွာ...ငါ့ဒက်ဒီရဲ့စေတနာ၊ မေတ္တာတွေ အလကားဖြစ်မှာစိုးလို့ မင်းတို့ အငမ်းမရသောက်ချင်တဲ့ ဘီယာဖိုး ကိုလည်း ငါပဲ ဒကာခံလိုက်ပါတော့မယ်"

"ဟဲ...ဟဲ အစကတည်းက ဒီလိုလုပ်စမ်းပါ သူငယ် ချင်းရယ်၊ သူငယ်ချင်း ဒီလောက်မတွန့်တိုတတ်ဘူးဆိုတာ ငါတို့သိ ပါတယ်၊ ဒီလို အများဆန္ဒကို ဖြည့်ဆည်းပေးတဲ့အတွက် ရှင်းသန့်ဆို တဲ့ ငါ့သူငယ်ချင်း မိန်းကလေးချောချောလေးနဲ့ ညားပါစေ၊ ဟုတ်တယ်မဟုတ်လား မှန်ကြီး"

"ဟုတ်တယ်၊ ဟုတ်တယ်"

ကောင်းသော်စကားကို ပြုံးစိစိဖြင့် မှန်ကြီးက ထောက်ခံ သည်။ မန္တလေးသို့သွားသော အဝေးပြေးအိတ်ပရက်ကားကြီးက သေတစ်ရာလမ်းပေါ်မှာ ပြေးကောင်းနေဆဲ။ သူတို့စကားကို ရှင်းသန့်

www.burmeseclassic.com



ဘာမှပြမ်းခြောက်တဲ ပြုံးရုံသာနေမိသည်။

ဒီသူငယ်ချင်းတွေက တက္ကသိုလ်ကျောင်းသားဘဝ ကာလတစ်လျှောက်လုံး တွဲလာခဲ့သည့် သူငယ်ချင်းများ။ တကယ်တော့ တစ်ယောက်နှင့်တစ်ယောက် ညီအစ်ကိုရင်းပမာ ပြောမနာ ဆိုမနာများဖြစ်သည်။

မကြာမီ ကားထဲကမီးများ ထိန်လင်းအောင် ဖွင့်လိုက်ပြီး

"ကားပေါ်မှာ လိုက်ပါစီးနင်းလာတဲ့ ခရီးသွားဧည့်သည်များခင်ဗျား မကြာမီအချိန်မှာ ကျွန်တော်တို့ကားဟာ ခရီးတစ်ခေါက်နားပါမယ်၊ နာရီဝက် အချိန်ရပါတယ်၊ လက်ဖက်ရည်၊ မုန့်၊ ထမင်းစတဲ့ စားသောက်ဖွယ်ရာများကိုလည်း သုံးဆောင်နိုင်သလို ကျန်းမာရေးအတွက်လည်း စားသောက်ဆိုင်နောက်မှာ သွားလို့ရပါတယ် ပိုက်ဆံအိတ်နဲ့အတူ တန်ဖိုးရှိတဲ့ပစ္စည်းတွေကိုတော့ ကိုယ်နဲ့မကွာ ယူဆောင်သွားကြဖို့ မေတ္တာရပ်ခံပါတယ်"

ကားစပယ်ယာစကားကြောင့် ခရီးသည်တွေအားလုံး ကိုယ်စီကိုယ်စီ ကားပေါ်မှ ဆင်းလိုက်ကြသည်။

ရှင်းသန့်တို့အဖွဲ့လည်း ကားပေါ်မှဆင်းဖို့ ပြင်လိုက်ကြသည်။



"ရှင်းသန့် ဆင်းမယ်လေ"

ကောင်းသော်တို့က ခရီးသည်များနှင့် ရောထွေးဆင်းရန် ပြင်နေရာမှ ရှင်းသန့်ကို ပြောလိုက်သည်။

"လူရှင်းမှပဲ ဆင်းမယ်ကွာ၊ မင်းတို့အရင်ဆင်းနှင့်"

"ဒါဆိုလည်း ပြီးမှဆင်းခဲ့၊ ငါတို့တော့ ဝိတ်လျှော့ချင်လို့ ဆင်းတော့မယ်"

ခရီးသည်များ ရှင်းမှဆင်းရန် စဉ်းစားပြီး ရှင်းသန့် ထိုင်ခုံမှာ ခေတ္တခဏ ထိုင်နေလိုက်သည်။

လူအားလုံး ဆင်းသွားတော့မှ ရှင်းသန့် ထိုင်ခုံမှထလိုက်သည်။ ကားပေါ်မှ ဆင်းရန်ပြင်စဉ်ခဏ ရှင်းသန့်နည်းတူ လူအရှင်းကို စောင့်နေဟန်တူသော မိန်းကလေးနှင့် အမှတ်မထင် အကြည့်ချင်း ဆုံသွားရသည်။

ဖျတ်ခနဲ လှမ်းကြည့်လာသော မိန်းကလေး၏ တောက်ပသော မျက်နက်ဝန်းကလေးက ရှင်းသန့်ရင်ကို လှုပ်ခတ်သွားရ၏။

ရှင်းသန့် ကားပေါ်မှဆင်းလိုက်တော့ သူ့နောက်ပါးမှ မိန်းကလေးက ကပ်လျက်ဆင်းလာသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဟာ…ရှင်းသန့် ပိုင်တယ်ကွာ"

"ဘာပိုင်တာလဲ"

စားသောက်ဆိုင်တွင် ထိုင်နေကြသော ကျော်လှမျိုးနှ
ကောင်းသော်က သူဝင်လာတာနှင့် ထိုစကားကို ပြော၏။

"မင်းနောက်က အလှမဒီလေး လိုက်ဆင်းလာနိုင်အော
မင်း လှုပ်ရှားပုံလေးက ယဉ်လို့ပါ"

"ဘာမှမပိုင်ဘူး၊ အဲဒီမိန်းကလေး ကားပေါ်မှာရှိမှ
တောင် ငါမသိဘူး"

"ဟုတ်လို့လားကွာ၊ ဒီအကွက်ကိုမြင်လို့ မင်း တမ
နောက်ချန်နေခဲ့တာ မဟုတ်လား"



"မှန်ကြီး…မင်းစိတ်နဲ့နှိုင်းပြီး လျှောက်ပြောမနေနဲ့"

"မပြောတော့ပါဘူးကွာ၊ ကိုယ့်ဘာသာပဲ ရှုစားပါတော့
မယ်"

"လှတာတော့ အရမ်းလှတယ်ကွာ၊ ငါတို့မျက်လုံးတွေ
ဘာကြောင့် ဒီလောက်လှတဲ့ မိန်းကလေး ကားပေါ်ပါလာတာကို
မသိရတာပါလိမ့်"

ကောင်းသော်က တစ်ဖက်စားပွဲဝိုင်းမှာ အဖော်ဖြစ်ဟန်တူ
သော မိန်းကလေးတစ်ယောက်နှင့် ထိုင်နေသော မိန်းကလေးကို
ကြည့်ရင်းက ပြောသည်။

"ကောင်းသော်ပြောတာ မှန်တယ်၊ ကျောင်းတက်တုန်း
ကတောင် ဒီလောက်လှတဲ့ မိန်းကလေးမျိုး မတွေ့ဘူး"

"ဒီခရီးစဉ်မှာ မပျင်းတော့ဘူးကွာ၊ ဒီမဒီလေးက ငါတို့
အဖွဲ့ထဲက တစ်ယောက်ယောက်နဲ့ ခရီးကြုံဖူးစာများ ဖြစ်နေမလား
ဲ"

"တော်တော်လာတဲ့ကောင်၊ ဟိုက မင်းတို့ကို ဂရုတောင်
စိုက်ဘူး"

ရှင်းသန့်က ကောင်းသော်ကိုပြောရင်း ထိုမိန်းကလေးကို

www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်လိုက်သည်။

အဖော်မိန်းကလေးနှင့် စကားပြောပြီး အအေးသောက်

သော သူမလေးက သူတို့ရှိရာဘက်သို့ နည်းနည်းလေး

လှည့်ကြည့်မလာပါ။

"သူများတော့ သူကပြောတယ်၊ သူ့မျက်လုံးကတော့

ပြူးစားခံနေရပြီ"

ကောင်းသော် ရှင်းသန့်ကိုကြည့်ပြီး ခနဲ့စကားဆို

ဒီတော့မှ ရှင်းသန့်က မိန်းကလေးထံမှ အကြည့်ကို လွှဲလိုက်

"ဘာလဲ...မနာလို ဖြစ်နေတာလား"

"မနာလို မဖြစ်ပါဘူး၊ လောလောဆယ် ဘီယာ

အတွက် ဒကာခံထားတဲ့ သူငယ်ချင်းကို မနာလိုဖြစ်လို့ဘယ်ရမ

ငါတို့အဖွဲ့ထဲမှာ မင်းက ရုပ်ပါအဖြောင့်ဆုံးပဲ၊ ငြိချင်းငြိ မင်းနဲ့ငြိဖို့

ရာခိုင်နှုန်း တော်တော်များနေတယ်"

"ရှင်းသန့်...မင်း ကြွေသွားပြီလား"

မှန်ကြီးက ရှင်းသန့်မျက်နှာကို ကြည့်ကာမေး၏။

"ကြွေသွားလားတော့မသိဘူး၊ လောလောဆယ် ရင်

မှာတော့ နည်းနည်းလှုပ်ခတ်နေတယ်"



"ဒါဆို မင်း သွားမိတ်ဆက်ပါလား"

"အဲဒီလောက်ထိ ငါမကြောင်သေးဘူး၊ မင်းတို့နဲ့ စကား
ပြောနေတာနဲ့ ဘာမှမစားရဘဲ ဖြစ်နေဦးမယ်"

"ခေါက်ဆွဲကြော်တစ်ပွဲ ပေးပါ"

စားပွဲထိုးကောင်လေးကို ရှင်းသန့် မှာလိုက်သည်။

စားသောက်ပြီးတော့ မကြာမီ ကားစပယ်ယာလေး၏အသံ
ကို ကြားရသည်။

"ခရီးသည်တွေအားလုံး ကားပေါ်တက်လို့ရပါပြီ"

ခရီးသည်တွေ ကားပေါ်တက်တော့ တိုက်ဆိုင်စွာပင် သူမ
က ရှင်းသန့်ရှေ့မှ ကားပေါ်တက်လိုက်သည်။

ကားပေါ်ရှိ ခြေနင်းခုံသို့ မိန်းကလေးကအတက် သူမ၏
ခေါက်မြင့်ဖိနပ်လေးကြောင့် ဟန်ချက်ပျက်သွားသော သူမကိုယ်
လေးကြောင့် ရှင်းသန့် မိန်းကလေးလက်မောင်းကို ကိုင်ကာ ဖေးမ
လိုက်မိသည်။

"အို"

သူမလက်မောင်းလေးကို ဖေးမထိန်းကူလိုက်သည့်
ရှင်းသန့်ကို မိန်းကလေးက ကျေးဇူးတင်ဟန်ဖြင့် ကြည့်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲနော်"

"ရပါတယ်"

မျက်ဝန်းချင်း ဆုံမိကြသည်။ ကားပေါ်ပြန်ရောက်တော့ မိန်းကလေးထိုင်သောခုံက ရှင်းသန့်နှင့် မျက်စောင်းထိုးနေရာဖြ သည်။ ရန်ကုန်က ထွက်ကာစက ရှင်းသန့်မှာ မိန်းကလေးကို အမှတ်တမဲ့မို့ သတိမထားမိခြင်းဖြစ်သည်။

ယခုတော့ ရှင်းသန့်မှာ မိန်းကလေးကို ဂရုပြုမိလာသည် ကားထွက်ပြီးနောက် မိန်းကလေးကို သူလှမ်းကြည့်မိစဉ်ခဏ သူ ရာ နောက်ဖက်သို့ ဖျတ်ခနဲ လှည့်ကြည့်လာသည့် သူမမျက်ဝ အကြည့်ကြောင့် ရှင်းသန့်က ပြုံးပြလိုက်သည်။

သူမကလည်း မသိမသာ ပြန်လည်ပြုံးပြသည်ကို တွေ့ သည်။ သူမရဲ့ ဟန်အမူအရာကြောင့် သူမနံဘေးမှာထိုင်နေသော ရတနာက သူမကို လက်ကုတ်ရင်းက…

"ဟဲ့…သင်းရန့်၊ ဘာဖြစ်နေတာလဲ"

"ငါက ဘာဖြစ်နေလို့လဲ ရတနာရယ်"

"အေးလေ…ဘာမှမဖြစ်ရင်လည်း ပြီးရောပေါ့၊ ဒါပေမဲ့ တစ်ခုတော့ သတိပေးထားမယ်နော် သင်းရန့်၊ နင့်ကို နင့်ရဲ့မိဘတွေ



က သဘောတူထားတဲ့သူ ရှိတယ်ဆိုတာကိုလည်း မေ့မသွားနဲ့ဦး"

"သွားစမ်းပါဟာ၊ အဲဒီအကြောင်းတွေ ထည့်မပြောစမ်း ပါနဲ့၊ စိတ်ရှုပ်လို့ နင်နဲ့လိုက်လာပါတယ်ဆိုမှ နင်က ဒီအကြောင်း တွေကို လာပြောနေရတယ်လို့"

ရတနာ့စကားကြောင့် သင်းရန့်၏ လှပလွန်းသော မျက်နှာ လေးက စိတ်ညစ်စိတ်ရှုပ်သွားဟန် မှုန်တည်တည်လေး ဖြစ်သွားရ ၏။

"အေးပါဟယ်…နင်မကြိုက်ရင်လည်း ငါမပြောတော့ ပါဘူး၊ ငါက စေတနာနဲ့ ပြောတာပါ"

"ကဲ…ဒါတွေထားလိုက်ပါတော့၊ ဟိုကျရင်တည်းဖို့ နင့်အဒေါ်တွေကို သေချာဖုန်းဆက်ထားရဲ့လား"

"ဒီအတွက် ဘာမှမပူနဲ့၊ ငါ့အဒေါ်တွေ သေချာပြောထား ပြီးသား၊ ကားဂိတ်မှာ သူတို့လာကြိုမယ်တဲ့"

ထို့နောက် သင်းရန့်နှင့် ရတနာတို့ စကားစပြတ်သွားကြ သည်။ ရတနာ၏ အဒေါ်တွေက မန္တလေးမှာရှိသည်။ သင်းရန့်မှာ သည်း မန္တလေးကို တစ်ခေါက်မှမရောက်ဖူးသဖြင့် ရတနာနှင့်အတူ လိုက်လာခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သင်းရနံ့နှင့် ရတနာက ဆယ်တန်းနှစ်ကတည်းက အ
အချိန်အထိ အတူတွဲလာကြသည့် အရင်းနှီးဆုံးသူငယ်ချင်းတွေ
ညအိပ်မီးလုံးလေးတွေသာ ဖွင့်ထားသည့် ရန်ကုန်-
မန္တလေး အဝေးပြေးမှန်လုံကားကြီးက ညအမှောင်ထုကို ဖြိုခွင်းလျက်
သူလိုရာပန်းတိုင်သို့ ခရီးနှင်နေဆဲ။

❖ ❖ ❖

"ခရီးသည်များခင်ဗျား မန္တလေးရောက်ပါပြီ"

ကားစပယ်ယာအသံနှင့်အတူ ကားကြီးက အဝေးပြေးကားဂိတ်ထဲသို့ ဝင်လာပါပြီ။

"ဟော့ကောင်တွေ ရောက်ပြီ၊ ထတော့"

ရှင်းသန့်မှာ အိပ်ပျော်၍ကောင်းနေသော ကျော်လှမျိုးနှင့်ကောင်းသော်ကို နှိုးလိုက်ရင်း မျက်စောင်းထိုးခုံမှ မိန်းကလေးရှိရာသို့ အကြည့်ရောက်မိသည်။

ပိုးသားပမာ နက်မှောင်ပျော့အိသော ဆံနွယ်ရှည်ရှည်များကပိုကရိုနှင့် သူမ၏လှပလွန်းသော မျက်နှာလေးကို မြင်ရသည်။

မိန်းကလေးက ဘယ်လိုဆုတောင်းကြောင့် ဘယ်အချိန်ကြည့်ကြည့် လှပလွန်းနေသည်မသိပါ။

www.burmeseclassic.com

www.burmeseclassic.com



အဖော်မိန်းကလေးနှင့်အတူ ကားအပေါ်တန်းမှ သူမတို့၏ အဝတ်အိတ်များကို လှမ်းယူနေသည်။

ရှင်သန့်လည်း အဝတ်အိတ်များကို ယူလိုက်သည်။

ကောင်းသော်နှင့် ကျော်လှမျိုးတို့မှာလည်း အိပ်ချင်မူးတူး ဖြင့် ထလိုက်ပြီး ရှင်သန့်လက်ထဲက အဝတ်အစားအိတ်များကိုယူ ကာ ကားပေါ်မှ ဆင်းလိုက်ကြသည်။

"အစ်ကိုတို့ ကားဝှားမလား"

ကားအောက်ရောက်သည်နှင့် အလုအယက်မေးနေကြ သည့် အငှားကားမောင်းသူများများအား ရှောင်ရှားရင်း သူတို့ထွက် လာကြသည်။

"ရှင်သန့်...တို့ ဘယ်မှာတည်းမလဲ"

"အန်ကယ်က ဘယ်လိုစီစဉ်ထားလဲ"

ကောင်းသော်နှင့် ကျော်လှမျိုးအမေးကို

"မင်းတို့ ဘာမှပူမနေကြနဲ့၊ ဒက်ဒီ အားလုံးစီစဉ်ပေးပြီး သား"

"ဒါဆို အေးဆေးပေါ့ကွာ"

"ရှင်သန့် မင်းမဒီလေးကို နှုတ်မဆက်တော့ဘူးလား၊



ဟိုမှာ ကားငှားမလို့လားမသိဘူး"

ခပ်လှမ်းလှမ်းတွင် ရပ်နေသော သူမနှင့် သူမသူငယ်ချင်း ကို တွေ့ရသည်။

ရှင်သန့် သူမတို့ရှိရာသို့ လှမ်းမည်ပြင်ခိုက် သူမတို့အား သာကြိုပုံရသော ကားတစ်စီးကို မြင်ရသည်။

ရှင်သန့် ရှေ့ဆက်မသွားတော့ဘဲ နေရာတွင်ပင် ရပ်နေစဉ် လာကြိုသော ကားလေးပေါ်သို့ သူမတို့ တက်လိုက်ကြသည်။

ကားပြတင်းပေါက်ဘေးတွင် ထိုင်နေသည့် မိန်းကလေးက အပြင်သို့ လှမ်းအကြည့် သူမထံသို့ အကြည့်ရောက်နေသော ရှင်သန့်၏ မျက်ဝန်းများနှင့် အကြည့်ချင်း ဆုံသွားရပြန်သည်။

တစ်ယောက်နှင့်တစ်ယောက် ခရီးလမ်းတစ်ခုမှာ တွေ့ဆုံ ခဲ့ရပေမယ့် အချိန်တန်တော့ ကိုယ့်လမ်းကို ကိုယ်သွားရမည်သာ။

သူမ အမည်လေးပင် သိခွင့်မရလိုက်သည့်အဖြစ်က ရှင်သန့်အတွက်တော့ ရင်ထဲမှာ ဟာတာတာဖြစ်ကျန်ရစ်ခဲ့ရပြီ။

ရှင်သန့် သူမကို ပြုံးပြလိုက်တော့ သူမက အပြုံးလေး ဖြင့် ပြန်လည်နှုတ်ဆက်သည့်ခဏ သူမတို့ကားလေးက သူ့မြင်ကွင်း မှ ထွက်ခွာသွားခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရှင်းသန့်ရှင်ထဲတွင်တော့ အမျိုးအမည် ခွဲခြားရခက်သော [illegible]တမ်းရိုးဖြင့် နေရာမှာပဲ ငူငူကြီးရပ်နေမိသည်။

ခင်လေး ဘယ်သူလဲကွယ်။

❖ ❖ ❖

## အခန်း (၃)

ခြံရှေ့တွင် တပ်ထားသော လူခေါ်ဘဲလ်ကို နှိပ်လိုက်တော့ ခြံစောင့်ဖြစ်ဟန်တူသော လူကြီးတစ်ဦး ထွက်လာသည်။

"ဘာကိစ္စလဲ ငါ့တူတို့"

"ရန်ကုန်က ဦးမင်းသန့်သား ရှင်းသန့်ပါ၊ အန်ကယ် ဦးမျိုးကျော်နဲ့ တွေ့ချင်လို့ပါ"

"ဩော်…ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဆရာကြီး သေချာမှာထားပါတယ်၊ လာ ငါ့တူတို့"

ခြံစောင့်လူကြီးက တံခါးဖွင့်ပေး၏။

"မောင်ရင်လေးတို့ လွတ်လွတ်လပ်လပ်နေဖို့ ဒီဘက်တိုက်ကို ရှင်းထားပါတယ်၊ ဆရာကြီးကတော့ ဆေးရုံသွားပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သရက်ကြီးညီတော့ ရှိပါတယ်''

ဒေါက်တာဦးမျိုးကျော်က အထူးကုဆရာဝန်ကြီး၊ ဒက်ဒီ နှင့်တော့ ကျောင်းနေဖက် ငယ်သူငယ်ချင်းတွေ။

အန်ကယ်ဦးမျိုးကျော်နှင့် ရှင်းသန့်မှာ ရင်းနှီးပေမယ့် ဦးမျိုးကျော်မိသားစုနှင့်သာ မဆုံဖြစ်ခဲ့ခြင်းဖြစ်သည်။ ဘာကြောင့် လဲဆိုတော့ ရန်ကုန်လာတိုင်း အန်ကယ်ဦးမျိုးကျော်က ရှင်းသန့်တို့ အိမ်မှာပင် တည်းခိုနေကျဖြစ်သောကြောင့် ဖြစ်သည်။

ကျယ်ဝန်းသော ခြံကြီးထဲတွင် ခန့်ညားသော နှစ်ထပ် တိုက်ကြီးနှင့်အတူ တစ်ထပ်တိုက်ပုကလေးတစ်လုံး သပ်သပ်ဆောက် လုပ်ထားသည်ကို တွေ့ရသည်။

ခြံစောင့်ဦးလေး ခေါ်ဆောင်လာသော တိုက်လေးထဲတွင် သူတို့ပစ္စည်းတွေကို နေရာချထားလိုက်သည်။

''မှန်ကြီးတို့ ပစ္စည်းတွေထားပြီးရင် ဟိုဘက်တိုက်သွား ရအောင်''

ပစ္စည်းများထားပြီးနောက် ဒက်ဒီနှင့်မာမီ စီစဉ်ပေးလိုက် သော လက်ဆောင်ပစ္စည်းထုပ်များကို ယူပြီး တစ်ဖက်တိုက်ကြီးဆီ သို့ လာခဲ့ကြသည်။



''ရှင်းသန့်...တိုက်ကြီးက ကောင်းလှချည်လား''

ခေတ်မီ ဗိသုကာလက်ရာဖြင့် ဒီဇိုင်းဆန်းဆန်း ဆောက် လုပ်ထားသော တိုက်ကြီးက ရန်ကုန်သား သူတို့အတွက် အမြင်ဆန်း နေသည်မှာတော့ အမှန်။

''ဒါပေါ့ကွာ၊ ဒက်ဒီပြောပြသလောက်တော့ အန်ကယ် ဦးမျိုးကျော်က မျိုးရိုးစဉ်ဆက် ချမ်းသာခဲ့တဲ့သူလို့ ပြောတာပဲ''

''မိသားစုကော မရှိဘူးလား၊ လူသိပ်မတွေ့ရလို့''

''ဒါတော့ ငါလည်းမသိဘူး''

တိုက်ကြီး၏ ဧည့်ခန်းထဲတွင် ခေတ်မီခန့်ညားသော တန်ဖိုး ကြီးပစ္စည်းများကို တွေ့ရသည်။

''လာ...သားတို့၊ အစ်ကိုကြီးက ပြောထားပါတယ်၊ သားတို့လာမယ်ဆိုတဲ့အကြောင်း''

ဧည့်ခန်းထဲတွင် အဆင်သင့်ပင် အန်ကယ်ဦးမျိုးကျော်နှင့် ရုပ်ချင်းဆင်သော အမျိုးသမီးကြီးက ဖော်ရွေစွာ ဆီးကြို၏။

''ဟုတ်ကဲ့ပါ အန်တီ''

''အန်တီက ဒေါ်မိုးသူပါ၊ အစ်ကိုကြီး ဦးမျိုးကျော်ရဲ့ ညီမပါ၊ ဟိုဘက်တိုက်မှာ သားတို့ လွတ်လွတ်လပ်လပ်နေလို့ရ

www.burmeseclassic.com

www.burmeseclassic.com



အောင် စီစဉ်ထားတယ်"

"အန်တီတို့ကို ဘာမှ အားနာစရာမလိုဘူး"

"ကျေးဇူးတင်ပါတယ် အန်တီ၊ ဒါက အန်တီနဲ့အန်ကယ်တို့အတွက် ဒက်ဒီနဲ့မာမီက လက်ဆောင်ပေးလိုက်တဲ့ပစ္စည်းတွေပါ"

"ကျေးဇူးတင်ပါတယ်ကွယ်၊ အစ်ကိုကြီးကတော့ ညဘက်ကျမှ ပြန်ရောက်မလားမသိဘူး"

"ဟုတ်ကဲ့ အန်တီ၊ ညဘက်ကျမှ ကျွန်တော်တို့ လာတွေ့ပါ့မယ်"

"ကောင်းပါပြီ၊ ကဲ ခရီးပန်းလာကြတယ်ဆိုတော့ အေးအေးဆေးဆေး အနားယူကြဦးပေါ့"

"စားသောက်ဖို့လည်း အားလုံးစီစဉ်ထားတယ်နော်၊ ဒီမှာစားကြ"

"အားနာစရာ အန်တီရယ်"

"အားနာစရာ မရှိပါဘူး၊ အန်တီတို့က မိသားစုနည်းတော့ ဧည့်သည်လာရင် ပျော်တောင်ပျော်နေသေးတယ်"

"ဟုတ်ကဲ့...ဒါဆိုလည်း အန်တီ ပိုပျော်သွားအောင် ကျွန်တော်တို့ များများစားပေးပါ့မယ်"



"အေးကွယ်...စားပါ၊ စားပါ"

ကျော်လှမျိုးက အန်တီမိုးသူဇာကားကို အရွှန်းဝင်ဖောက်လိုက်သဖြင့် ရယ်သံများ ညံသွားကြသည်။

တစ်ထပ်တိုက်ပုလေးက ကြိုပြီး ရှင်းလင်းထားပုံရသဖြင့် သန့်ရှင်းသပ်ရပ်နေပါသည်။ အိပ်ခန်းနှစ်ခန်းပါရှိသဖြင့် ရှင်းသန့်က တစ်ခန်း၊ ကောင်းသော်နှင့် ကျော်လှမျိုးက တစ်ခန်း နေရာယူလိုက်ကြသည်။

သုံးယောက်သား ရေမိုးချိုးပြီးနောက် အိမ်ဖော်အဒေါ်ကြီးလာပို့သော ကော်ဖီနှင့်မုန့်ကို ဧည့်ခန်းမှာပင် အသာပြေ စားသောက်ကြသည်။

"ဟေ့...ရှင်းသန့် တစ်ယောက်တည်း ဘာတွေတွေးနေတာလဲ၊ စောစောက ကားပေါ်မှာတွေ့ခဲ့တဲ့ မဒီလေးကို သတိရနေတယ်ထင်တယ်"

ကောင်းသော်က ပြုံးစစမျက်နှာဖြင့် ပြောလိုက်သည်။ ရှင်းသန့်လည်း ရှင်းသန့်မှာ ကားပေါ်တွင်တွေ့ခဲ့သော မိန်းမလေးအကြောင်းကို စဉ်းစားနေမိသဖြင့်...

"မင်းကလဲကွာ"

www.burmeseclassic.com

www.burmeseclassic.com



အရှက်ပြေစကားကို ရှင်းသန့်က ဆိုလိုက်တော့

"မင်းကလည်းကွာတွေ ဘာတွေ လုပ်မနေနဲ့၊ ကား...
မှာကတည်းက ကောင်မလေး မင်းကို ပြုံးပြုံးပြနေတာ ငါမသိ...
ထင်လား၊ မင်းတော်တော် အာစလျှာစနည်းတဲ့ကောင်ပဲ၊ ငါ...
မှင်းနေရာမှာဆိုရင် ကောင်မလေးကို ငါ ဝင်ရောမိပြီ"

"ဩော်...ကောင်းသော်၊ အာစလျှာစ သွက်တာ...
မပြောနဲ့၊ ကျောင်းမှာတင် သူရည်းစားအချင်းချင်း သတ်ပွဲမဖြစ်...
က်ကောင်း"

ကောင်းသော်အား ကျော်လှမျိုးက နှိပ်ကွပ်လိုက်သ...

ကျော်လှမျိုး ပြောမယ်ဆိုလည်း ပြောစရာ။ ကောင်း...
က ကျောင်းမှာကတည်းက မိန်းကလေးတွေနှင့် ပတ်သက်...
ကြွေလောက်အောင် ပြောတတ်သူ။

ရုပ်မချောပေမယ့် ကောင်းသော် စကားပြောကော...
ကြောင့် မိန်းကလေးတွေက ကောင်းသော်နှင့် ရည်းစားများဖြ...
ကောင်းသော် ရည်းစားအချင်းချင်း ရန်ပွဲဖြစ်မတတ် ဖြစ်ခဲ့သူ...

နောက်ဆုံး ကောင်းသော် ရည်းစားများတာကို သိသွား...
ပြီး မိန်းကလေးတွေက ကောင်းသော်၏စကားများကို မယုံကြ...

...င်တော့သည့်အထိ စကားပြောကောင်းလွန်းသူ။

ရှင်းသန့်က မိန်းကလေးတွေနှင့် ပတ်သက်လျှင် လိုက်
...ယျာညီတွေ ဆက်ဆံတတ်သည်ကလွဲ၍ တည်တည်တံ့တံ့နေထိုင်
...ခဲ့သူ။

ဒါကြောင့်လည်း ကျောင်းမှာ ရှင်းသန့်ကို မိန်းကလေးတွေ
...က အထင်ကြီးကြသည်။ ရှင်းသန့်နှင့် လာရောက်မိတ်ဖွဲ့သည်အထိ
...ပင် ရှင်းသန့်က ကျောင်းရဲ့ မိန်းကလေးတွေ လောကမှာ ရေပန်းစား
...ခဲ့သူ။

သို့ပေမယ့် ရှင်းသန့် ဘယ်မိန်းကလေးကိုမှ စိတ်မလှုပ်ရှား
...ခဲ့တာလည်း သူကိုယ်သူ အသိဆုံးဖြစ်သည်။

အခုတော့ ရှင်းသန့်မှာ ခဏတာ တွေ့မြင်လိုက်ရသည့်
...မိန်းမလှလေးကို ပြန်မြင်ယောင်မိနေခြင်းက ဆန်းသည်။

အမည်လေးပင် သိခွင့်မရလိုက်သော မိန်းမလှလေး၏
အပြုံးလေးတွေက ရှင်းသန့်ရင်ကို လှုပ်ခတ်စေခဲ့တာအမှန်။

ဘာကြောင့်များ သည်အပြုံးလေးတွေက ရှင်းသန့်ကို
...ရင်ခုန်စေရတာပါလိမ့်။

ရှင်းသန့်မှာ မိန်းကလေးတွေနှင့်ပတ်သက်ပြီး ...ဝ အတွေ့

www.burmeseclassic.com

www.burmeseclassic.com



အကြံ့ မရှိသူမျိုးတော့ မဟုတ်ပါ။ တက္ကသိုလ်ကျောင်းသား မိန်းကလေး သူငယ်ချင်းမိတ်ဆွေများ ရှိပေမယ့် သူငယ်ချင်းအ ထက်ပိုပြီး သူ့ရင်ကို မလှုပ်ရှားစေခဲ့တာအမှန်။

အခု ခဏတာတွေ့ခဲ့ရသည့် မိန်းကလေးကြောင့် သူ့ အိပ်ပျော်နေခဲ့သော နှလုံးသားက နိုးထလာခဲ့ခြင်းပင်။

သူမ ဒီမြို့ကပဲလား။

အမည်မသိ၊ လိပ်စာမသိသော မိန်းမလှလေးနှင့် ပြန် တွေ့နိုင်ဖို့က ရှင်းသန့်အတွက် လုံးဝမျှော်လင့်ချက် မရှိဘူးဆိုတာ ရှင်းသန့်ကိုယ်တိုင် သိထားပေမယ့် မိန်းမလှလေး၏ အရိပ်လေး သူ့စိတ်ကို ဘာကြောင့်များ စိုးမိုးလွှမ်းခြုံထားနိုင်တာလဲ။

သူမ၏လက်မောင်းလေးကို ရှင်းသန့် ဖေးမလိုက်စဉ် 'ကျေးဇူးပဲနော်'ဟု ပြောလိုက်သော ချိုရှရှအသံလေးကို ပြန်ကြ ကြားယောင်မိသည်။

"ငါတို့ကောင်ကြီးတော့ ဒီရောက်မှ ဖူးစာရှင်တွေ့ မယ်ထင်တယ်"

သူတို့စကားကောင်းနေစဉ်မှာပင် ခြံရှေ့မှ ကားဟွန်းတီး ကြောင့် သူတို့အားလုံး ခြံရှေ့ကို ကြည့်လိုက်မိကြသည်။



ခြံဝတွင် ရပ်လိုက်သော ဖြူနှစ်နေသည့် Parado ကားသစ်ကြီးတစ်စီး။

"တီ...တီ"

ကားက ဆက်၍ ဟွန်းတီးလိုက်ပေမယ့် ခြံစောင့်ကြီးက ထွက်မလာသေး။

"ရှင်းသန့်...မင်းသွားဖွင့်ပေးလိုက်ကွာ၊ ဆရာဝန်ကြီး မျိုးကျော်ကားဖြစ်နေရင် မကောင်းဘူး၊ ခြံစောင့်ကြီးကလည်း ဘယ်ရောက်နေလဲမသိဘူး"

မှန်ကြီးက ရှင်းသန့်အား လှမ်းပြောလိုက်သဖြင့် ရှင်းသန့် နေရာမှထကာ ခြံတံခါးကို သွားဖွင့်လိုက်သည်။

ရှင်းသန့် ခြံတံခါးဖွင့်လိုက်သည်နှင့် ကားက ခြံထဲသို့ မောင်းဝင်လာပြီးနောက် ရှင်းသန့်ဘေးနားတွင် ရပ်တန့်သွားသည်။ ပြီးနောက် ပိတ်ထားသော စိမ်းညိုရောင်ကားမှန်တံခါးများ တဖြည်း ဖြည်း ကျလာသည်။

ရှင်းသန့် မြင်လိုက်ရသည်က ကားမောင်းသူနေရာတွင် ဖြူနှစ်နေသည့် ကားကြီးနှင့်အပြိုင် ဖြူနုဖွေးဥနေသော မိန်းမလှ လေးတစ်ယောက်။

www.burmeseclassic.com



ဖြာလဲ့လဲ့ နေကာမျက်မှန်ကို တပ်ထားကာ ငွေရောင်နားဆွဲကြီးကြီးက ညိုဖျော့ဖျော့ဆံပင်တွေကြားထဲမှ ထင်းခနဲ။

"ရှင်ဘယ်သူလဲ"

"ဟင်"

ရှင်းသန့် မျှော်လင့်ထားသလို အန်ကယ်ဦးမျိုး မဟုတ်သဖြင့် သူ အံ့သြနေမိစဉ် ထိုမိန်းကလေးထံမှ ကျွတ်ဆတ် အမေးလေးကြောင့် ရှင်းသန့်တစ်ယောက် ကျွမြီးတိုသွား သည်။

"ရှင်…ဘယ်သူလဲလို့ မေးနေတယ်လေ"

မျက်မှန်တပ်ထားသောကြောင့် မျက်လုံးတွေကို ထင်ရှားစွာ မမြင်ရပေမယ့် နှုတ်ခမ်းရဲရဲလေးမှ ထွက်လာသော စကားသံ အထက်စီးဆန်နေသလိုလို။

"မင်းသိချင်ရင် အထဲရောက်တော့ မေးကြည့်ပေါ့"

ဘုဆတ်ဆတ် ရှင်းသန့်စကားကြောင့် သူမမျက်ခုံး တွေ သိသာစွာ တွန့်ကွေးသွားရ၏။

ကြယ်စင်မှူးတစ်ယောက် သူမအမေးကို ဘုဆတ်ဆတ် ဖြေလာသည့်သူ့ကြောင့် စိတ်ထဲ အနည်းငယ် မကျေမနပ်





သွားရသည်။

ခြံတံခါး ဖွင့်ပေးလာသည့်သူက ဒက်ဒီ အသစ်ခန့်လိုက် သည့် ခြံစောင့်တော့ ဟုတ်ဟန်မတူပါ။ ပြီးတော့ ကြယ်စင်မှူး ကတ်သို့ တစ်လလောက် သွားနေသည့် အချိန်အတွင်းမှာ အရင် စောင့်ကြီး ဦးစစ်အောင်တစ်ယောက် ဘယ်များရောက်သွားပါ ။

သူမအား ဤအိမ်ပိုင်ရှင် အထူးကုဆရာဝန်ကြီး ဦးမျိုး ၏ တစ်ဦးတည်းသောသမီး ကြယ်စင်မှူးဆိုတာကို ဒီလူ ရေ။

ဘုဆတ်ဆတ်အဖြေဖြင့် သူမအား ကြည့်နေသည့် သူကို ကြယ်စင်မှူး တစ်ဆက်တည်း အကဲခတ်လိုက်သည်။

အရပ်က ငါးပေရှစ်လက်မထက် မနိမ့်တာတော့ သေချာ သည်။ မျက်ခုံးထူထူ၊ အသားဖြူဖြူနှင့် သူ့ပုံစံက ယောကျ်ားပီသ သော ချောမွေ့မှုတို့ ရှိနေတာတော့ အမှန်။

ခပ်လတ်လတ် ဂျင်းဘောင်းဘီနှင့် တီရှပ်အနက်တစ်ထည် ဝတ်ထားသော သူ့ခန္ဓာကိုယ်မှာ ဘာအဆီအပိုမှမရှိဘဲ ကျစ်လျစ် မားသော သူ့အရပ်နှင့် လိုက်ဖက်စွာ ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင်မှုးကို သူကြည့်နေဆဲမှာပင် ခြံစောင့်ကြီးဦးစစ်အောင် ရောက်လာပြီး

"သမီးလေး ပြန်ရောက်လာပြီလား၊ ဆိုင်းမဆင့်ဗုံမဆင့်နဲ့ ဖုန်းလေးဘာလေး ကြိုဆက်ရောပေါ့"

"ဦးလေးဦးစစ်အောင် သူကဘယ်သူလဲ"

"သြော်...သူက ဆရာကြီးရဲ့ ဧည့်သည်တွေလေး ရန်ကုန်က ဒီမနက်ပဲရောက်တာ"

"သြော်"

စကားတစ်ခွန်းသာပြောပြီး ကြယ်စင်မှုး၏ကားကြီးက ကားဂိုဒေါင်ရှိရာသို့ ဝေါခနဲ မောင်းထွက်သွားသည်။

ရှင်းသန့် နေရာမှ ထွက်သွားမည်ပြင်တော့ ခြံစောင့်ကြီး ဦးစစ်အောင်က...

"ငါ့တူကို ဦးလေး တောင်းပန်ပါတယ်ကွယ်၊ ဦးလေး ကားသံကို မကြားလိုက်ဘူးဖြစ်သွားတယ်"

"ရပါတယ်ဗျာ၊ တောင်းပန်စရာမလိုပါဘူး၊ ဒါနဲ့ သူက ရော ဘယ်သူလဲ"

"ဆရာကြီးဦးမျိုးကျော်ရဲ့ တစ်ဦးတည်းသောသမီး ကြယ်စင်မှုးတဲ့၊ ဒီနှစ်ပဲ ဆေးကျောင်းက ဘွဲ့ယူထားတာလေ၊ သူ့အမေကတော့ ဆုံးသွားတာကြာပြီ၊ တစ်ဦးတည်းသောသမီးဆိုပြီး ဆရာကြီးက အလိုလိုက်ထားတော့ နည်းနည်းတော့ ဆိုးချင်တယ်၊ သည်းခံပေါ့ကွယ်"

"ရပါတယ် ဦးစစ်အောင်၊ စိတ်ထဲ ဘာမှမထားပါနဲ့"

ခြံစောင့်ကြီး ဦးစစ်အောင်အား ပြောပြီး သူထွက်လာခဲ့သည်။

"တကယ့်ကို မင်းသားနဲ့မင်းသမီး တွေ့တာပဲကွာ၊ မင်းတို့ ဘာတွေပြောနေတာလဲ၊ သူကလေးကကော ဘယ်သူတုန်း"

"ငါဘယ်သူလဲလို့ မေးတာဟ၊ သူဘယ်သူတုန်းဆိုတာ သိချင်ရင် သွားသာမေးကြည့်တော့"

"ငါ့ကောင်ကလဲကွာ ငါတို့စိတ်ဝင်စားလို့ပါ၊ ဘာတွေ ကျွမလည် ဖြစ်လာတာလဲ၊ အကဲခတ်ရသလောက် မင်းသားနဲ့ မင်းသမီး ဘုနဲ့ဘောက် ဖြစ်လာပုံရတယ်"

ကောင်းသော်က ရှင်းသန့်၏ မအီမလည်ဖြစ်လာသော မျက်နှာကို ပြုံးစစဖြင့် ကြည့်ရင်းက ပြောသည်။

"အမှန်တော့ ငါ ဒီလိုဖြစ်လာတာ မင်းတို့ကြောင့်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



“မှော”

ကောင်းသော်တို့နှစ်ယောက် ပြိုင်တူ ‘မှော’လိုက်ကြသည်။ အမှန်တော့ သူတို့နှစ်ယောက် ရှင်းသန့်၏ မအီမလည် မျက်နှာရိပ်ကြောင့် တမင်ကလိနေခြင်းပင်။

“ဟုတ်တယ်လေ၊ မင်းတို့ ငါ့ကို ခြံတံခါးသွားဖွင့်ခိုင်းတာကိုး”

“ဒါကတော့ကွာ ဒီအိမ်နဲ့မင်းနဲ့က အရင်းနှီးဆုံးလူတွေပဲ၊ ဆရာကြီး ဦးမျိုးကျော်ကား ထင်လို့ပါကွာ”

“အေး…အခုတော့ ဆရာကြီးဦးမျိုးကျော် မဟုတ်ဘူး ဟော့၊ ဆရာကြီးရဲ့ တစ်ဦးတည်းသော ရှုမငြီးသမီး ခေါက်တာ ကြယ်စင်မှူးတဲ့”

“ဟာ…အပျံစားလေးပါလားကွာ”

“အပြန့်ပဲစားစား အလှပဲစားစား စားချင်တာသာစားကြ ဟော့”

ကောင်းသော်စကားကို ရှင်းသန့်က အငေါ်ပြန်တူးရင်း ဧည့်ခန်းထဲမှ ထထွက်လာခဲ့ကာ အိမ်ရာပေါ်တွင် လှဲအိပ်လိုက်သည်။



“တို့မင်းသားတော့ မန်းမြေရောက်မှပဲ မင်းသမီး နှစ်လက် ကြားမှာ ဓောင်ကြီးမပြန်နိုင်တယ်ဖြစ်မှာ မြင်ယောင်မိသေးတယ်”

ကျော်လှမျိုး လှမ်းပြောလိုက်သောစကားကို ရှင်းသန့် အိပ်ရာထက်မှ ကြားဖြစ်အောင် ကြားလိုက်သေးသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ခန့်ညားလှပသော ဧည့်ခန်းကြီးထဲသို့ ရှင်းသန့်တို့တတွေ ဝင်လိုက်တော့ ဆိုဖာဆက်တီပေါ်တွင် အသင့်ထိုင်စောင့်နေသော အန်ကယ်ဦးမိုးကျော်၊ အန်တီမိုးသူတို့နှင့်အတူ နေ့လယ်က တွေ့မြင်ခဲ့ရသော မချေချောလေးကိုပါ တွေ့လိုက်ရသည်။

အပြာဖျော့ရောင် ပိုးသားဂါဝန်ရှည်လေးဖြင့် သူမက ရှင်းသန့် တွေးထင်ထားတာထက် လှပနေတာတော့ အမှန်။

"လာ....ငါ့တူတို့"

"ဟုတ်ကဲ့"

ရှင်းသန့်တို့သုံးယောက်သား ဆိုဖာဆက်တီတွင် အသီးသီး ဝင်ထိုင်လိုက်ကြသည်။



"ရှင်းသန့်...မင်းဒက်ဒီနဲ့ မာမီကော နေထိုင်ကောင်းကြရဲ့လား"

"ကောင်းပါတယ် အန်ကယ်"

"မင်းတို့လာမယ်ဆိုတဲ့အကြောင်းကို အန်ကယ့်ဆီ ကြိုပြီးတော့ ဖုန်းဆက်ထားပါတယ်၊ ဒီရောက်တုန်း စိတ်အေးလက်အေးနဲ့ လွတ်လွတ်လပ်လပ်သာ နေကြပါ၊ ပြီးတော့ သွားချင်လာချင်တဲ့နေရာတွေကိုလည်း စုံအောင်သာ လိုက်လည်ကြ၊ ဒီအတွက်လည်း ဘာမှမပူနဲ့၊ ဟောဒီက မင်းတို့ရဲ့ညီမက လိုက်ပို့ပေးလိမ့်မယ်"

"အို...ဒက်ဒီကလည်း သမီးလိုက်မပို့ပါဘူး"

"သမီးကြယ်စင် ဧည့်သည်တွေကို အဲလိုမပြောရဘူးလေ"

အန်တီမိုးသူက အားနာစွာဖြင့် ဝင်ဟန့်လိုက်သည်။

"ဟင်း...ဟင်း သမီးကတော့ ဒီလိုပဲ မောင်ရှင်းသန့်ရေ၊ ဒါနဲ့ အားလုံးနဲ့ မိတ်ဆက်ပေးရဦးမယ်၊ သူက အန်ကယ်ရဲ့သမီးလေး ကြယ်စင်မှူးတဲ့၊ ဒီနှစ်ပဲ ဆေးတက္ကသိုလ်က ဘွဲ့ယူထားတာ၊ သူ့မာမီကတော့ သူမွေးစကတည်းက ဆုံးပါးသွားခဲ့တာ၊ ဆရာဝန်သာ လုပ်တော့မယ်၊ အခုထိ ကလေးစိတ် မကုန်ချင်သေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့…ကျွန်တော်လည်း သူငယ်ချင်းတွေကို မိတ်ဆက်ပေးပါ့မယ်"

"ဒီဘက်က ကောင်းသော်၊ သူကတော့ မှန်ကြီး၊ ဒီ မှန်ကြီးဆိုတာက ကျွန်တော်တို့သူငယ်ချင်းတွေက ချစ်စနိုး ခေါ်တဲ့နာမည်ပါ၊ နာမည်အရင်းက ကျော်လှမျိုးပါ၊ ကျွန်တော်တို့ အားလုံး မြို့ပြဘာသာအဓိကနဲ့ အင်ဂျင်နီယာဘွဲ့ရထားပြီးသားပါ"

"ငါတူတို့အားလုံး တွေ့ရတာ ဝမ်းသာပါတယ်"

"အန်ကယ်ပြောသလို ကျွန်တော်တို့ လည်ပတ်ဖို့အတွက် အန်ကယ့်သမီးကို ပို့ခိုင်းမနေပါနဲ့၊ အားနာလို့ပါ၊ ကျွန်တော်တို့ဘာသာ ကိုယ့်အစီအစဉ်နဲ့ကိုယ်ပဲ လည်ပါ့မယ်"

"ဒီလိုလည်း ဘယ်ဟုတ်မလဲလေ၊ သမီးက လိုက်မပို့ ချင်ဘူးဆိုရင်လည်း အန်ကယ် ကားတစ်စီး စီစဉ်ပေးမယ်၊ ဟုတ်ပြီ လား"

"အန်ကယ် ကောင်းသလိုသာ စီစဉ်ပါ"

"ကဲ…ဒါဆို အားလုံး ညစာကို စားကြရအောင်"

အန်ကယ်ဦးမျိုးကျော်ကိုယ်တိုင် ထမင်းစားပွဲဝိုင်းဆီသို့ ညစာစားရန် ဖိတ်ခေါ်နေသဖြင့် သူတို့အားလုံး ထမင်းစားပွဲဝိုင်း



တွင် ထိုင်လိုက်ကြသည်။

"ကဲ မိသားစုတွေလို လွတ်လွတ်လပ်လပ် အားမနာ စတမ်း စားကြနော်"

"ဟုတ်ကဲ့ပါ အန်ကယ်"

အန်ကယ်ဦးမျိုးကျော်နှင့် အန်တီမိုးသူတို့ကို သူတို့ဦးချ လိုက်ပြီးနောက် ထမင်းစားသောက်ကြသည်။

"စား…စား ငါ့တူတို့စား၊ ဘာမှအားမနာကြနဲ့"

"ဟုတ်ကဲ့…အားမနာပါဘူးခင်ဗျာ"

မှန်ကြီးက အန်ကယ်ဦးမျိုးကျော်ကို ရိုရိုသေသေပြန်ဖြေ လိုက်ပေမယ့် ဖြေပုံက ရယ်စရာမို့ အားလုံး ပြုံးမိကြသည်။

"ဟို…သမီး တစ်ခုပြောချင်ပါတယ် ဒက်ဒီ"

"ပြောလေ သမီး"

"သမီး ခုနက ပြောတဲ့စကားကို ပြန်ရုပ်သိမ်းချင်ပါ တယ်"

"ဘာကိုလဲ သမီးရဲ့"

"သူတို့ကို လိုက်မပို့ဘူးဆိုတဲ့စကားပါ၊ ဘာဖြစ်လို့လဲ ဆိုတော့ တကယ်တမ်း စဉ်းစားကြည့်တော့ သမီးတို့က အိမ်ရှင်ပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကားတစ်စီးနဲ့ သူတို့ဘာသာ လျှောက်လည်ကြ
လမ်းမသိဘာမသိနဲ့ ပြဿနာဖြစ်မှာစိုးရိမ်လို့ပါ''

''တဆိတ်…မကြယ်စင်မှူး''

''ကြယ်စင်လို့ပဲ ခေါ်ပါ''

''ကြယ်စင် စိုးရိမ်ရလောက်အောင် ကျွန်တော်တို့တ
ရမ်းရမ်းကားကား လုပ်တတ်တဲ့သူတွေ မဟုတ်ပါဘူး၊ ပြီး
ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေကို ကျွန်တော်တို့အား
နားလည်ပြီးသားပါ၊ ယာဉ်မောင်းလိုင်စင်လည်း အားလုံးရှိပါတယ်

''ဟုတ်ပါပြီလေ၊ ကြယ်စင်ကို ဒီလောက်ရှင်းပြနေ
မလိုပါဘူး၊ ဘာကြောင့်လဲဆိုတော့ ကြယ်စင်က ယာဉ်ထိန်း
မဟုတ်ဘဲ၊ အစိက ဆိုလိုချင်တာက ဒီအိမ်မှာက ဒက်ဒီကို အ
လိုက်ပို့ပေးနေတဲ့ ဒရိုင်ဘာ ဦးစိန်ကလွဲပြီး တခြားဒရိုင်ဘာ မရှိ
ပါ၊ ဦးစိန်က ဒက်ဒီကို အမြဲပို့ပေးနေရတာလေ၊ နောက် အ
အကြီးဆုံးတစ်ချက်က ကြယ်စင်က အိမ်ရှင်တစ်ယောက်အ
ဧည့်သည်အပေါ် ဧည့်ဝတ်ကျေချင်တာပါ''

''ဒီလိုဆိုရင်လည်း ကြယ်စင့်ဆန္ဒအတိုင်းပါပဲ၊ ကျွန်တေ
က ကြယ်စင်ကိုယ်တိုင် လိုလိုလားလား လိုက်ပို့ပေးမယ်ဆိုရင်တေ



င်းစရာမရှိပါဘူး''

''အံမယ်…သူကများ ငြင်းချင်သေးတယ်''

''သဘောပြောတာပါ''

ကြယ်စင်မှူးနှင့် ရှင်းသန့်တို့ တစ်ယောက်နှင့်တစ်ယောက်
ပြောနေကြသော စကားများကို နားထောင်ရင်း အားလုံး ပြုံးမိကြ
န်သည်။

''ကဲ…ဒီလိုဆိုရင်လည်း သမီးကိုယ်တိုင်ပဲ ကိုယ့်အစ်ကို
တွေကို လိုက်ပို့ပေးလိုက်၊ ရှင်းသန့်ရေ ငါတူမြင်တဲ့ ကြားတဲ့အတိုင်း
း သမီးကိုတော့ အားလုံး ကိုယ့်ညီမလေးလိုပဲ သဘောထားပေး
ကြပါကွယ်''

''ဟုတ်ကဲ့ပါ အန်ကယ်''

ထမင်းပွဲပြီးတော့ အချိုပွဲများကို အိမ်ဖော် ဒေါ်ညိုက
ာချပေးသည်။

''ကဲ…အချိုတည်းကြဦး''

''ဒက်ဒီက ရန်ကုန်ရောက်ရင် ရှင်းသန့်တို့အိမ်မှာပဲ
ည်းတာများတယ်၊ ဒါကြောင့် သမီးလည်း ဧည့်ဝတ်ကျေပြန်ရ
ယ်နော်''

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဒက်ဒီရဲ့၊ ကိုရှင်းသန့်မှာ ညီမရှိတယ်ဆို"

"အင်း…ရှိတယ်၊ လင်းသဲတဲ့"

"အင်းပေါ့…သမီးက ရှင်းသန့်တို့အိမ် တစ်ခေါက်မှ မရောက်သေးဘူးနော်၊ အခု ကျောင်းလည်းပြီးသွားပြီဆိုတော့ နောက်ဆို သွားလည်လို့ရတာပေါ့"

"ကြယ်စင် လာချင်ရင် အချိန်မရွေးလာခဲ့ပါ၊ ကျွန်တော် ကတော့ ဧည့်သည်ကို ကိုယ့်မြို့ရောက်ရင် ဧည့်ဝတ်ကျေအောင် နေရာအနှံ့ လိုက်ပို့ပေးမှာပါ"

"ဘာလဲ…ကိုရှင်းသန့်က စောစောက ကြယ်စင်လိုက် မပို့ဘူးလို့ ပြောလိုက်တာကို စိတ်ထဲမှတ်နေတာလား၊ အားလုံး နော် စောစောက ကြယ်စင် တမင်စလိုက်တာပါ၊ တော်ကြာ စိတ် မှာ ကြယ်စင်မှူးဆိုတဲ့ ကောင်မလေးက ရိုင်းလိုက်တာလို့ ထင် ဦးမယ်"

"ဟုတ်တယ် သားတို့ရယ်၊ အန်တီ့တူမမို့ အန်တီပြော တာမဟုတ်ဘူး၊ ကြယ်စင်က စိတ်ရင်းကောင်းသလောက် အပြော အဆိုကတော့ ဂျစ်တစ်တစ် ပြောတတ်တာ သူ့အကျင့်ပဲ၊ သူ့ဒက် နဲ့ အန်တီတို့ကတော့ သူ့အကြောင်းသိလို့ သူဘာပဲပြောပြော အ



ဲ့ စိုက်မနေဘူး"

"ကျွန်တော်တို့ သဘောပေါက်ပါတယ် အန်တီ"

ကောင်းသော်က ကြယ်စင်မှူးကို ကြည့်ရင်းက ပြော လိုက်သည်။ အမှန်တော့လည်း ကြယ်စင်မှူးဆိုသည့် မိန်းကလေး ကို ရှင်းသန့်မှာ ညီမလေး လင်းသဲနှင့်နှိုင်းပြီး အပြစ်ဆိုရန် အကြောင်းမရှိပါ။

ညီမလေး လင်းသဲသည်လည်း သူ့မလိုပင်။ တကယ့် စိတ်ရင်းဖြင့် မဟုတ်ပါဘဲ ဆိုးနွဲ့လိုစိတ်ဖြင့် မိသားစုအပေါ် ဘိုကျ ချင်တာကအစ ဂျစ်ကပ်ကပ် ပြောပုံအဆုံး သူမနှင့် တထေရာ တည်း။

ကြယ်စင်မှူးဆိုသည့် သူမလေးကလည်း ပြည့်စုံချမ်းသာ လှန်းသည့် ဘဝမှာ တစ်ဦးတည်းသောသမီးအဖြစ် နေထိုင်ကြီးပြင်း ခဲ့ရခြင်းက ထိုသို့ဖြစ်စေဖို့ အကြောင်းကံ ဖန်တီးပေးထားသလိုပင်။

"အန်ကယ်လည်း ဆေးရုံက ပြန်လာတော့ ပင်ပန်းနေ မှာပေါ့၊ ကျွန်တော်တို့ကိုလည်း ခွင့်ပြုပါဦး"

"အေး…အေး ကောင်းပြီ၊ ဒီမှာ ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေးနေကြပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ အန်ကယ်"

သူတို့အားလုံး နှုတ်ဆက်ပြီး ထမင်းစားပွဲမှ ထလိုက်သည် ကြယ်စင်မှူးနှင့် အကြည့်ချင်းဆုံခိုက် ရှင်းသန့်ကို ခပ်စူးစူး ကြည့်နေသော မျက်ဝန်းနက်နက်လေးများကို တွေ့ရသည်။

❖ ❖ ❖

ညက သူတို့အားလုံး နှစ်ခြိုက်စွာ အိပ်ပျော်သွားကြပေ သို့ မနက်စောစော ထတတ်သော ရှင်းသန့်မျက်လုံးများက နံနက် ခြောက်နာရီလောက်မှာပင် နိုးလာခဲ့သည်။

တစ်ဖက်အခန်းမှ ကောင်းသော်နှင့် ကျော်လှမျိုးကတော့ ဘာက်သံများပင်ထွက်၍ နှစ်ခြိုက်စွာ အိပ်ကောင်းနေဆဲ။

ဆက်အိပ်၍ မရတော့သောကြောင့် ရှင်းသန့် အိပ်ရာလေး ဘက်မှထကာ တစ်ကိုယ်ရေသန့်ရှင်းရေး လုပ်လိုက်ပြီး ခြံထဲသို့ ဆင်းလာခဲ့သည်။

ရှင်းသန့်မှာ နံနက်စောစော ထတတ်သော အကျင့်က ရှိနေပြီ။ အိပ်မှာဆိုလျှင်လည်း ဘယ်လောက်ပဲ ညဉ့်နက်နက် မျက်လုံး နံနက်စောစောဆို နိုးနေတတ်ပြီ။

သွေးပူသွားအောင် ခြံထောင့်ရှိ မြက်ခင်းစိမ်းများပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



အားကစားလေ့ကျင့်ခန်း လုပ်လိုက်သည်။

တိုက်ကြီးပေါ်ရှိ ရွှေမင်းသမီးကတော့ ဒီအချိန် အိပ်

နေဆဲဖြစ်မည်ထင်သည်။ အတွေးဖြင့် ခန့်ညားသော တိုက်ကြီး

သို့ ကြည့်မိတော့ ငြိမ်ချက်သား ကောင်းလျက်ရှိဆဲ။

စိမ်းမြသည့် သစ်ပင်သစ်ရွက်တချို့ဆီမှ သင်းပျံ့

ဆတ်သည့် သဘာဝရနံ့ကို ရှူရှိုက်ရင်း အားကစားလေ့ကျင့်

များ လုပ်နေမိသည်။

ရှင်းသန့်မှာ လေ့ကျင့်ခန်းများထဲ၌ အာရုံဝင်စားနေသ

ပတ်ဝန်းကျင်ကို သတိမထားမိပေမယ့် ရှင်းသန့်လှုပ်ရှားမှုမျ

ကြည့်နေမိသူတစ်ဦးကတော့ ရှိပါသည်။

ခန့်ညားသော တိုက်ကြီး၏ အပေါ်ထပ် အိပ်ခန်းထဲ

လိုက်ကာအကွယ်မှာ ရှင်းသန့်၏ အားကစားလှုပ်ရှားမှု လေ့

ခန်းများကို စိတ်ဝင်တစား ကြည့်နေသူက တခြားသူမဟုတ်

ကြယ်စင်မှူးဆိုသည့် မိန်းကလေး။

အနက်ရောင် စွပ်ကျယ်ချိုင်းပြတ်နှင့် အားကစားဘော

ဘီတို ဝတ်ထားကာ လေ့ကျင့်ခန်းလုပ်နေသော ရှင်းသန့်၏

ကိုယ်က ယောက်ျားပီသစွာ အချိုးကျတောင့်တင်းလှသည်။



ဖြူစင်စိုပြေသော အသားအရေက ချွေးစတို့ဖြင့်

ာက်ပြောင်နေကာ တလက်လက်အရောင်ထွက်နေပုံက တကယ့်

အားကစားသမားတစ်ယောက်လို ပုံစံမျိုးပင်။ ရှင်းသန့်ဆိုသည့်လူ

ာ သူ့ဘာသာ အားကစားလေ့ကျင့်ခန်းလုပ်နေတာ မှန်ပေမယ့်

သူလုပ်နေသည့်နေရာက ကြယ်စင်မှူး၏ အိပ်ခန်းအောက်

တည့်တည့်မှာဆိုတော့ ကြယ်စင်မှူးကို တမင်သက်သက် ရှိုးပြ

နေသလို ဖြစ်နေသည်။

သူ့နာမည်က ရှင်းသန့်တဲ့။

ယောက်ျားပီသ၍ ချောမောခန့်ညားတာ လက်ခံပေမယ့်

သူ့ပုံစံက ဘာကိုမှ ဂရုမစိုက်တတ်သည့် ပုံစံမျိုး။ ဒက်ဒီ၏

ငယ်သူငယ်ချင်း ဦးမင်းသန့်ဆိုသူ၏ သားဟု သိရသည်။

ကြယ်စင်မှူးထက် အသက်အနည်းငယ် ကြီးမည်ထင်

သည်။ ကြယ်စင်မှူးမှာ ရှင်းသန့်ကို တွေ့ကတည်းက စိတ်ထဲမှာ

တစ်မျိုးလေး ခံစားရသည်။ ဒါကိုတော့ သူမဘာသာ သူမလည်း

သိသည်။

ဘာခံစားချက်မှန်း အမည်မဖော်တတ်တာပဲ ခက်သည်။

ကြယ်စင်မှူးဆိုတာ တော်ရုံယောက်ျားတစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



လုံးဝ ဂရုမစိုက်တတ်သည့် မိန်းကလေးမျိုး။ ရှင်းသန့်ဆိုသည့် လူအပေါ်မှာ စိတ်ဝင်စားမိသလို ခံစားရသည်။ ကြယ်စင်မှူး ပတ်ဝန်းကျင်မှာ ရှိနေသည့် ယောကျ်ားတွေနှင့်မတူ။

ဒါကလည်း သူမ အထင်မှားလား မပြောတတ်ပါ။

ကြယ်စင်မှူး ပတ်ဝန်းကျင်မှာ သူမရဲ့အလှ၊ သူမရဲ့ ပ... သနတွေကြောင့် သူမအနားမှာ ဝိုင်းဝိုင်းလည်နေသည့် ယောကျ်ား တွေက အများသား။

ဒါကြောင့်လည်း ကြယ်စင်မှူးမှာ ဘယ်ယောကျ်ားကို မှ အထင်မကြီးတာလည်း ဖြစ်နိုင်သည်။

ကြယ်စင်မှူးရဲ့ အလှအပမှာ ကျရှုံးသူတွေ၊ ကြယ်စင်မှူး ရဲ့ ချမ်းသာကြွယ်ဝမှုတွေကို ပိုင်ဆိုင်ပတ်သက်လိုသူတွေ၊ ဒီလိုလူ တွေက သူမရဲ့အချစ်ကို မရအရ တောင်းခံကာ ယုံလောက်အောင် ပြောတတ်သူများရှိပေမယ့် ကြယ်စင်မှူး နည်းနည်းလေးမှ စိတ်မဝင် စားခဲ့။

သူတို့တတွေထဲမှာ ကြယ်စင်မှူးကို တကယ်ချစ်တဲ့သူတွေ ပါနိုင်သလို တကယ်မချစ်ပါဘဲ အနှစ်မဲ့ဟန်ဆောင်ချစ်တဲ့သူတွေ လည်း ပါနိုင်ပါသည်။ သူတို့တတွေ ဘယ်လိုပဲဖြစ်ဖြစ် ကြယ်စင်



...ကတော့ ဘယ်သူ့ကိုမှ စိတ်မဝင်စားပါ။

စိတ်ဝင်စားနိုင်လောက်တဲ့သူ မတွေ့တာလည်း ဖြစ်နိုင် သည်။

ကြယ်စင်မှူး ကြည့်နေခိုက်မှာပင် ရှင်းသန့် လေ့ကျင့်ခန်း ပြီးသွားပြီဖြစ်၍ သူတည်းခိုသည့် တစ်ထပ်တိုက်ကလေးရှိရာသို့ ထွက်သွားလေသည်။

"ဟာ…ရှင်းသန့် နံနက်စောစော ချွေးသံတရွှဲရွှဲနဲ့ပါလား၊ ဘာလဲ အားကစားလေ့ကျင့်ခန်း လုပ်တာလား"

"ဟုတ်တယ်လေ…မနက်တိုင်း စောစောထတတ်တာ ငါ့အကျင့်ပဲ၊ အိမ်မှာဆိုရင်လည်း စောစောထ လေ့ကျင့်ခန်းလုပ်တာ အကျင့်တစ်ခုလို စွဲနေပြီ"

"ကောင်းပါတယ်၊ ကောင်းပါတယ်၊ ဒီကနေ့ ဘယ်ကို ...ပြီး သွားကြမလဲ"

ရေချိုးခန်းထဲမှ ထွက်လာပြီး မှန်ကြီးက ရှင်းသန့် ပုံစံကို ကြည့်ကာ ပြောရင်း ဒီနေ့ သူတို့ သွားလည်မည့် အစီအစဉ်အား မေးလိုက်သည်။

"ဒါတော့ ငါလည်းမသိဘူးလေ၊ မနေ့ညက ကြယ်စင်

www.burmeseclassic.com

www.burmeseclassic.com



မှူးဆိုတဲ့ မိန်းကလေး ငါတို့ကို လိုက်ပို့ပေးမယ် ပြောတာပဲလေ၊ သူက ငါတို့ခရီးစဉ်အားလုံးရဲ့ ဝိုက်ဝဲ၊ သူပို့ပေးမယ့်နေရာတွေအတိုင်း ငါတို့သွားကြတာပေါ့"

"ဒါလည်း ဟုတ်တာပဲ၊ ဒါနဲ့ မင်းကို တစ်ခုမေးချင်တယ်၊ ကြယ်စင်မှူးဆိုတဲ့ မိန်းကလေးကို မင်း ဘယ်လိုမြင်လဲ"

"လှလို့မြင်တာပဲ"

"မဟုတ်ဘူးလေကွာ၊ ငါဆိုလိုတာက ကြယ်စင်မှူးဆိုတဲ့ မိန်းကလေးအပေါ် ယောကျ်ားလေးတစ်ယောက်အနေနဲ့ ဘယ်လို မြင်လဲလို့ ပြောတာ"

"မာကျောကျော ကျွတ်ဆတ်ဆတ်နဲ့ ကိုယ့်ကိုယ်ကို အထင်ကြီးနေတဲ့ မိန်းကလေးလို့ ထင်တာပဲ"

"ဒါကတော့ကွာ တစ်ဦးတည်းသောသမီး၊ ဥစ္စာပေါ ရုပ်ချော၊ ပညာတတ်မိန်းကလေးတစ်ယောက်အနေနဲ့ ဒီလောက်တော့ ဖြစ်သင့်တာပေါ့"

"ဟုတ်ပါပြီလေ၊ မင်းပြောတာကိုလည်း ငါလက်ခံတယ်၊ သူ့ဘာသာ ဘာပဲဖြစ်ဖြစ်၊ ဘာဖြစ်လို့ ငါ့ကို ဒါတွေလာမေး နေရတာလဲ"



"ရှင်းသန့်…ရှင်းသန့် မင်း လည်မလိုလိုနဲ့ တစ်ခါ တလေကျတော့ တော်တော် အတွေးအခေါ်ညံ့တာပဲ"

"အတွေးအခေါ်ညံ့တယ် ဟုတ်လား၊ ငါ ဘာတွေ အတွေးအခေါ်ညံ့နေလို့လဲ"

"ပြီးမှ ငါပြောပြမယ်၊ ကောင်းသော်လည်း နိုးနေပြီ"

ရေချိုးပြီးသွားပုံရသည့် ကောင်းသော်က အဝတ်အစားလဲ လက်စဖြင့် ဧည့်ခန်းထဲသို့ ဝင်လာသည်။

"ဟေ့ကောင် ရှင်းသန့် ရေမိုးချိုး အဝတ်အစားလဲတော့ လေ၊ ဒီနေ့ တို့တစ်တွေ မြို့ထဲသွားကြမှာမဟုတ်လား"

"လုပ်မှာပေါ့ကွာ၊ စောစောက မှန်ကြီး ပြောလိုက်တဲ့ စကားကို စိတ်ထဲ သိပ်အထာမကျလို့"

"ဘာစကားမို့လို့လဲ"

"ငါ့အတွေးအခေါ်တွေ ညံ့နေလို့တဲ့"

"ဘာအတွေးအခေါ်တွေလဲ"

"မသိဘူးလေ၊ မှန်ကြီးကို မေးကြည့်ပေါ့"

"ဟုတ်လား…မှန်ကြီး၊ ရှင်းသန့် အတွေးအခေါ်တွေ ညံ့လို့ဆို"

www.burmeseclassic.com

www.burmeseclassic.com



"မုန်တယ်"

"ဘာမုန်တာလဲ"

ကောင်းသော်နှင့် ဖေယုက မုန်ကြီးစကားကို နားမလည်ဟန်ဖြင့် မေးကြသည်။

"ရှင်းသန့်နဲ့ပတ်သက်ပြီး ငါ တွေးခေါ်ထားတဲ့ အတွေး မှန်မမှန် မင်း စဉ်းစားကြည့်စမ်း၊ မှန်နိုင်တယ်ဆိုရင် ရှင်းသန့် အတွေးအခေါ်ညံ့တာပဲ"

"ပြောမှာသာ ပြောစမ်းပါကွာ"

ကောင်းသော်က စိတ်မရှည်သလို ပြောသည်။

"ငါပြောတာ သေချာနားထောင်နော်၊ အန်ကယ် ဦးမင်းသန့်က သူ့ရဲ့ တစ်ဦးတည်းသောသားကို မန္တလေးမှာရှိတဲ့ တစ်ဦးတည်းသောသမီး ကြယ်စင်မှူးရဲ့ဒက်ဒီ ဆရာဝန်ကြီး ဦးမျိုးကျော်ဆီမှာ တည်းခိုဖို့ စီစဉ်ပြီးလွှတ်လိုက်ခြင်းရဲ့ နောက်ကွယ်မှာ ဘာတွေရှိနိုင်မလဲဆိုတာ သေချာတွေးကြည့်စမ်း"

ကောင်းသော်အပါအဝင် ရှင်းသန့်ပါ မုန်ကြီးစကား၏ အဓိပ္ပာယ်ကို သေချာတွေးနေကြသည်။ အတန်ကြာမှ…

"ဟုတ်ပြီ မုန်ကြီး၊ ဘာကိုဆိုလိုတာလဲ ငါနားလည်သလို



လို ဖြစ်လာပြီ"

ကောင်းသော်က ထိုစကားကို ပြောသည်။

"ဝေးဝေးတွေးရင် ရေးရေးပေါ်တယ်ဆိုတဲ့စကားအတိုင်း မုန်ကြီးစကားက ဟုတ်နိုင်တယ်၊ ဒီလိုကွာ ရှင်းသန့် မင်းဒက်ဒီက မင်းကို သူ့သူငယ်ချင်း အန်ကယ်ဦးမျိုးကျော်ဆီ လွှတ်လိုက်တာ တကယ်တမ်း သေချာပြန်စဉ်းစားကြည့်ရင် မင်းနဲ့ကြယ်စင်မှူးတို့ကို လူငယ်ချင်း နီးစပ်စေချင်တဲ့သဘောရှိတယ်၊ ဆိုလိုတာကတော့ လူကြီးချင်း မင်းတို့နှစ်ယောက် နီးစပ်ပြီး ဖူးစာဆုံစေချင်တဲ့သဘော ရှိတယ်"

"ရှင်းပြီလား"

ကောင်းသော်စကားကို ရှင်းသန့်တစ်ယောက် ပြန်မငြင်းမိပါ။ ဒက်ဒီက ဘာစကားမှ ရှင်းသန့်ကို မပြောလိုက်ပေမယ့် ကျော်လှမျိုးနှင့် ကောင်းသော်တို့ပြောသလို ဖြစ်နိုင်သည်။ ငြိမ်သက်သွားသော ရှင်းသန့်ကိုကြည့်ကာ ကျော်လှမျိုးက…

"ဘယ်လိုလဲ ရှင်းသန့်၊ မင်း ငါပြောတဲ့အတွေးအခေါ်က ဖြစ်နိုင်တယ်မဟုတ်လား"

"ဒက်ဒီက ဒီအတွက်နဲ့ ငါ့ကို ဘာစကားတစ်ခွန်းမှ

www.burmeseclassic.com

www.burmeseclassic.com

မပြောဘူး၊ ရိုးရိုးသားသားနဲ့ ဒီမှာတည်းခိုဖို့ အဆင်ပြေနိုင်တဲ့နည်းလမ်းကို ရွေးတာလည်း ဖြစ်နိုင်တာပဲ''

''နိုး…နိုး လုံးဝမဖြစ်နိုင်ဘူး၊ အန်ကယ် ဦးမင်းသန့်ရဲ့ နေရာတကာ အကွက်ကျကျ စေ့စပ်သေချာလွန်းလို့ စီးပွားရေးလောကမှာ နာမည်တစ်လုံးနဲ့ နေတဲ့သူပဲကွာ၊ တကယ်ဆို တို့တစ်တွေ လွတ်လွတ်လပ်လပ် တည်းခိုလို့ ရနိုင်တဲ့နေရာတွေ အများကြီးပဲ''

''ကဲ…ဖြစ်နိုင်နိုင် မနိုင်နိုင် ဒီကိစ္စတွေအသာထားကွာ ငါ ရေသွားချိုးတော့မယ်''

ရှင်းသန့် ရေချိုးခန်းရှိရာသို့ ထွက်လာခဲ့ပေမယ့် စိတ်ထဲမှာတော့ ဒက်ဒီ သူ့နှင့်ပတ်သက်ပြီး ကျော်လှမျိုးတို့ တွေးထင်ထားသလို စိတ်ကူးထားသလားဆိုတာကိုတော့ ရှင်းသန့်ကိုယ်တိုင်လည်း မဝေခွဲတတ်ပါ။

❖ ❖ ❖

## အခန်း (၅)

ကြယ်စင်မျိုးမှာ ရှင်းသန့်ဆိုသည့်လူက သူမကို သေချာကြည့်ဘဲ မျက်လုံးကို တခြားတစ်ဖက်သို့ လွှဲထားသည့်ပုံစံကို ကြည့်ပြီး သူမစိတ်ထဲမှာ ခိုးလိုခိုးလို မခံချင်စိတ်ကလေးနှင့် တစ်မျိုးလေး ခံစားနေရသည်။

နံနက်စောစောစီးစီး ကြယ်စင်မျိုးမှာ မှန်တင်ခုံရှေ့မှာ စိတ်ကြိုက်အလှပြင်ပြီး ဝတ်စားပြင်ဆင်ထားခဲ့သမျှ ရှင်းသန့်ရှေ့မှာ သူမကို ဂရုမစိုက်သလို ပုံစံမျိုးကြောင့် ကြယ်စင်မျိုး အခံရခက်နေခြင်းဖြစ်သည်။

တကယ်ဆို ကြယ်စင်မျိုးဆိုတာ မြင်တဲ့ယောက်ျားလေးတိုင်း နှစ်ခါပြန်မကြည့်ဘဲ မနေနိုင်အောင် ဆွဲဆောင်နိုင်သည့်

www.burmeseclassic.com

www.burmeseclassic.com



အလှမျိုး မိန်းကလေးပဲ။ အခုတော့ သူမအလှအပကို ဂရုမစိုက်သလို ပုံစံမျိုးချိုးနေသော ရှင်းသန့်၏ပုံစံကြောင့် ကြယ်စင်မှူး အခံရခက်နေမိခြင်းပင်။

ကောင်းသော်နှင့် ကျော်လှမျိုးဆိုသူတို့ကတော့ အလှ ကြယ်စင်မှူးနှင့်အတူ မြို့ထဲလျှောက်လည်ရမည်မို့ မျက်နှာတွေ လိုအပ်တာထက်ပိုပြီး ပြုံးချိုနေကြသည်။

"ဒီမှာ ကိုရှင်းသန့်"

"ပြောပါ"

"ရှင်…ကားမောင်း၊ ကြယ်စင် ဘေးကနေပြီး သွား နေရာတွေ ပြောပြမယ်"

"ဒီကောင်တွေလည်း မောင်းတတ်ပါတယ်"

ရှင်းသန့်က ထိုသို့ပြောလိုက်သဖြင့် ကောင်းသော် နှစ်ယောက် ကြယ်စင်မှူးကို အားနာသွားရကာ…

"ဟာ…ရှင်းသန့်ကလည်း ကြယ်စင်မှူးပြောသလို မောင်းပါကွာ၊ အစီကက တို့လည်ချင်တဲ့နေရာရောက်ရင် ပြီး ပေါ့"

"ဒါဆိုလည်း ကားသော့ပေး"



ကြယ်စင်မှူးလက်ထဲက ကားသော့ကို ရှင်းသန့် လှမ်းယူ ပြီး ကားမောင်းသူနေရာတွင် ဝင်ထိုင်လိုက်တော့ ကြယ်စင်မှူး တစ်ဖက်ကားတံခါးကို ဆွဲဖွင့်ကာ ဝင်ထိုင်လိုက်သည်။

အဖြူရောင် စပို့ရှပ်လက်တိုနှင့် ဂျင်းဘောင်းဘီအပြာရင့် ောင် ဝတ်ထားသော ရှင်းသန့်၏ပုံစံက ယောကျ်ားပီသစွာ ချောမော သားနေသလို ငွေမင်ရောင်ပိုးသားအဖိ ကိုယ်ကျပ်ဂါဝန်ရှည်ကြောင့် ယ်စင်မှူးမှာလည်း အပြစ်ဆိုရက်စရာမရှိအောင် လှပလွန်းနေတာ ာ့ အမှန်။

လိုက်ဖက်ညီလွန်းသော ရှင်းသန့်နှင့် ကြယ်စင်မှူးတို့ကို ည့်ရင်း ကျော်လှမျိုးနှင့် ကောင်းသော်တို့နှစ်ယောက် ကားနောက် တွင် ဝင်ထိုင်လိုက်ကြသည်။

"ပထမဆုံး ကြယ်စင်တို့ ဘုရားကြီးလို့ခေါ်တဲ့ မဟာ တ်မုနိကို အရင်ဆုံး သွားဖူးကြမယ်၊ ကြယ်စင် ပြောတဲ့လမ်း တိုင်း သွားနော် ကိုရှင်းသန့်"

ရှင်းသန့် ဘာမှပြန်မပြောမိဘဲ ကြယ်စင်မှူးပြောသည့် မ်းအတိုင်း သူမောင်းထွက်လာခဲ့သည်။

အဖြူရောင် Parado ကားသစ်ကြီးက ကြယ်စင်မှူးပြော

www.burmeseclassic.com

www.burmeseclassic.com



သည့် လမ်းအတိုင်း တရိပ်ရိပ်ပြေးလွှားလျက်။

"မကြယ်စင်မှူး ရန်ကုန်ကို ရောက်ဖူးတယ်မဟုတ်လား"

"ရောက်တော့ရောက်ဖူးပါတယ်၊ သူငယ်ချင်းတွေနဲ့ ဆေး

တဖြုတ် လာလည်တာလေ"

"ရှင်းသန့်တို့အိမ်ကို မရောက်ဘူးလား"

"မရောက်ဖူးဘူး၊ သူငယ်ချင်းတွေရဲ့ အမျိုးအိမ်မှာ

ခဏတည်းပြီး ပြန်လာတာများတယ်"

ကားနောက်ခန်းမှနေ၍ ကျော်လှမျိုးက ကြယ်စင်မှူး

စကားပြောနေခြင်းဖြစ်သည်။

"ဒီတစ်ခါ လာလည်ရင်တော့ ကျွန်တော်တို့ကိုလည်း

ကြယ်စင်မှူးရဲ့ သူငယ်ချင်းမိတ်ဆွေတွေလိုပဲ ရင်းရင်းနှီးနှီး သဘော

ထားနိုင်ပါတယ်၊ မကြယ်စင်မှူး ရန်ကုန်ရောက်ရင်လည်း ကျွန်တော်

တို့ ဧည့်ဝတ်ကျေပွန်ပါရစေ"

"ကျေးဇူးတင်ပါတယ်၊ ကြယ်စင့်အနေနဲ့ ကိုကောင်းသော်

တို့ကို လိုက်ပို့တာ တကယ့်စိတ်ရင်းနဲ့ပါ"

ကောင်းသော်တို့နှင့် ကြယ်စင်မှူး စကားကောင်းနေပြ

ပေမယ့် ရှင်းသန့် ဘာစကားတစ်ခွန်းမှ မဆိုမိ။



"ကိုကောင်းသော်တို့ကသာ ဒီစကားပြောနေတာ၊ ကြယ်စင့်ကို ရန်ကုန်ရောက်ရင် မသိချင်ယောင်ဆောင်တဲ့သူက ရှိချင်ရှိနေမှာ"

"အဟွန်း…ဒါကတော့ ကြယ်စင် ကိုယ့်စိတ်နဲ့နှိုင်းပြီး ပြောတာပဲ၊ ရန်ကုန်ရောက်လို့ ဧည့်ဝတ်မကျေပွန်ရင် ကိုယ်တို့ကို ကြိုက်သလိုပြောနိုင်ပါတယ်"

ကြယ်စင်မှူးစကားကြောင့် ရှင်းသန့်က ကားမောင်းနေရင်းမှ ကြယ်စင်မှူးကို ပြောလိုက်သည်။

"အဟင်း…ဟင်း ကိုရှင်းသန့်က စိတ်ချည်းပဲ၊ ကြယ်စင်က အလကားစတာပါ"

ကြယ်စင်မှူးက ရှင်းသန့်၏မျက်နှာကို လှမ်းကြည့်ကာ အပြုံးဖြင့် ဆိုလိုက်တော့…

"ကိုယ်လည်း စိတ်ဆိုးလို့ပြောတာ မဟုတ်ပါဘူး၊ တကယ့်စိတ်ရင်းနဲ့ ပြောတာ"

"ဒါဆိုရင်တော့ ကြယ်စင် ရန်ကုန်ရောက်မှ ကိုရှင်းသန့်ရဲ့ ဘယ်လောက် ဧည့်ဝတ်ကျေမလဲဆိုတာ ကြည့်ရတာပေါ့"

စကားပြောရင်း ရှင်းသန့် မောင်းလာသော ကားလေးက

www.burmeseclassic.com

www.burmeseclassic.com



မဟာမြတ်မုနိဘုရားကြီးသို့ ရောက်လာပြီဖြစ်သည်။ သူတို့အား
ကားပေါ်က ဆင်းလိုက်ကြပြီး ဘုရားဖူးကြသည်။

ဘုရားဖူးပြီးနောက် ဘုရားရင်ပြင်ကို လက်ယာရစ်တစ်
ပတ်ကြနိုက်...

"ဟင်"

ဘုရားဖူးများကြားထဲတွင် ရုတ်တရက် တွေ့မြင်လိုက်
သော အရိပ်ကလေးကြောင့် ရှင်းသန့် အံ့သြသွားရသည်။

ကားပေါ်တွင် ဆုံတွေ့ခဲ့ရသော မိန်းမလှလေး။

သူမသူငယ်ချင်း အဖော်မိန်းကလေးနှင့်အတူ သူမမှ
အစစ်ပါ။

ဘာမှမစဉ်းစားမိခင်မှာပင် ရှင်းသန့် ခြေလှမ်းများက
လေးဆီသို့ ဦးတည်မိသည်။

"ဟော့ကောင် ရှင်းသန့်၊ ဘယ်လဲ"

"ခဏလေး ပြန်လာခဲ့မယ်"

ကျော်လှမျိုးအမေးကို ရှင်းသန့် လှည့်မကြည့်ဘဲ ဖြေ
ရင်း သူ တွေ့မြင်လိုက်ရသော အရိပ်ကလေး ပျောက်ကွယ်
မှာကို စိုးရိမ်စိတ်ဖြင့် ရှင်းသန့် ခပ်သွက်သွက်ခြေလှမ်းလိုက်သည်





ကြယ်စင်မှုုးကတော့ သူ့လုပ်ရပ်များကို နားမလည်နိုင်
သော မျက်ဝန်းများဖြင့်သာ ကြည့်နေသည်။

"ဟိတ်"

နောက်နားမှ ခေါ်သံကြောင့် သူမနှင့်အဖော် သူငယ်ချင်း
ပါ လှည့်ကြည့်လာသည်။ မျက်တောင်ရှည်ကော့ကော့များ ဝန်းရံ
ထားသည့် လှပလွန်းသော သူမ၏မျက်ဝန်းအစုံ။ ထိုမျက်ဝန်းတွေ
မှာ ရှင်းသန့်ကို မှတ်မိသလို နွေးထွေးသော အရိပ်ကလေးများ
ထင်သန်းသွားသည်ကို တွေ့ရသည်။

"ကိုယ့်ကို မှတ်မိတယ်မဟုတ်လားဟင်"

သူနှင့်အနီးကပ် လှပလွန်းသော မျက်နှာလေးကို စိုက်
ကြည့်ရင်း ရှင်းသန့် ဆိုလိုက်သည်။

"ဟင့်အင်း...မမှတ်မိဘူး"

သူမထံမှ မထင်မှတ်သော စကားကို ကြားလိုက်ရ၍
ရှင်းသန့် အံ့သြသွားမိ၏။

"ဟိုလေ...ကိုယ်တို့ ကားပေါ်မှာ ဆုံခဲ့ဖူးတယ်လေ"

"ဟုတ်လား"

ရှင်းသန့်ကို သူမ မမှတ်မိဘူးဆိုတာ လုံးဝမဖြစ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးချင်း သုံးလေးကြိမ်မက ဆုံခဲ့ဖူးရုံမျှမက သူ့အပြ
ကိုပင် ပြန်လည်အသိအမှတ်ပြုခဲ့သော သူမ။ ယခုတော့ ရှင်းသန့်
မမှတ်မိဘူးဟု သူမလေးက ဆိုလာသည်။

သူမ သူ့ကို အရူးလုပ်နေတာလား။

"မှတ်မိပါတယ်ဗျာ"

"အဲတော့...မမှတ်မိပါဘူးဆို၊ အဟင်း...ဟင်း"

ရှင်းသန့်စကားကြောင့် သူမတို့နှစ်ယောက် သဘော
သလို ရယ်လိုက်ကြသည်။

"တကယ် မမှတ်မိတာလား"

ရှင်းသန့်မှ သူမအမူအရာကြောင့် အနည်းငယ် စိတ်မကြည်
လင်စွာဖြင့် သူမမျက်ဝန်းတွေကို တည့်တည့်စိုက်ကြည့်မိရင်း
မေးလိုက်သည်။ ဒီတော့မှ သူမက ရှင်းသန့်မျက်နှာကိုကြည့်
ပြုံးလိုက်ပြီး...

"မှတ်မိပါတယ်၊ အလကားစတာ"

သူမစကားကြောင့် ရှင်းသန့်မျက်နှာ ကြည်လင်ဝင်းပသွား
ရပြီး...

"မသိပါဘူးဗျာ၊ ကျွန်တော့်ကို မမှတ်မိဘူးဆိုတော့ စိတ်



ောင်းဖြစ်သွားတာ"

"ဘာဖြစ်လို့"

အသံရှည်လေးဖြင့် ချစ်စဖွယ်ပြုံးကာ ပြောလိုက်သည့်
၏ မျက်နှာလှလှလေးကို ကြည့်ကာ ရှင်းသန့်ရင်မှာ
တ်လှုပ်ရှားသွားရ၏။

"သြော်...မိတ်ဆွေ သူငယ်ချင်းတစ်ယောက်လို ခင်မင်
လို့ပါ၊ ကျွန်တော့်နာမည် ရှင်းသန့်ပါ၊ ဒီက"

"သင်းရန့်ပါ၊ သူက ရန့်သူငယ်ချင်း ရတနာတဲ့"

"ဟုတ်ကဲ့...ခင်မင်ခွင့်ရတာ ဝမ်းသာပါတယ်၊ မသင်းရန့်
ဘာ ဒီကပဲလား"

"ရန့်လို့လည်း ခေါ်နိုင်ပါတယ်၊ ရန့်တို့က ခဏအလည်
ကြတာ"

"ဟုတ်လား၊ ဒါဆို ရန်ကုန်ကပဲပေါ့"

"ဟုတ်ကဲ့"

"ကျွန်တော်လည်း ရန်ကုန်ကပဲ၊ ဘွဲ့ယူပြီးတာနဲ့ သူငယ်
တွေစုပြီး အလည်လာကြတာလေ၊ ကားပေါ်မှာ စတွေ့ကတည်း
ရန့်တို့ကို ခင်မင်မိတာ၊ စကားပြောခွင့်မကြုံလိုက်ရလို့ စိတ်ထဲ

www.burmeseclassic.com

www.burmeseclassic.com



မှာ တွေ့ချင်နေခဲ့တာ"

"ဟင်း...ဟင်း ရတနာတို့ကလည်း ရန်ကုန်ကပဲဆို

တစ်မြို့တည်းသားပဲ၊ ခင်တတ်ပါတယ်"

နှုတ်သွက်သော ရတနာက ရှင်းသန့်ကို ဝင်ပြော

သည်။

"အခု မရတနာတို့ ဘယ်မှာတည်းကြလဲ၊ မန္တ

ရောက်တုန်း အနီးတစ်ဝိုက် အတူလျှောက်လည်လို့ရတာပေါ့"

"ရတနာတို့ အဒေါ်အိမ်မှာပဲ တည်းကြတယ်၊ ကိုရှင်း

တို့က ဘယ်ကိုသွားဖို့ အစီအစဉ်တွေရှိလို့လဲ"

"မန္တလေးအနီးတဝိုက်၊ တောင်သမန်အင်းတို့၊ မန္တ

တောင်၊ စစ်ကိုင်းတောင်တွေဘက် လည်ဖို့ စီစဉ်ထားတယ်"

"ရတနာတို့အတွက် ဒုက္ခမရှာပါနဲ့၊ ရတနာတို့လည်း

လည်ဖို့ စီစဉ်ထားပါတယ်"

"ဒုက္ခရှာတယ်မထင်ပါဘူးဗျာ၊ ရန်ကုန်ကလာတဲ့

အချင်းချင်း စည်းစည်းလုံးလုံးပေါ့"

"ကိုရှင်းသန့်တို့ရော အခု ဘယ်မှာတည်းလဲ"

"ဒက်ဒီ့မိတ်ဆွေတစ်ယောက်အိမ်မှာ တည်းတယ်၊ ရန့်



ည်းတဲ့လိပ်စာ ပေးခဲ့ပါလား၊ ကျွန်တော်တို့လည်း ရန့်တို့ဆီ

ည်လာလို့ရတာပေါ့"

"ဒါဆို ခဏနော်"

သင်းရန့် ဘာမှမပြောခင် ရတနာက သူမ စလင်းဘက်

တ်ထဲမှ လိပ်စာကဒ်လေးတစ်ခုကို ထုတ်ယူလိုက်သည်။

"အဒေါ်တွေက စတိုးဆိုင်ဖွင့်ထားတယ်၊ ဒီလိပ်စာကဒ်

ိုင်း ရောက်ရင် ရတနာတို့ကို မေးလိုက်ပေါ့"

ရှင်းသန့်က ရတနာကမ်းပေးလာသော လိပ်စာကဒ်လေးကို

မ်းယူလိုက်ရင်း...

"ရန့်တို့ကို တစ်ခုခု ကျွန်တော် ဧည့်ခံပါရစေ"

"မစားတော့ပါဘူး ကိုရှင်းသန့်၊ ရတနာတို့အဒေါ်အိမ်က

ားမောင်းတဲ့သူ စောင့်နေလို့ အားနာလို့ပါ"

"ဒါဆိုရင် နောက်ကျမှ ကျွန်တော်လာခဲ့မယ်နော်"

"အင်း...ရန့်တို့သွားတော့မယ်နော်"

"ကိုရှင်းသန့် သွားပြီနော်"

"ဟုတ်ကဲ့"

သင်းရန့်နှင့် ရတနာတို့က ရှင်းသန့်ကို နှုတ်ဆက်ကာ

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားကြသည်။ ရှင်းသန့်မှာ သူမ၏အရိပ်ကလေး ပျောက်ကွယ်သွားမှ ရတနာပေးခဲ့သော လိပ်စာကဒ်လေးကို အိတ်ကပ်ထဲသို့ ထည့်ကာ ထွက်ခဲ့၏။

“မင်း ဘယ်ပျောက်သွားတာလဲကွာ၊ ဒီမှာ မကြယ်စင် မှူး စောင့်နေရတာ အားနာစရာကြီး”

ရှင်းသန့် ပြန်ရောက်တော့ မှန်ကြီးတို့အုပ်စုက သူ့ကို ဆီးပြီး အပြစ်တင်ကြသည်။

“အသိတစ်ယောက်ကို သွားနှုတ်ဆက်နေလို့ပါကွာ ကြယ်စင် စောင့်ရတာ ကြာသွားလား”

“ရပါတယ်၊ ဒီလိုပဲရပေါ့”

“ဘယ်ကအသိလဲကွ”

မှန်ကြီးက ရှင်းသန့်စကားကို ထပ်အတွန့်တက်နေသည်။

“ရန်ကုန်ကပါ၊ ဒီကိုအလည်လာကြတာ”

ရှင်းသန့် ကားပေါ်တွင် ဆုံတွေ့ခဲ့သော သူမတို့ဟု မပြော ဘဲ ဝေ့လည်ကြောင်ပတ် ဖြေလိုက်တော့မှ မှန်ကြီးတို့ နှုတ်ပိတ် သွားသည်။

ရှင်းသန့် ဘယ်အသိနှင့် စကားသွားပြောလိုက်သည်ကို



ကြယ်စင်မှူး မတွေ့လိုက်ပေမယ့် ရှင်းသန့် သူမတို့အနားမှ ပျောက် ကွယ်သည်က အချိန်အတော်ကြာသည်။

ရှင်းသန့် ဘယ်ထွက်သွားမှန်း မသိသဖြင့် ကြယ်စင်မှူး တို့ ထိုနေရာလေးမှာပင် ခေတ္တစောင့်နေခိုက် ရှင်းသန့် ပြန်ရောက် လာခြင်းဝင်။

ကြယ်စင်မှူးတစ်ယောက် အခုမှပဲ ရှင်းသန့်ဆိုသည့်လူ ကို သေသေချာချာ ကြည့်နေမိရ၏။

ဖြူဝင်းစိုပြေသော အသားအရေ၊ အရပ်မြင့်မြင့်နှင့် ခန္ဓာ ကိုယ်တောင့်တင်းကျစ်လစ်ကာ ယောကျ်ားပီသစွာ ချောမော သွားသည့် ရှင်းသန့်။ တိုတိုရှင်းရှင်း ဆံပင်ပုံစံနှင့် ရှင်းသန့်၏ မျက်နှာက ကြည့်ကောင်းလိုက်ဖက်လွန်းလှကာ မျက်ခုံးထူထူ၊ စူးရှတောက်ပသော မျက်ဝန်း၊ နှာတံချွန်ချွန်နှင့် ပိရိတိကျသော နှုတ်ခမ်း လေးကို ပိုင်ဆိုင်ထားသည့် ရှင်းသန့်ဆိုသည့်သူသည် မိန်းကလေး များကြားတွင် အတော်ရေပန်းစားမည့် ရုပ်ရည်မျိုးမှန်း ကြယ်စင် မှူး အကဲခတ်မိပါသည်။

ရှင်းသန့်ဆိုသည့်လူကို စူးစူးစိုက်စိုက်ကြည့်မိရင်း ကြယ်စင်မှူးရင်ထဲ၌ ယောကျ်ားတစ်ယောက်နှင့် ပတ်သက်၍

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ မခံစားရဖူးသော ခံစားချက်ကလေးတစ်မျိုးဖြင့် ရင်ခုန် နွေးထွေးလာရသည်။

ရှင်းသန့်ဆိုသည့် ယောကျ်ားတစ်ယောက်ကြောင့် ကြယ်စင်မှုံးရင်တွေ ဘာကြောင့် ခုန်နေရပါလိမ့်။

◆ ◆ ◆

## အခန်း (၆)

"ရန့်ရေ…ငါတော့ အံ့သြတယ်"

"ဘာကိုလဲ"

"ဒီနေ့ ဘုရားကြီးမှာ နင်နဲ့ကိုလူချော တိုက်တိုက်ဆိုင်ဆိုင် ဆုံတွေ့ရတာကိုလေ၊ နင်လည်း အံ့သြမသွားဘူးလား"

ရတနာက ထိုစကားကို ဆိုလာတော့ သင်းရန့် ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ။

ဟုတ်တော့လည်း ဟုတ်သည်။

သင်းရန့်ကိုယ်တိုင် သူနှင့်ပတ်သက်ပြီး နောက်ထပ်တွေ့ဆုံရလိမ့်ဦးမည်ဟု လုံးဝမျှော်လင့်မထားခဲ့။

ခရီးသွားစဉ် ကားပေါ်မှာ ခဏတာကြုံတွေ့ခဲ့ရသည့်

www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက်အဖြစ်သာ သင်းရန့်စိတ်ထဲက တွေးထင်ထား
သည်။

သို့ပေမယ့် သူမရင်ထဲတွင်တော့ သူနှင့် ထပ်ပြီးတွေ့
နိုင်ဖို့ မျှော်လင့်ချက်ကလေး ရှိခဲ့သည်ကတော့ အမှန်။

ဘယ်လိုမှ မျှော်လင့်မထားဘဲ သူ့ကို ရုတ်တ
တွေ့လိုက်ရတော့ သင်းရန့်ရင်ထဲက အမှန်တကယ်ပင် လှိုက်
ပျော်ရွှင်ဝမ်းသာသွားမိသည်။

သို့အတွက်ကြောင့် မှတ်မိလျက်က ပျော်ရွှင်စိတ်ဖြင့်
တမင်စလိုက်ခြင်းဖြစ်သည်။

သူမ မမှတ်မိဘူးဆိုတော့ မှုန်တင်းသွားသော သူ့မျ
ချောချောကိုကြည့်ကာ ရယ်ချင်စိတ်ကို မနည်းမြိုသိပ်ထားရသည်

ရှင်းသန့်တဲ့။

နာမည်နှင့်လူက အမှန်ပင် လိုက်ဖက်ပါသည်။

သင်းရန့် သူ့ကို ကားပေါ်မှာပင် စတင်သတိထား
တာကလည်း ရှင်းသန့်၏ ချောမောခန့်ညားကာ ယောကျ်ား
သော သူ့ရုပ်ရည်ကြောင့်ပင်ဖြစ်သည်။

"အံ့ဩတာပေါ့၊ သူနဲ့မဆုံတော့ဘူးထင်နေတာ"



"ဒါများ ဘာဖြစ်လို့ အကြောင်ရိုက်နေတာလဲ"

"ပျော်လို့"

"ဘာဖြစ်တယ်၊ ပျော်လို့ဟုတ်လား"

"ဟုတ်တယ်"

"ဘာဖြစ်လို့ နင်ကပျော်ရတာလဲ၊ မိန်းမနော် မပြောလိုက်
ချင်ဘူး၊ ကဲကိုကဲတယ်"

"ကဲတာမဟုတ်ဘူး၊ ငါ ယန်မဆောင်စတမ်း ပွင့်ပွင့်
လင်းလင်းဝန်ခံတာ၊ သူ့ကို ငါက မတွေ့ရတော့ဘူးလို့ ထင်ထား
တာ၊ ငါ တွေ့ချင်နေတဲ့သူကို မမျှော်လင့်ဘဲ တွေ့လိုက်ရတော့
ငါပျော်သွားတာပေါ့၊ ဒါကြောင့် တမင်သက်သက် သူ့ကိုစလိုက်
တာ"

"သြော်…ဒီလိုလား၊ နင် မမှတ်မိဘူးလည်း ပြောရော
ဆိုတစ်ယောက်မှာ မျက်နှာရှစ်ခေါက်ချိုးကြီးနဲ့၊ အဟင်း ဟင်း"

ရတနာက သူ့စကားကိုသူ သဘောကျစွာ ရယ်လိုက်ရင်း
…

"ပျော်တော့ ပျော်ပေါ့ဟာ၊ ဒါပေမဲ့ ဒီဇာတ်လမ်းကို
ကုန်အထိ သယ်မသွားမိဖို့တော့ နင်သတိထားရယ်နော်"

www.burmeseclassic.com

www.burmeseclassic.com

"နင် ဘာကိုဆိုလိုတာလဲ"

"ငါ ဘာကိုဆိုလိုချင်မှန်း နင်သိပါတယ်"

"မသိချင်ဘူး၊ ဒီခရီးထွက်လာကတည်းက လွတ်လွ
လပ်လပ် ပျော်ပျော်ရွှင်ရွှင်နေချင်လို့ ထွက်လာခဲ့တာ၊ အဲဒီကိစ္စ
ကို ဘာမှမတွေးချင်ဘူး"

"ဟုတ်ပါပြီလေ၊ ငါက နင် ခံစားနေရမှာစိုးလို့ ပြော
တာပါ"

"ဒီလောက်စိုးရိမ်နေရင် နင် ဘာဖြစ်လို့ သူ့ကို လိမ်
ပေးထားခဲ့လဲ"

"ဒါကတော့ဟာ လူမှုရေးအရလည်း ပါတာပေ
ပြီးတော့ မိတ်ဆွေသူငယ်ချင်းတစ်ယောက်လိုတော့ ကိုရှင်းသန့်
ခင်ဖို့ကောင်းပါတယ်"

"အေးပါ...ဒါဆိုလည်း မိတ်ဆွေသူငယ်ချင်းပေါ့၊ နင်
ဘာဖြစ်လို့ အတွေးရှော်နေရတာလဲ"

"အတွေးရှော်တာတော့ မဟုတ်ဘူးဟေ့၊ နင်က သိမ်
တဲ့ မိန်းကလေးတစ်ယောက်၊ ပြီးတော့ ဟိုကလည်း ချောအော
ညားတဲ့ ယောကျ်ားတစ်ယောက်၊ ဒီတော့ နင်တို့နှစ်ယောက်ကြား



သားနိုင်ချေရှိတဲ့ အခြေအနေကို ငါကကြိုပြီး သတိပေးထားတာ"

"အဲဒီအတွက်တော့ နင့်ကို ငါ ကျေးဇူးမတင်ချင်ပါဘူး"

သင်းရနံ့၏ လှပလွန်းသော နှုတ်ခမ်းလေးအစုံက
ထွက်ကျ လာသော စကားအတွက် ရတနာတစ်ယောက်
ဆက်ပြောရမှန်း မသိတော့။

တိုက်ဆိုင်စွာပင် ဒီနေ့တော့ ရှင်းသန့်စိတ်ထဲ ကြံရွယ်ထား
သည့် စိတ်ကူးက အကောင်အထည် ဖော်ခွင့်ရပြီ။

ဟုတ်သည်လေ-မနေ့က ကြယ်စင်မှူးနှင့် ရှင်းသန့်တို့
တွေ မန္တလေး မဟာမြတ်မုနိဘုရားကြီးနှင့် မန္တလေးတောင်သို့
ရောက်ခဲ့ကြသည်။

မဟာမြတ်မုနိဘုရားသမိုင်းနှင့် မန္တလေးတောင်ရာဇဝင်
တွေကို ကြယ်စင်မှူးက သူတို့သိအောင် ရှန်းရှန်းဝေအောင် ပြောပြ
ပေမယ့် ရှင်းသန့်အသိထဲ ဝင်တစ်ချက် မဝင်တစ်ချက်။

ရှင်းသန့်အတွေးထဲမှာ ရှိနေသည်က နံနက်က ဘုရားမှာ
ခဲ့ရသည့် လှပလွန်းသော သင်းရနံ့ဆိုသည့် မိန်းမချောလေး၏
နှာလေး။

ရန်ကုန်-မန္တလေး အဝေးပြေးကားပေါ်မှာ စတွေ့မြင်စက

www.burmeseclassic.com

www.burmeseclassic.com



ပင် သူမမျက်နှာလေးက ရှင်းသန့်စိတ်ထဲမှာ စွဲငြိစေခဲ့သည်။

နှုတ်ဆက်စကားပြောခွင့် မကြုံလိုက်ရပေမယ့် သူမမျက်နှာ လေးက ရှင်းသန့်နှလုံးသားထဲမှာ အမှတ်ထင်ထင်ရှိနေဆဲ။

မတွေ့နိုင်တော့ပြီလားဆိုသော အသိဖြင့် ရင်ထဲမှာ ခံစားချက် ဝေဒနာလေးတွေက ဒီနေ့တော့ဖြင့် ပျော်ရွှင်ကြည်နူး မှုလင့်ချက်တို့ဖြင့် အစားထိုး နေရာဝင်ယူလိုက်ပြီ။

တစ်ချက်တစ်ချက် ကြယ်စင်မှူးပြောသည့် စကားတွေ စိတ်ဝင်စားပုံမရသည့် ရှင်းသန့်ပုံစံကြောင့် သူ့အား နေမကောင်း လားဟုပင် ကြယ်စင်မှူးက မေးယူရသည်အထိ သူ့စိတ်ကို သင် ဆိုသည့် မိန်းမချောလေးက ညှို့ယူဖမ်းစားနိုင်ခဲ့သည်။

ရှင်းသန့်စိတ်ထဲ ကြံရွယ်ထားသည်က သူတို့သွားလည် နေရာသို့ သင်းရနံ့တို့ကိုပါ ခေါ်ဆောင်ဖို့ဖြစ်သည်။

သူနှင့်သင်းရနံ့တို့ ဘုရားမှာ ဆုံခဲ့သည်ကို ကျော် တို့ သူငယ်ချင်းတွေကိုပင် မပြောပြခဲ့သေးပေ။

သူတို့အံ့သြသွားဖို့ ရှင်းသန့် စီစဉ်ထားသည်။

ကြယ်စင်မှူးနှင့်အတူဆိုလျှင် သင်းရနံ့တို့ကို ခေါ်ဖို့ ရသည်။



အန်တီမိုးသူတစ်ယောက် ညက နေမကောင်းသဖြင့် ဒီနေ့ သူတို့သွားမည့်နေရာသို့ ကြယ်စင်မှူးမှာ မလိုက်နိုင်။ အန်တီမိုးသူ အား စောင့်ရှောက်ဖို့ သူမ နေခဲ့မည်။

"ကိုရှင်းသန့်တို့ကို အားနာပါတယ်၊ လိုက်ပို့ချင်ပေမယ့် အန်တီမိုးသူက နေမကောင်းတော့"

"ရပါတယ် ကြယ်စင်၊ အားနာစရာမလိုပါဘူး၊ ကိုယ်တို့ တစ်တွေ မေးစမ်းပြီး သွားတတ်နေပြီပဲ၊ အန်တီမိုးသူရော သက်သာ သား"

"သက်တော့သက်သာပါတယ်၊ ဒါပေမဲ့ အဖျားက ည်းနည်းကျန်နေသေးတယ်"

"ကိုယ်တို့ ကြယ်စင့်ကားကို မယူတော့ဘူးနော်၊ ကြယ်စင် သွားလာရင် အဆင်ပြေအောင်လို့၊ အမိုးပါတဲ့ ဟိုင်းလတ်ကားပဲ ငှားသွားလိုက်မယ်"

"ရပါတယ်၊ ကြယ်စင့်ကားပဲ ယူသွားပေါ့၊ ဘာဖြစ်လို့ ပဲ"

"ကျေးဇူးတင်ပါတယ်၊ ကြယ်စင်သွားစရာရှိရင် သွားလို့ ရအောင်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ကိုရှင်းသန့်တို့သဘောပါ"

အန်ကယ် ဦးမျိုးကျော်က နံနက်စောစောကပင် ရှင်းသန့်တို့ကို နှုတ်ဆက်ပြီး ဆေးရုံသို့ ထွက်သွားပြီ။ ကြယ်စင်မှူးနှင့် အန်တီမိုးသူကို နှုတ်ဆက်ပြီးနောက် ရှင်းသန့်တို့ သူငယ်ချင်းအုပ်စုကိုခေါ်ကာ ရှင်းသန့်မှာ ကိုယ်တိုင်ပင် ကားမောင်းထွက်ခဲ့သည်။

"ရှင်းသန့်…မင်း မနေ့က ဘာဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ"

မှန်ကြီးစကားကို ရှင်းသန့် ကားမောင်းနေရင်းက ပြန်မေးလိုက်သည်။

"ကြယ်စင်မှူး သတိထားမိအောင် မင်းစိတ်တွေလွတ်နေလို့"

"ဟုတ်လို့လား"

"မင်းကိုယ်မင်း ပိုသိမှာပေါ့"

"ငါ ဘာကြောင့် ဒီလိုဖြစ်ရတာလဲဆိုတာ အဖြေမထုတ်တတ်သေးပေမယ့် အကြောင်းပြချက်တော့ ရှိနေတယ်"

"ဘာအကြောင်းလဲ"

ကောင်းသော်က စိတ်ဝင်တစားမေးသည်။ ကားခေါ



ခန်းတွင် ရှင်းသန့်နှင့်အတူ ကောင်းသော်နှင့် ကျော်လှမျိုးက စီးလာခြင်းဖြစ်သည်။

"မကြာခင် မင်းတို့သိရမှာပေါ့"

ရှင်းသန့်အပြောကို နားမလည်စွာဖြင့် သူတို့နှစ်ဦးလုံး ရှင်းသန့်မျက်နှာကို လှမ်းကြည့်လိုက်သည်။

ရတနာ့ပေးလိုက်သော လိပ်စာကဒ်ထဲက လိပ်စာအတိုင်း ရှင်းသန့် ကားလေးကို ရပ်လိုက်သည်။

"ဘာဝယ်မလို့လဲ"

စတိုးဆိုင်ရှေ့တွင် ရပ်လိုက်သဖြင့် ကျော်လှမျိုးက တစ်ခုခုဝယ်မည်အထင်ဖြင့် ရှင်းသန့်ကို မေးလိုက်သည်။

"ခဏလေးစောင့်၊ ကိစ္စရှိလို့"

"ကိစ္စရှိလို့"

သူ့စကားကို နားမလည်စွာဖြင့် ကောင်းသော်က ရေရွတ်ရင်း…

"ဒီကောင်…ပဟေဠိတွေ တစ်ခုပြီးတစ်ခု လုပ်နေတယ်"

"ကြောင်သွားပြီလား မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းက ကျော်လှမျိုးနှင့် ကောင်းသော်တို့ ကားခေါင်းခန်းမှ ဆင်းလိုက်ကြသည်။

''ရေသန့်ဗူး ဝယ်မလို့ထင်တယ်''

''မသိဘူးလေ၊ ဟုတ်မှာပေါ့''

ကျော်လှမျိုးနှင့် ကောင်းသော်တို့ နှစ်ယောက်လုံး စတိုးဆိုင်အတွင်းသို့ မဝင်တော့ဘဲ ဆိုင်ရှေ့မှာပင် ရပ်စောင့်နေကြသည်။

ရှင်းသန့် စတိုးဆိုင်အတွင်းရှိ ကောင်တာတွင် ထိုင်နေသော အမျိုးသမီးကြီးထံသို့ လျှောက်လာခဲ့သည်။

''ရန်ကုန်က ဧည့်သည် မရတနာတို့နဲ့ တွေ့ချင်လို့ပါ''

''သြော်...ရတနာတို့ သူငယ်ချင်းလား''

''ဟုတ်ကဲ့''

''ခဏလေး၊ ခေါ်ပေးမယ်နော်''

အမျိုးသမီးကြီးက ရှင်းသန့်ကို အကဲခတ်သလို ကြည့်ရင်းက ပြောလာသည်။

''ဟော...ပြောရင်းဆိုရင်း ရတနာတို့ ဆင်းလာပြီ''

အမျိုးသမီးကြီးအသံကြောင့် သူ လှမ်းကြည့်လိုက်သော အပေါ်ထပ်လှေကားမှ ဆင်းလာသော ရတနာနှင့်အတူ သူ



မြင်ရသည်။

သူမတို့လည်း ရှင်းသန့်ကို တွေ့သွားသဖြင့် အံ့သြဟန်ဖြင့်

''ကိုရှင်းသန့် ဘယ်လာတာလဲ''

''ရတနာတို့ဆီ လာတာလေ၊ ဒီက အန်တီကတောင် ခေါ်ပေးမလို့''

''ဟုတ်လား...မိတ်ဆက်ပေးရဦးမယ်၊ ဒါ ရတနာ့အဒေါ် ဒေါ်သန္တာ၊ ဒေါ်လေး သူက ကိုရှင်းသန့်တဲ့၊ ရန်ကုန်ကပဲ''

''ဟုတ်ကဲ့ ကျွန်တော် ရှင်းသန့်ပါ''

''အေးကွယ်...သူငယ်ချင်းတွေဆိုတော့လည်း အဖော်ရကြတာပေါ့''

ရတနာ့အဒေါ်ဆိုသော အမျိုးသမီးကြီးက ရှင်းသန့်တို့ကို ကြည့်ကာ ပြုံး၍ဆိုလေသည်။

ရှင်းသန့် ရတနာ့ဘေးတွင်ရှိသော သူတွေ့မြင်ချင်လွန်းသည့် လှပလွန်းသော အရိပ်ကလေးကို ခပ်ငေးငေးလေး စူးစိုက်ကြည့်လိုက်သည်။

ရှင်းသန့်ကို ပြန်ငေးကြည့်နေသော သူမမျက်လုံးများနှင့် ဆုံတော့ အပြုံးချင်း ဖလှယ်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရန်နုတို့ ဘယ်သွားကြမလို့လဲ"

"အပြင်ထွက်မလို့လေ"

"ဒါဆို အတော်ပဲ၊ ရန်နုတို့ကို ကျွန်တော် လာခေါ်တာ"

"ကိုရှင်းသန့်တို့က ဘယ်သွားမှာမို့လို့လဲ"

"ဒီလိုပဲပေါ့၊ ကျွန်တော်တို့လည်း ရောက်တုန်းရောက်ခိုက် ထွက်လည်ကြတာ၊ ခုလောလောဆယ်တော့ ဦးပိန်တံတား သွား မလားလို့၊ ရန်နုတို့ ရောက်ပြီးပြီလား"

"ဟင့်အင်း…မရောက်သေးဘူး"

"ဒါဆို ရောက်ဖူးအောင် ကျွန်တော်တို့နဲ့လိုက်ခဲ့လေ"

"ဟုတ်တယ် ရန်နု၊ ကိုရှင်းသန့်တို့နဲ့ပဲ လိုက်သွားရအောင်၊ တို့ချည်းပဲဆို တကူးတကဖြစ်နေမယ်"

"ဒါဆိုလည်း သဘောပဲလေ"

ရှင်းသန့်နှင့်အတူ သူမတို့နှစ်ယောက် ထွက်လာသည်။ အပြင်မှ စောင့်နေသော မှန်ကြီးတို့က ကြည့်ရင်းက…

"ကောင်းသော်…ရှင်းသန့်နဲ့အတူ ထွက်လာတာ ဘုရား ပေါ်မှာတွေ့ခဲ့တဲ့ မဒီလေး မဟုတ်လား"

"ဟုတ်တယ်ကွ"



"ဘယ်လိုလုပ်ပြီး အဲဒီကောင်မလေးနေတဲ့နေရာကို သိသွားလဲမသိဘူး"

"သြော်…ဟုတ်ပြီ၊ ငါသဘောပေါက်ပြီ"

"ဘာသဘောပေါက်တာလဲ"

ကျော်လှမျိုးက ကောင်းသော်စကားကို သိချင်ဇောဖြင့် အလောတကြီး မေးကြည့်သည်။

"မနေ့က ဘုရားပေါ်မှာ သွားနှုတ်ဆက်တာ သူတို့ပဲဖြစ်မယ်၊ ဒါကြောင့် ရှင်းသန့်လိပ်စာ သိသွားတာပေါ့"

"သြော်…ဒီလိုကိုး၊ ရှင်းသန့် တော်တော်ခြေလှမ်းသွက် နေပါလား"

သူတို့ကိုတွေ့တော့ ရတနာက ရှင်းသန့်အား…

"ကိုရှင်းသန့် သူငယ်ချင်းတွေလား"

"ဟုတ်တယ်လေ၊ သူတို့နဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒီက ကျော်လှမျိုး၊ သူက ကောင်းသော်၊ သူငယ်ချင်းတို့ ဒီက ရတနာ၊ သင်းရန်နုတဲ့"

"ကားပေါ်မှာ ဆုံခဲ့ဖူးတာပဲ၊ ရှင်းသန့်က မရတနာတို့နဲ့ ဆုံတာမပြောဘဲ လျှိုထားတော့ ဒီကိုရောက်တာပေါ့ စတိုးဆိုင်

www.burmeseclassic.com

www.burmeseclassic.com



က တစ်ခုခုလာဝယ်တာ ထင်နေတာ"

"အဟင်း…ဟင်း ဒီစတိုးဆိုင်က ရတနာ့အဒေါ်ဆိုင်လေ။ လမ်းဘေးဆိုတော့ အောက်ထပ်မှာပဲ ဆိုင်ဖွင့်ထားတာ၊ ရတနာတို့လည်း ဒီမှာပဲတည်းကြတယ်"

"ရန့်နဲ့ရတနာတို့ ကားပေါ်တက်၊ သွားကြရအောင်"

ကားခေါင်းမှာ ရှင်းသန့်နှင့်အတူ သင်းရန့်နှင့် ရတနာတို့က ထိုင်လိုက်ကြသည်။ သင်းရန့်တို့ လိုက်ပါလျက် ရှင်းသန့်တို့ကားလေးက မကြာမီ ဦးပိန်တံတားဆီသို့ တရိပ်ရိပ်ပြေးလွှားကာနေလေသည်။

ရှင်းသန့်မှာတော့ သင်းရန့်ဆိုသော သူမလေး လိုက်ပါလာသဖြင့် ရင်မှာ ပျော်ရွှင်ကြည်နူးသော စိတ်လေးများဖြင့် ရင်ခုန်လှုပ်ရှားလျက်။

❖ ❖ ❖

## အခန်း (၅)

တောင်သမန်အင်းကွင်းပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးများကြောင့် သင်းရန့်၏ အပြာနုရောင်ကိုယ်ကြပ်ဂါဝန်ရှည်လေး၏ အနားစလေးများ တဖျတ်ဖျတ်လွင့်နေရကာ နက်မှောင်ပျော့အိလွန်းသော ပိုးသားဆံပင်ရှည်ရှည်လေးများကလည်း အရှိန်းဆန်စွာ လွင့်မျောနေကြပါသည်။

ကျော်လှမျိုးတို့နှင့် ရတနာ အဖွဲ့ကျလျက် ရယ်မောလိုက်ကြသော ရယ်သံများကို ရှင်းသန့်တို့ ကြားနေရ၏။

"ရန့်"

"ရှင်"

"ရန့် သိပ်လှတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



“အို”

ရှင်းသန့်က အလှကြီးလှနေသော သင်းရန့်ကို ရှုန်းရှုန်း
စားကြည့်ကာ ပြောလိုက်သဖြင့် သင်းရန့် ရင်ခုန်လှုပ်ရှားသွားရ

စင်ရော်တောင်မျက်ခုံး၊ ကြည်လင်ကာ နက်မှောင်လွှ
သည့် မျက်နက်ဝန်းလုလုလေးအစုံ၊ သည်နောက် နှာတံလုလု
သွေးကြောလေးများပင် မြင်နေရသည့် ဖြူနုသော ပါးပြင်နု
နှင်းဆီဖူးလေးလို မစူတစူ ခပ်ဟဟ အစွမ်းကုန်ပွင့်တော့မည့်
နှုတ်ခမ်းဖူးဖူးလေးအစုံက ဆေးမဆိုးဘဲ သဘာဝသွေးရောင်ဖြ
အသည်းယားဖွယ် လှပလွန်းနေသည်က မြင်ရသူကို အသည်းယား
ဘဝင်ခိုက်ချင်စရာပင်။ သူ့စကားကြောင့် တစ်ဆက်တည်း သင်း
၏ ဖြူနုလှပလွန်းသော မျက်နှာလေးမှာ ပန်းနုရောင်ရိပ် ဖြတ်သန်း
သွားကြသည်။

“ကိုရှင်းသန့်ကလဲ”

“ဟုတ်တယ်၊ ကျွန်တော် တကယ်ပြောတာပါ”

“ရန့် ဘာမုန့်ဝယ်ကျွေးရမလဲ”

“ဘာမှဝယ်ကျွေးစရာ မလိုပါဘူး၊ ကျွန်တော်မြှောက်ပြော
နေတာမှ မဟုတ်တာ”



အရိပ်ကောင်းသော သစ်ပင်တန်းများအောက်မှာ
သမ်းလျှောက်ရင်း သင်းရန့်မှာ ဘေးတိုက်မြင်နေရသော သူ့မျက်နှာ
ချောချောကို မသိမသာ ရင်ခုန်နေမိပါသည်။

“ရန့်ပြောတဲ့ ရန်ကုန်က လိပ်စာအတိုင်းဆို ကျွန်တော်တို့
နဲ့ သိပ်မဝေးဘူးပဲ”

“ဟုတ်တယ်၊ သိပ်မဝေးဘူး၊ ကိုရှင်းသန့်လိပ်စာနဲ့
ရပ်ကွက်ချင်း နီးနီးပဲ”

“ရန်ကုန်ရောက်ရင် ကျွန်တော် အလည်လာမယ်နော်”

“လာခဲ့ပေါ့”

“ကျွန်တော့်ကို ဘုရားမှာတုန်းကလို မမှတ်မိဘူးပြောမှာ
လား”

“ရန့်နဲ့ ကိုရှင်းသန့်တို့က မိတ်ဆွေသူငယ်ချင်းဖြစ်သွားပြီ
ပဲ၊ အဟင်း...ဟင်း ဘယ်မမှတ်မိလို့ ရတော့မှာလဲ”

“ရန့်ကို ကျွန်တော် တစ်ခုမေးချင်တယ်”

“မေးလေ၊ ဘာမေးမလို့လဲ”

“ရန့်လို သိပ်လှတဲ့ မိန်းကလေးတစ်ယောက်မှာ ချစ်သူ
ရှိမှာပဲနော်”

www.burmeseclassic.com

www.burmeseclassic.com



ရှင်းသန့်အပြောကြောင့် သင်းရန့်၏ လှပသောမျက်နှာ
လေးက အံ့သြသွားပုံဖြင့်...

"ရန့်မှာ ချစ်သူရှိလားလို့ ဘာကြောင့်သိချင်ရတာလဲ"

သင်းရန့်က ရှင်းသန့်မျက်နှာကို ကြည့်ကာ ပြန်မေးလာ
သဖြင့် ရှင်းသန့် အဖြေရခက်သွား၏။

"အကြောင်းရှိလို့ပေါ့"

"အဟင်း...ဟင်း ဒါဆို ရန့်ကလည်း ကိုရှင်းသန့်ကို
မေးချင်တယ်"

"ဘာမေးမှာလဲ"

"ကိုရှင်းသန့်မှာရော ချစ်သူမရှိဘူးလား"

"ဟင့်အင်း...ကိုယ့်ရင်ထဲက ချစ်ရမယ့်မိန်းကလေး
မတွေ့ခဲ့ဘူး၊ ဒါကြောင့် ချစ်သူမရှိသေးဘူး"

"ဟုတ်လို့လား"

"ရန့်က မယုံဘူးလား"

"မယုံဘူးရယ်လို့ မဟုတ်ပါဘူး၊ ယောကျ်ားတွေက ဒီ
ပဲ ပြောတတ်ကြသလားလို့"

"အဲဒီယောကျ်ားတွေထဲမှာ ကိုယ်မပါတာတော့ အမှန်ပဲ"



"ရန့်က သဘောပြောတာပါ"

သူမစကားကြောင့် မျက်နှာပျက်သွားသော ရှင်းသန့်၏
မျက်နှာချောချောကို သင်းရန့်က အပြုံးလေးဖြင့်ကြည့်ကာ
ပြောသည်။

"ရန့်မေးတာ ကိုယ်ဖြေပြီးပြီလေ၊ ရန့်လည်း ကိုယ်မေး
ထားတာ ဖြေပါဦး"

"ဘာဖြေရမှာလဲ"

မသိချင်ယောင်ဆောင်ကာ သင်းရန့်က ဆို၏။

"ရန့်မှာ ချစ်သူရှိသလားဆိုတာ"

"ရန့်မှာ ချစ်သူရှိတာမရှိတာ ကိုရှင်းသန့်အတွက်
ဘယ်လောက်အရေးပါနေလို့လဲ"

သင်းရန့်က ရှင်းသန့်မျက်နှာကို တည့်တည့်စိုက်ကြည့်
လျက်က ထိုမေးခွန်းကို မေးလိုက်ခြင်းဖြစ်သည်။

"အရေးပါတာပေါ့၊ အနည်းဆုံး ရန့်ရဲ့မင်္ဂလာဆောင်မှာ
အကောင်းဆုံး ဘာလက်ဖွဲ့ပေးရမလဲလို့ စဉ်းစားလို့ရတာပေါ့"

"အို...ဘာလက်ဖွဲ့မှလည်း မလိုချင်ဘူး၊ ရန့်ချစ်သူဆို
တာလည်း မရှိသေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



ရန့်မျက်နှာလှလှလေး ဖျတ်ခနဲမဲ့လျက် ပြောလိုက်သော သင်းရန့် မျက်နှာရိပ်ကြောင့်

"ရန့် ကိုယ့်ကို စိတ်ဆိုးသွားတာလား၊ ကိုယ့်စကားထဲမှာ ဘာအမှားပါသွားလို့လဲ"

"စိတ်မဆိုးပါဘူး၊ ကိုရှင်းသန့်စကားထဲမှာလည်း ဘာအမှားမှမပါဘူး"

"ဒါဆို ရန့် ဘာဖြစ်သွားတာလဲ"

"ရန့် ဘာဖြစ်လို့လဲ"

"မသိဘူးလေ၊ ရန့်ပုံစံက ကိုယ့်ကို စိတ်ဆိုးသွားသလားလို့"

ရှင်းသန့်က ရန့်မျက်ဝန်းလေးတွေကို စူးစိုက်ကြည့်ကာ ပြောလိုက်သည်။

"ကိုရှင်းသန့်က ရန့်စိတ်ဆိုးမှာ ဘာလို့စိုးရိမ်နေရတာလဲ"

"ရန့်စိတ်ဆိုးပြီး ကိုယ့်ကိုမခင်တော့မှာ စိုးလို့"

"အဟင်း...ရန့်က စိတ်အပြောင်းအလဲ မြန်တတ်တဲ့ မိန်းကလေးမျိုးမဟုတ်ပါဘူး"

"ရန့်"



"ဟင်"

ခေါ်သံကြောင့် သူမမော့ကြည့်တော့ ရှင်းသန့်၏ ရွှန်းလဲ့တောက်ပသော မျက်ဝန်းများကို တွေ့ရသည်။ ထိုမျက်ဝန်းတွေထဲ အဓိပ္ပာယ်ကို သင်းရန့် သိနေသလိုလို။

"ပြောလေ ကိုရှင်းသန့်၊ ဘာပြောမလို့လဲ"

"ကိုယ်တို့ ပြန်လှည့်ကြရအောင်၊ ဟိုကောင်တွေ စောင့်နေတော့မယ်"

ရှင်းသန့်နှင့် သင်းရန့်တို့ အတူပြန်လာသည်ကို ရတနာတို့နှစ်စု ငေးကြည့်နေကြသည်။ ယောကျ်ားပီသစွာ ချောမောခန့်ညားသော ရှင်းသန့်နှင့် ဝင်းစက်ဖြူစင်စွာ သိပ်ကိုလှပလွန်းသည့် သင်းရန့်တို့နှစ်ယောက်ကို ချစ်သူစုံတွဲဟု ထင်မှတ်ပြီး ဆိုင်ထဲမှလူအများက အားကျသလို ငေးကြည့်နေကြသည်။

"မိတယ်ကွာ"

"ဘာမိတာလဲ"

"သြော်...ရှင်းသန့်နဲ့ သင်းရန့်တို့နှစ်ယောက်ကို ပြောတာပါ၊ ဗီဒီယိုထဲက မင်းသားနဲ့ မင်းသမီးပဲ"

"ဗီဒီယိုဆိုတာ ပြပြီးတာနဲ့ ပြီးသွားတတ်တာ"

www.burmeseclassic.com

www.burmeseclassic.com



ကျော်လှမျိုးနှင့် ကောင်းသော်တို့စကားကို နားထောင်နေသော ရတနာက ဆိုလိုက်သည်။

ရတနာ ဘာကိုဆိုလိုမှန်း သူတို့နှစ်ယောက် သဘောမပေါက်လိုက်ပေမယ့် ရတနာကတော့ ထိုစကား၏ရည်ရွယ်ရာ သူမဘာသာ သိပြီးသား။

❖ ❖ ❖

"ဘယ်လို ရန်၊ ကိုရှင်းသန့်က နင့်မှာချစ်သူရှိလားလို့ မေးတယ် ဟုတ်လား"

ရတနာက အိပ်ခန်းထဲက ခုတင်ထက်ဝယ် လဲလျောင်းနေရင်းမှ သင်းရန့်ကိုကြည့်ကာ မေးလာသည်။

ရှင်းသန့်တို့ သူမတို့ကို ပြန်ပို့ပြီးနောက် အိမ်နေအဝတ်အစားလဲပြီး ရေမချိုးမီ စကားပြောနေကြသည်။

"ဟုတ်တယ်၊ ငါကလည်း အားကျမခံ သူ့မှာချစ်သူရှိလားလို့ ပြန်မေးလိုက်တာပေါ့"

"သူက ဘာပြန်ပြောလဲ"

"သူ့မှာ ချစ်သူမရှိဘူးတဲ့၊ ပြီးတော့ ငါ့မှာချစ်သူရှိလားလို့ ထပ်ပြီးမေးနေတော့တာပဲ"

"နင် ဘယ်လိုဖြေလိုက်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါ့မှ ချစ်သူမှမရှိတာ၊ မရှိဘူးပဲ ဖြေလိုက်တာပေ့"

"ဒါဆိုရင် ငါထင်သလို နင်တို့နှစ်ယောက် စတော

စတော့မယ်ထင်တယ်"

ရတနာ့မှာ အထက်တန်းကျောင်းသူဘဝကတည်း

တွဲလာခဲ့သော သူငယ်ချင်း သင်းရနံ့၏ လှပလွန်းသော မျက်

လေးကို ကြည့်လိုက်မိသည်။

တကယ်ဆို သင်းရနံ့၏ အလှဂုဏ်သတင်းကြောင့်

အချစ်ကို လိုချင်သည့် ယောကျ်ားများ သူ့မအနားမှာ ဝိုင်းဝိုင်း

နေခဲ့ပေမယ့် ယနေ့အချိန်အထိ သင်းရနံ့ ဘယ်သူ့ကိုမှ စိတ်

စားခဲ့တာ ရတနာ အသိဆုံး။

✧ ✧ ✧

## အခန်း (၈)

"ဘယ်လို မာမီ၊ မာမီပြောတဲ့စကားကို သား နားမလည်

ဘူး"

"အမလေး...သားရယ်၊ ခေတ်လူငယ်ဖြစ်ပြီး အရိပ်ပြ

ကောင်မထင်ဘူး၊ ကြယ်စင်မှူးဆိုတဲ့ မိန်းကလေးကို သား

သဘောကျရဲ့လားလို့"

ရှင်းသန့် ဟမ်းဖုန်းဖြင့် ရန်ကုန်က မာမီ ဒေါ်ပေရယ်နှင့်

စကားပြောနေခြင်းဖြစ်သည်။

"ကြယ်စင်မှူးကို သားက ဘာလို့သဘောကျရမှာလဲ"

"ဟင်း..ဟင်း မာမီ့သားကတော့လုပ်ပြီ၊ ကြယ်စင်မှူးနဲ့

သားကို မာမီတို့က လူကြီးချင်း သဘောတူနေလို့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ…မာမီကလည်း၊ ကြယ်စင်မှူးကို သား
ရင်မခုန်ဘူး"

"အခု ရင်မခုန်လည်း နောက်တော့ ရင်ခုန်သွားမှာ
သားရယ်"

သားရင်ခုန်နေတာ တစ်ယောက်ဟု မာမီ့ကိုပြောလိုက်
ပေမယ့် ဒီအချိန်မှာ ပြောဖို့မသင့်သေး။ သင်းရနံ့နှင့်ပတ်သက်
အခုမှ သူက ကြိုးစားနေတုန်း။

"မာမီရာ…သား အိမ်ထောင်မပြုချင်သေးဘူး"

"အင်းပါ၊ ချက်ချင်းကြီး လက်ထပ်ပေးမှာမှ မဟုတ်
တာ၊ သား ကြယ်စင်မှူးကို လေ့လာအကဲခတ်လို့ရအောင် မာမီ
လှမ်းပြောတာ"

"ကြယ်စင်မှူးက ဒီကိစ္စတွေသိလား"

"ကြယ်စင်မှူးဒက်ဒီနဲ့တော့ လူကြီးချင်း ပြောထားတာ
ကြယ်စင်မှူးလည်း သိမယ်ထင်တယ်၊ ကြယ်စင်မှူး ငယ်ငယ်
တော့ မာမီမြင်ဖူးတယ်၊ ချစ်စရာလေးပါ၊ ကြီးမှ တစ်ခေါက်
မတွေ့ဖူးသေးဘူး၊ သမီးလေးက ကြီးတော့ ပိုပြီးလှလာမှာ
ဘယ်လိုလဲသား သမီးကြယ်စင်မှူးက လှရဲ့လား"



"လှပါတယ် မာမီ"

"ဒါဆို သမီးကြယ်စင်မှူးကိုပဲ မာမီက ချွေးမတော်ဖို့
ဆုံးဖြတ်လိုက်ပြီနော်၊ ကျန်တာကိုတော့ သားတို့ချင်း ညှိယူကြ
တော့ပြီလား"

"မာမီ"

မာမီက ကြယ်စင်မှူးနှင့်ပတ်သက်ပြီး ရှင်းသန့်ကို အပိုင်
ပြောကာ ဖုန်းချသွားသည်။

ဒီအတိုင်းဆို ကျော်လှမျိုးတို့ ရှင်းသန့်ကို မှန်းဆထားခဲ့
သည့်အတိုင်း ကြယ်စင်မှူးနှင့် လူငယ်ချင်း ရင်းနှီးဖို့ တမင်လွှတ်
လိုက်တာ သေချာသွားပြီ။

"ဘယ်ကဖုန်းလဲ"

အနားရောက်လာသော ကျော်လှမျိုးနှင့် ကောင်းသော်က
ရှင်းသန့်ကို မေးသည်။

"မာမီဆီကပါ"

"ဘာလဲ ပြန်လာတော့တဲ့လား"

"ပြန်လာခိုင်းတာတော့ မဟုတ်ဘူး"

"ဒါဆိုဘာတဲ့လဲ"

www.burmeseclassic.com

www.burmeseclassic.com



''မင်းတို့ထင်ထားသလို ငါနဲ့ ကြယ်စင်မှူးကို လူကြီး ချင်း သဘောတူထားတယ်တဲ့၊ အဲဒါ ကြယ်စင်မှူးကို သဘောကျ လားလို့ လှမ်းမေးတာ''

''ဒါပဲပေါ့၊ ငါတို့ထင်ထားတာ ကွက်တိပဲ၊ ကြယ်စင်မှူး လို မိန်းကလေးကို ရရင် မင်းသိပ်ကံကောင်းမယ်၊ တစ်ဦးတည်း သောသမီး၊ ဆရာဝန်၊ ပညာတတ်၊ ဥစ္စာပေါ၊ ရုပ်ချော မိန်းကလေး ကို မင်း ဘာမှသဘောမကျစရာ အကြောင်းမရှိဘူး''

ကောင်းသော်က ထိုစကားကိုပြောသည်။

''ဒါပေမဲ့ ငါ ကြယ်စင်မှူးကိုမှ ရင်မခုန်တာ''

''ဟကောင်ရ...ဒီအသက်အရွယ်တွေ ရောက်နေပြီ ရင်ခုန်တာတွေ ဘာတွေ လာပြောမနေနဲ့၊ မင်းအရွယ်က ဒါမျိုးပြော ရမယ့် လူပျိုပေါက်အရွယ် မဟုတ်တော့ဘူး''

ကျော်လှမျိုးကပါ ဝင်ပြောသည်။

ကျော်လှမျိုးတို့ပြောတာ မှန်ပါသည်။ ကြယ်စင်မှူးလို မိန်းကလေးကို ဘာမှငြင်းပယ်စရာ အကြောင်းမရှိတာလည်း သေချာ သည်။

သို့ပေမယ့် သူ့ရင်ထဲမှာက တစ်စုံတစ်ယောက်။ အချစ်ဆိုတဲ့



အရာကလည်း ခက်သည်။ ရတာမလို လိုတာမရ ဖြစ်တတ်တာမျိုး။

xxxx

ရှင်းသန့်ရင်ထဲက ဘဝတစ်လျှောက်လုံး မိန်းကလေးတွေ နှင့်ပတ်သက်ပြီး တည်ငြိမ်ခဲ့ရသော နှလုံးသားက သင်းရနံ့ဆိုသည့် သူမလေးနှင့်တွေ့မှ သူ့နှလုံးသားက လှုပ်ခတ်ခဲ့ရပြီ။

ဖြူစင်ရှင်းသန့်ကာ လှပလွန်းရသည့် သင်းရနံ့မျက်နှာလေး ကို မြင်မြင်ချင်းခဏမှာပင် အိပ်ပျော်နေခဲ့သော ရှင်းသန့်နှလုံးသားထဲ က အချစ်ဆိုတဲ့ အရာလေးက သက်ဝင်နိုးထ လှုပ်ရှားဆန်းကြယ် စွာ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သည်။

ဝင်းဝါစိုပြေသော အသားအရေ၊ အချိုးအစားကျသော ခန္ဓာကိုယ်နှင့် တင်ပါးအောက် ဖြာဝဲကျနေသော ပိုးသားနှယ် ဆံနွယ် ညိုကြီးများကို ပိုင်ဆိုင်ထားသော သင်းရနံ့သည် ရှင်းသန့်ရင်ထဲက ငြိစေသည့် ထူးခြားတဲ့ အလှပိုင်ရှင်လေးပင်ဖြစ်သည်။

ထိုအလှပိုင်ရှင်လေးက ရှင်းသန့်နှလုံးသားထဲမှာ နေရာယူ ထိုက်ပြီ။

ကြယ်စင်မှူးကိုတော့ ရှင်းသန့် ကိုယ့်ညီမလေး တစ်ယောက်လိုပင် သဘောထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင်မှူးတစ်ယောက် ရှင်းသန့်နှင့်ပတ်သက်ပြီး ဒက်ဒီ ဦးမိုးကျော် ပြောခဲ့သည့်စကားများကြောင့် ကြယ်စင်မှူးစိတ်လေးတွေ လှုပ်ရှားနေရပါသည်။

မှန်ပါသည်။

ကြယ်စင်မှူးနှင့် ကိုရှင်းသန့်တို့ လက်ထပ်ပေးဖို့ လူကြီးချင်း ပြောဆိုထားပြီးဖြစ်ကာ ဒီကိုလာရသည်ကလည်း ကြယ်စင်မှူးနှင့် ရှင်းသန့်ကို တွေ့စေချင်၍ဖြစ်ကြောင်း ဒက်ဒီပြောပြစဉ်က သူမ အတော်ကြီး အံ့သြခဲ့ရသည်။

ဒီအကြောင်းတွေနှင့် ပတ်သက်ကာ ကြယ်စင်မှူး ဘာတစ်ခုမှ သိမထားခဲ့။ ယခု ဒက်ဒီပြောပြမှ သိရခြင်းဖြစ်သည်။

သို့သော် ဒက်ဒီက ရှင်းသန့်ဆိုသော သူနှင့်ပတ်သက်ပြီး ကြယ်စင်မှူး သဘောဆန္ဒအတိုင်း ဖြစ်စေရပါမည်ဟု ကတိပေးထားသည်။

"ကိုရှင်းသန့်"

သူနှင့်ပတ်သက်ပြီး ကြယ်စင်မှူး သူမကိုယ်သူမ ဆန်းစစ်နေမိသည်။

ကိုရှင်းသန့်နှင့် ပတ်သက်ပြီး ကြယ်စင်မှူးစိတ်ထဲမှာ



တစ်မျိုးလေး ခံစားနေရသည်ကတော့ အမှန်။ ထိုခံစားမှုကို ဘာခံစားမှုရယ်လို့ အဓိပ္ပာယ်မဖော်တတ်တာတော့ အမှန်။

သူမ၏ တမင်ဂျစ်တစ်တစ်စကားများကို ကြားတော့ ရှုတည်တည် ဖြစ်ဖြစ်သွားတတ်သော ကိုရှင်းသန့်၏ မျက်နှာချောချောပုံရိပ်က သူမမျက်စိထဲမှ မထွက်။

ကြယ်စင်မှူးအနားမှာ ရှိနေသည့် ဂုဏ်ရည်တူအသိုင်းအဝိုင်းထဲက ယောကျ်ားတွေအပေါ် သူ ဒီလိုမျိုး တစ်ခါမှ မခံစားခဲ့ရဖူးပါ။ ဘာခံစားချက်မှမရှိဘဲ ယောကျ်ားတွေအပေါ် ခေါင်းမော့ဝင့်ကြွားစွာ နေခဲ့သော ကြယ်စင်မှူးအတွက် ကိုရှင်းသန့်ဆိုသောသူနှင့်တွေ့မှ သူမဘာတွေဖြစ်နေပြီလဲ။

ဘုရားရေ။

ကိုရှင်းသန့်ဆိုသောသူကို သူမ ချစ်မှားချစ်မိသွားပြီလား။

အချစ်ဆိုသောအရောက် ဤမျှ မြန်ဆန်ပါသလား။

သူနှင့်ပတ်သက်၍ စဉ်းစားရင်း ကြယ်စင်မှူး ညက တော်တော်နှင့် အိပ်မပျော်ခဲ့။ ကိုရှင်းသန့်တို့ ပြန်လာတာသိပေမယ့် ကြယ်စင်မှူး ထွက်မတွေ့ဖြစ်။

နံနက်ခင်း အိပ်ရာမှထထခြင်း ကြယ်စင်မှူး ရေချိုးခန်း

www.burmeseclassic.com

www.burmeseclassic.com



လေးထဲ ဝင်လိုက်သည်။

အေးမြသည့် ရေစက်ရေပေါက်လေးများနှင့် ထိတွေ့လိုက်သည်ဆိုရင်ပဲ ကြယ်စင်မှူးတစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းလျက် စိတ်မှာ ကြည်လင်အေးမြသွားရသည်။

ရေချိုးခန်းထဲတွင် ကြယ်စင်မှူးသည် အချိန်အတန်ကြာအောင် ရေကို စိမ်ချိုးလိုက်ပြီးနောက် ကြည်ပြာလွှင်လွှင် ကိုယ်ကြပ်ဂါဝန်ရှည်လေးကို ဝတ်ကာ သူမဆံပင် ညိုမှောင့်မှောင့်လေးများကို ခေါင်းဘီးနှင့် တစ်ချက်နှစ်ချက် ဖြီးချလိုက်သည်။

မှန်ထဲတွင် မြင်နေရသော ကြယ်စင်မှူး၏ လှပသော မျက်နှာလေးက ဘာမှမပြင်မဆင် မခြယ်မသပါဘဲနှင့်ကို သဘာဝဆန်သည့်အလှဖြင့် လှပလွန်းနေပါသည်။

မိန်းကလေးများထဲတွင် မြင့်သောအရပ်နှင့် သွယ်လျသော ခန္ဓာကိုယ်က သူနေရာနှင့်သူ အချိုးအစားပြေပြစ်တင့်တယ်လွန်းက ဖြူစင်ဝင်းနစ်နေရသော အသားအရေက ကြယ်စင်မှူးအလှကို ပို၍ ထူးခြားစေသည်။

"လာ…သမီးလေး၊ နိုးပြီလား၊ သမီးလည်း အန်တီတို့ ပြုစုရတာ တော်တော်ပင်ပန်းသွားပြီထင်တယ်"



"မပင်ပန်းပါဘူး အန်တီရယ်၊ အန်တီ နေပြန်ကောင်းသွားတာကိုက ဝမ်းသာစရာ"

ထမင်းစားခန်းရောက်တော့ အန်တီမိုးသူက ကြယ်စင်မှူးကို မြင်သဖြင့် ပြောလိုက်သည်။

မနက်စာ ကော်ဖီဝိုင်းတွင် ဒက်ဒီနှင့် ကိုရှင်းသန့်တို့ တစ်တွေပါ ထိုင်နေကြသည်။

"ဘယ်လိုလဲ…ကိုရှင်းသန့်တို့တစ်တွေ မနေ့က ဘယ်တွေရောက်ခဲ့လဲ"

"တောင်သမန်က ဦးပိန်တံတားနဲ့ အဲဒီတစ်ဝိုက်နားက ဘုရားတွေ ဖူးခဲ့တယ်"

"ဒါဆို မန္တလေးဘက်တော့ စုံသလောက်ရှိပြီ၊ စစ်ကိုင်းတောင်ဘက် ကြယ်စင် လိုက်ပို့ပေးမယ်"

ကြယ်စင်မှူးက ရှင်းသန့်နှင့် မျက်ဝန်းချင်းဆုံကာ ပြောလိုက်သည်။

"မောင်ရှင်းသန့်တို့ ကျောင်းလည်း ပြီးသွားပြီဆိုတော့ ဘာလုပ်မယ် စိတ်ကူးထားလဲ"

"ဒက်ဒီကတော့ သူ့ကုမ္ပဏီမှာပဲ လုပ်စေချင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com





ကျွန်တော့်စိတ်ကူးကတော့ ဆောက်လုပ်ရေးလုပ်ငန်းပဲ လုပ်မလား လို့၊ ဒက်ဒီနဲ့ ပြန်တိုင်ပင်ရဦးမယ်''

''ဦးလေးက စင်ကာပူမှာရှိတော့ အဲဒီမှာ ကျွန်တော် အလုပ်လုပ်ဖို့ စိတ်ကူးထားပါတယ်''

ကျော်လှမျိုးက ပြောသည်။ ကောင်းသော်က

''ကျွန်တော်ကတော့ သင့်တော်တဲ့ စီးပွားရေးလုပ်ငန်း လုပ်မယ်လို့ စိတ်ကူးထားပါတယ်''

''အေးပေါ့…လူငယ်တွေဆိုတော့ အတွေးသစ်၊ အမြင် သစ်နဲ့ တက်တက်ကြွကြွလုပ်ရင် ဘာလုပ်ငန်းပဲဖြစ်ဖြစ် အောင်မြင် မှာပါ''

''ဟုတ်ကဲ့ပါ အန်ကယ်''

''သမီးကတော့ ပိုစတင်စောင့်နေတာ၊ ဆရာဝန်လုပ်ရင် လူကြီးဆန်ရမယ်လို့တော့ အန်ကယ်က-ဆုံးမတာပဲ၊ မောင်ရှင်းသန့် လည်း မင်းညီမကို ကြည့်ပြီးပြောပေါ့''

အန်ကယ်ဦးမျိုးကျော်က ဘာအဓိပ္ပာယ်နှင့် ဆိုလိုက်မှန်း မသိပေမယ့် ရှင်းသန့်မှာတော့ မျက်နှာအနည်းငယ်ပူသွားရသဖြင့် ကြယ်စင်မှူးမျက်နှာကို ဖျတ်ခနဲ ကြည့်မိသည်။

ဘာကိုမှ သတိထားမိပုံမရသော မျက်နှာမျိုးဖြင့် ကြယ်စင် မှူးက ကော်ဖီကို ငုံ့သောက်နေသည်။

''ကဲ…သမီး ဒက်ဒီ ဆေးရုံသွားလိုက်ဦးမယ်၊ မောင်ရှင်းသန့်တို့ သူငယ်ချင်းတစ်တွေလည်း ဘာမှအားမနာနဲ့နော်၊ လွတ်လွတ်လပ်လပ်သာနေကြ''

''ဟုတ်ကဲ့ပါ အန်ကယ်''

အန်ကယ် ဦးမျိုးကျော်က သူတို့ကို နှုတ်ဆက်ပြီး ဆေးရုံ သို့ ထွက်သွားသည်။

''ကဲ သမီးတို့ သွားစရာရှိသေးတယ်မဟုတ်လား၊ အဝတ် အစားသွားလဲလေ၊ စောစောသွားတော့ နေပူသက်သာတာပေါ့''

''ဒါဆို ကိုရှင်းသန့်တို့လည်း အဝတ်အစားလဲကြလေ၊ အဝတ်အစား သွားလဲလိုက်မယ်၊ ခဏနေရင် သွားကြတာပေါ့''

ရှင်းသန့်မှာ ကြယ်စင်မှူးကို ကြည့်ပြီး ဘာစကားမှ မဆိုမိ ပါ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"ရှင်းသန့်…မင်းဘာဖြစ်နေတာလဲ"

"ငါဘာဖြစ်လို့လဲ"

"မသိဘူးလေ၊ မင်းကြည့်ရတာ ဝေါင်တောင်တော ဖြစ်နေသလားလို့"

ကောင်းသော်က ရှင်းသန့်ကိုကြည့်ကာ ပြောသည်။

"ဘာဖြစ်ရမလဲကွာ၊ ဒီကောင် ဟိုမဒီလေးဆီ စိတ်ရော နေတာဖြစ်မှာပေါ့"

"ရှင်းသန့်…ရှင်းသန့်၊ အရင် ရှင်းသန့်ပုံစံနဲ့ တခြားစီ လား"

"ဘာလဲ…မင်း သင်းရနံ့ဆိုတဲ့ မဒီလေးကို တကယ် ကြည့်နေတာလား"

"ဟုတ်တယ်၊ အမှန်အတိုင်းပြောရရင် ငါ့ဘဝမှာ တစ်ခါ ခံစားဖူးတဲ့ အချစ်မျိုးနဲ့ သင်းရနံ့ကို ချစ်နေမိပြီ"

တည်ငြိမ်လေးနက်စွာ ပြောလိုက်သော ရှင်းသန့်မျက်နှာကို ကောင်းသော်နှင့် ကျော်လှမျိုးက စိုက်ကြည့်သည်။

"မင်းတော့ ရူးပြီ"

"ဘာဖြစ်လို့ ငါက ရူးရမလဲ"

"ရူးတာပေါ့ကွ၊ နေနဲ့လ၊ ရွှေနဲ့မြ ဖြစ်နေတဲ့ ကြယ်စင်မှူး မိန်းကလေးကို မင်းက စိတ်မဝင်စားဘဲ တခြားမိန်းကလေး ယောက်ကို စိတ်ဝင်စားနေတာ"

"ဟုတ်တယ် ရှင်းသန့်၊ သင်းရနံ့ချောသလို ကြယ်စင်မှူး ည်း လှတာပါပဲ၊ မင်း ရွေးချင်းရွေးရင် အတွင်းသိအစင်းသိ ကြယ်စင်မှူးကိုပဲ ရွေးသင့်တယ်"

"အချစ်ဆိုတာ အဲလိုရွေးယူလို့မှ မရတာ"

ကောင်းသော်တို့နှစ်ယောက်စလုံး ရှင်းသန့်စကားကို ကြားရတော့ သူတို့ အထူးအဆန်း သတ္တဝါတစ်ယောက်တွေ့ရသလို ကြည့်ကြရင်း…

www.burmeseclassic.com



"ရည်းစားတောင် တစ်ခါမှ မထားခဲ့ဖူးတဲ့ မင်း အချစ်ဒဿနတွေက မိုက်လှချည်လား"

ကောင်းသော်က ရှင်းသန့်စကားကို ခနဲ့သလိုပြော သည်။

"ကဲပါလေ ငါတို့က သူငယ်ချင်းတွေဖြစ်လို့ အကြ တာပဲရှိတယ်၊ မင်းရင်ထဲက အချစ်ဆိုတာကို မင်းဦးနှော တိုင်းတာကြည့်ဦးပေါ့"

သူတို့စကားပြောနေခိုက် ခြံစောင့်ကြီး ဦးစစ် ရောက်လာပြီး…

"ငါတူတို့ပြီးပြီလားတဲ့၊ သမီး မေးခိုင်းလိုက်တယ်"

"ပြီးပြီ ဦးလေး၊ လာပြီလို့"

သူတို့ထွက်လာတော့ ကားနားတွင် ရပ်နေသော ကြယ် မှူးကို တွေ့ရသည်။

"မြင်လား ရှင်းသန့်၊ ကြယ်စင်မှူး ဘယ်လောက် အတွေးမမှားနဲ့နော်"

ကောင်းသော်က ရှင်းသန့်နားကပ်ကာ ပြောသည်။

"ကိုရှင်းသန့်တို့ကလည်း ကြာလိုက်တာ"



"ဟုတ်တယ် ကြယ်စင်ရေ၊ ရှင်းသန့် နှုတ်ခမ်းနီဆိုးတာ စောင့်နေရလို့"

"အဟင်း…ဟင်း"

ကျော့လှမျိုး အရွှန်းစကားကို ကြယ်စင်မှူးက သဘောကျ ရယ်၏။

"ကိုရှင်းသန့်…မောင်းလေ"

ကားသော့ကို ရှင်းသန့်ထံ လှမ်းပေးလာသော ကြယ်စင် မှူးနှင့် ရှင်းသန့် အကြည့်ချင်း ဆုံဖြစ်သည်။

မျက်ဝန်းနက်လေးများက ရွှန်းလဲ့တောက်ပစွာ။

စစ်ကိုင်းတောင်ရှိ ဘုရားများကို သူတို့ဖူးပြီးနောက် ကြယ်စင်မှူးက…

"ကိုရှင်းသန့်တို့ ဘယ်တော့ပြန်မလဲဟင်"

"တစ်ရက်၊ နှစ်ရက်လောက်ဆို ပြန်မလားလို့"

"အင်းပေါ့လေ…အချိန်တန်ရင် အိမ်ပြန်ရမှာပေါ့"

"အဲဒီအိမ်ကို ကြယ်စင် လိုက်လို့ရတာပဲ"

"အို…ကိုကောင်းသော်ကလဲ"

ကောင်းသော်က ပြုံးစစ ဝင်ပြောလိုက်သဖြင့် ကြယ်စင်

www.burmeseclassic.com

www.burmeseclassic.com



မျိုး၏ လှပသော မျက်နှာလေးက ပန်းသွေးရောင်ထသွားရသည်။

"သော်…ကျွန်တော်က ရိုးရိုးသားသားပြောတာပါ ကြယ်စင့်အိမ် ရှင်းသန့် လာလည်သလို ရှင်းသန့်တို့အိမ်ကိုလည်း ကြယ်စင် လိုက်လည်လို့ရတာပဲ၊ ဟဲ…ဟဲ"

"ကိုကောင်းသော်နော် သွား ဘာ…ဟဲ…ဟဲ…လဲ"

ကြယ်စင်မျိုးက ရှက်မျက်နှာလေးဖြင့် ဆိုသည်။

"ကဲ…မင်းတို့နှစ်ယောက် လွတ်လွတ်လပ်လပ် စကားပြောကြဦး၊ တို့နှစ်ယောက် ဟိုဒီလျှောက်သွားကြည့်ဦးမယ်"

ကောင်းသော်က ကျော့လှမျိုးကိုခေါ်ပြီး ထွက်သွားသော ရှင်းသန့်နှင့် ကြယ်စင်မျိုးတို့ နှစ်ဦးသား ကျန်ခဲ့ကြသည်။

"ကိုရှင်းသန့်က ရန်ကုန်ပြန်တော့မယ်ဆိုတော့ မျှော်နေမှာပေါ့"

"ဘာဖြစ်လို့လဲ ကြယ်စင်ရဲ့"

"ကိုရှင်းသန့်ကို မျှော်နေတဲ့သူနဲ့ ပြန်ဆုံမှာမို့"

"မျှော်နေတဲ့သူ၊ အဲဒါ ဘာကိုဆိုလိုတာလဲ"

"ကိုရှင်းသန့် ချစ်သူတို့ဘာတို့ပေါ့"

"သော်…ရန်ကုန်မှာ ကိုယ့်ကို မျှော်နေမယ့်ချစ်သူ မရှိဘူး၊ ရှိရင်းရှိ ဒီမှာပဲရှိလိမ့်မယ်"



"ရှင်"

ရှင်းသန့်က ဆိုလိုက်တာ တစ်မျိုးဖြစ်ပေမယ့် ကြယ်စင်အတွက်တော့ ရှင်းသန့်စကားက အဓိပ္ပာယ်တစ်မျိုး သက်ရောက်သွားစေပါသည်။

ထို့ကြောင့် ကြယ်စင်မျိုးမှာ ရှင်းသန့်မျက်နှာချောချောကို ကြည့်ရဲတော့ဘဲ မျက်လွှာလေးအသာချကာ ရှက်မျက်နှာလေးဖြင့် ရှိနေရသည်။ ထို့နောက်…

"ကိုရှင်းသန့်ကို ကြယ်စင် ပြောစရာရှိတယ်"

"ပြောလေ ကြယ်စင်၊ ဘာပြောချင်လဲ"

"ကိုရှင်းသန့်နဲ့ ကြယ်စင့်ကိစ္စကို မနွေးမှ ဒက်ဒီပြောပြလို့ သိရတာ၊ ဒီကိစ္စနှင့်ပတ်သက်ပြီး ကြယ်စင်ကို အချိန်တော့ပေးပါနော်"

ကြယ်စင်မျိုးက ရှင်းသန့်ကိုကြည့်ကာ သူမပြောချင်ရာ ပြောချလိုက်သည်။

တကယ်တမ်းတော့ ကြယ်စင်မျိုးဆိုသော သူမမှာ ယဉ်ရှယ်နုပျိုလှပခြင်း၊ ချမ်းသာပြည့်စုံခြင်း၊ ဂုဏ်သိက္ခာအဝါနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပန်းမွေ့ယာရွှေကော်ဇောတို့ဖြင့် နေထိုင်ကြီးပြင်း ရှင်သန်လာခဲ့

သည် မှန်သော်လည်း သူမအတွက် ကြင်နာနွေးထွေးသော မေတ္တာ

တရားကို မျှော်လင့်နေသူ။

မိဘဆိုးလေးအဖြစ်နှင့် နေထိုင်ကြီးပြင်းလာရသည့် အ

တစ်လျှောက်လုံးမှာလည်း ဒက်ဒီက ကြယ်စင်မှူးအနားမှာ အ

နေနိုင်ရှာသူမဟုတ်။ များပြားသော လူမှုစီးပွားရေးအလုပ်တွေထဲ

ပဲ အချိန်ကုန်နေခဲ့သူ။ အန်တီမိုးသူတစ်ယောက်သာ မရှိလျှင် သူ

ဘဝက ခြောက်ကပ်စွာ နေထိုင်ကြီးပြင်းရမည့်ဘဝ။

အလျှံပယ်နေသော ရုပ်ဝတ္ထုပစ္စည်း၊ ရတနာစိန်ရွှေတွေ

ကြယ်စင်မှူးအတွက် ပူပင်စရာမလိုလောက်အောင် ရှိနေပေမယ့်

ကြယ်စင်မှူး လိုချင်တောင့်တသည်က ကြင်နာနွေးထွေးသော

မေတ္တာတရားသာဖြစ်သည်။

❖ ❖ ❖

## အခန်း (၁၀)

"နင်ဘယ်လို စဉ်းစားထားလဲ"

"ပြန်ရမှာပေါ့ဟာ၊ မာမီကမှ နေမကောင်းတာ"

ရတနာက သင်းရနံ့ရဲ့ ခုတင်ပေါ်မှာ ဝင်ထိုင်ရင်းက

သည်။

"ဒီညနေပဲ ကားစီးမှာလား"

"အင်း"

"ဟိုတစ်ယောက်တော့ နင်ပြန်သွားတာသိရင် ဘယ်လို

လဲမသိဘူး"

"ကံမကုန်ရင် ပြန်ဆုံမှာပေါ့"

"အဲဒီကံကို နင်က မျှော်လင့်နေတယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ရတနာက ပြုံးစစဖြင့် ပြောလိုက်ပေမယ့် သင်းရန့်

ပါ။

နံနက်ကပဲ သင်းရန့်တို့ထံ ဖုန်းဝင်လာခြင်းဖြစ်သည်။

နေမကောင်း၍ ပြန်လာပါတဲ့။

နဂို နှလုံးရောဂါအခံရှိသော မာမီက တစ်ခါ

ရောဂါဖောက်တတ်ပါသည်။

နှစ်လတစ်ခေါက် မာမီ့ကို ဆေးခန်းပြနေရမြဲ။

"ညနေကားစီးမှာဆိုတော့ အဝတ်အစားတွေ သိမ်း

အောင်"

"ကားလက်မှတ်ကို ကြိုတင်ဘွတ်ကင်လုပ်ထား

လား"

"ဖုန်းလှမ်းဆက်ထားနှင့်ပြီ၊ နင်နဲ့ငါ့အတွက် လက်

နှစ်စောင်ကို ရှေ့ပိုင်းကပဲ ယူထားတယ်၊ ခုံနံပါတ်က သုံးနဲ့

သူမတို့ ညနေပိုင်း ကားဂိတ်သို့ဆင်းသည်။ ရန်ကု

ညနေ ခြောက်နာရီထွက်မည့် ကားမို့ ကားမထွက်မီ တ

လောက် အလိုကတည်းက ကားဂိတ်သို့ သင်းရန့်နှင့် ရတ

ရောက်နေကြသည်။



ကားဂိတ်နားရှိ အအေးဆိုင်တွင် အအေးသောက်ရင်းက ကားထွက်မည့်အချိန်ကို ထိုင်စောင့်နေကြသည်။

"ငါတို့လျှောက်ထားတဲ့ ကျူတာအလုပ် အောင်စာရင်းတွေလည်း ဘယ်လိုအခြေအနေရှိလဲ မသိဘူးနော်"

သင်းရန့်နှင့် ရတနာက ရူပဗေဒအဓိကဘာသာရပ်ဖြင့် မဟာဘွဲ့ယူထားပြီးသူတွေ။ တက္ကသိုလ်ဆရာမ လျှောက်လွှာခေါ်တော့ သူမတို့နှစ်ယောက်လုံး ဝင်ဖြေဖြစ်သည်။

အလုပ်အောင်စာရင်း စောင့်နေသည့်ကာလ စိတ်ပြေလက်ပျောက် သင်းရန့်နှင့် ရတနာတို့ မန္တလေးသို့ လာလည်ခြင်းပင်။

"အလုပ်ရရင်တောင် နယ်ဝေးဆို မာမီ့ကျန်းမာရေးအခြေအနေနဲ့ လုပ်လို့ရပ့ါမလားတောင်မသိဘူး"

"နင်ကလည်းဟာ စစ်မရောက်ခင် မြားကုန်မနေပါနဲ့၊ အလုပ်ရတာတောင် အလုပ်မလုပ်ရင် နင်ယူထားတဲ့ဘွဲ့တွေက အလကားဖြစ်တော့မှာပေါ့"

"အေးလေ···အခြေအနေ စောင့်ကြည့်ကြတာပေါ့"

သင်းရန့်နှင့် ရတနာတို့ စကားပြောနေစဉ် ရတနာက

"ဟဲ့···ဟိုမှာ ကိုရှင်းသန့်ကြီး မဟုတ်လား၊ ရန်ကုန်ပြန်

www.burmeseclassic.com

www.burmeseclassic.com



ဖို့ ကားလက်မှတ်လာယူတာလား မသိဘူး"

ရတနာပြရာနေရာသို့ သင်းရန့် လှမ်းကြည့်လိုက်သည်။ အဖြူရောင်စပို့ရှပ်နှင့် အပြာရင့်ရောင် ဂျင်းဘောင်းဘီဝတ်ထားသော ရှင်းသန့်၏ပုံစံက လူအများကြားတွင် ထင်းခနဲ ထင်ရှားပေါ်လွင်လှသည်။

"ကားလက်မှတ် လာယူတာလား၊ လူလိုက်ရှာနေဟာလားမသိဘူး၊ ဟိုကြည့် ဒီကြည့်နဲ့"

ရတနာက ရှင်းသန့်ပုံစံကိုကြည့်ရင်း မှတ်ချက်ချသည်။

"ကေန္တ…တို့ကိုလိုက်ရှာတာဖြစ်မယ်ထင်တယ် သင်းရန့်ရေ"

ရတနာ စကားပြောလို့မှ မဆုံးသေး။ သူမတို့ကို ရှင်းသန့်မြင်သွားပြီး သူမတို့ရှိရာသို့ ခပ်သွက်သွက် လျှောက်လှမ်းလာသည်။

"ရန့်တို့ ပြန်တော့မလို့လား"

"ဟုတ်တယ်၊ ရန့်မာမီ နေသိပ်မကောင်းလို့ ဖုန်းဝင်လာတာနဲ့ ပြန်တော့မလို့၊ ကိုရှင်းသန့် လက်မှတ်လာဝယ်တာလား"

"မဟုတ်ဘူး၊ ရန့်တို့ဆီလာတာ၊ အိမ်ရောက်တော့ ကားဂိတ်ဆင်းသွားပြီပြောလို့ လိုက်လာတာ"



"ဘာအရေးတကြီးကိစ္စ ရှိလို့လဲဟင်"

"အရေးတကြီးရယ်လို့တော့ မဟုတ်ပါဘူး၊ ရှုတ်တရက်ကြီးဆိုတော့ ဘာများဖြစ်လဲလို့"

ပြောပြီး သင်းရန့်၏ လှပလွန်းသော မျက်နှာလေးကို ရှင်းသန့်က ရီဝေစွာ ငေးစိုက်ကြည့်လာပါသည်။

တစ်နေ့လုံး သူမကို တွေ့မြင်ခွင့်မရသည့်အတွက် ရှင်းသန့်နှလုံးသားလေးက မရွှင်ပျနိုင်။ သည့်အတွက် စစ်ကိုင်းဘက်ကပြန်ရောက်ရောက်ခြင်း ကားယူကာ သူမရှိရာသို့ ထွက်လာခဲ့ခြင်းဖြစ်သည်။

သူမရှိရာ ရောက်သည့်အခိုက် မတွေ့ရတော့ ရှင်းသန့်ရင်မှာ နွမ်းဟိုက်သွားရ၏။

ဒီလိုခံစားချက်မျိုး ရှင်းသန့် မိန်းကလေးတစ်ယောက်နှင့်တွေ့ဆုံဖူးဆက်ဆံပြီး ဘယ်တုန်းကမှ မခံစားဖူးခဲ့ပါ။

သင်းရန့်ကို ရှင်းသန့် စူးစူးနစ်နစ်ချစ်မိခဲ့ပြီ။ ဒါကို သင်းရန့်ဆိုသော သူမလေးကတော့ သိပုံမရပါ။

"ရန့်"

"ရှင်"

www.burmeseclassic.com

www.burmeseclassic.com



ရှင်းသန့်၏ ခေါ်သံကြောင့် သင်းရနံ့ ရှင်းသန့်မျက်နှာ ချောချောကို ကြည့်မိသည်။

"ရနံ့တို့အိမ်အတွက် ထိုးမုန့်သွားဝယ်လိုက်ဦးမယ် ကိုရှင်းသန့်တို့ စကားပြောနှင့်ဦးနော်"

"ကောင်းပါပြီ မရတနာ"

ရတနာမှာ ရှင်းသန့်နှင့် သင်းရနံ့တို့ လွတ်လပ်စွာ စကားပြောလို့ရအောင် တမင်ရှောင်ပေးမှန်း သင်းရနံ့သိပါသည်။ ဘာကြောင့်လဲဆိုတော့ သူမတို့နှစ်ဦးလုံး မုန့်လေးပြန် လက်ဆောင်မုန့်များကို ဝယ်ထားသည်မှာ ခြင်းတောင်းတစ်လုံးအပြည့်။

ရတနာထွက်သွားတော့ စားပွဲခုံပေါ်တွင် တင်ထားသော သင်းရနံ့၏ ဖြူနုသော လက်ကလေးကို ရှင်းသန့်က ခပ်တင်းတင်းလေး ဆုပ်ကိုင်လာသည့်အတွက်ကြောင့် သင်းရနံ့ပါးလေးတွေ နီထူပူသွားကာ ရှင်းသန့်မျက်နှာကို အလန့်တကြားလေး မော့ကြည့်လိုက်မိသည်။

အရည်လဲ့၍ စူးနစ်စွာ ငေးမောကြည့်နေသော ရှင်းသန့်၏ နူးညံ့သော မျက်လုံးများနှင့်ဆုံတော့ သင်းရနံ့ရင်မှာ တဒိတ်ဒိတ်ဖြစ်ကာ မျက်လွှာကိုချလျက် ဦးခေါင်းကိုပါ ငုံ့ချပစ်လိုက်၏။



"ရနံ့"

"ရနံ့လက်ကို လွှတ်ပါ"

သင်းရနံ့မှာ သူမအသံကို တုန်ရီမနေစေရန် မနည်းအားယူထိန်း၍ ပြောလိုက်ရပြီး သူ့လက်ကြားမှ သူမလက်ကလေးကို အသာရုန်းထွက်လိုက်သည်။

သို့ပေမယ့် သင်းရနံ့ ထင်ထားသလို ရှင်းသန့်က သူမ၏ လက်ကလေးကို မလွှတ်ပေးဘဲ ပို၍တင်းကြပ်စွာ ဆုပ်ကိုင်ထားလိုက်သည်မို့ သင်းရနံ့၏ မျက်ဝန်းလေးတွေ ဝိုင်းစက်သွားရပါသည်။

"လွှတ်မှာပါ...ရနံ့ရယ်၊ ကိုယ့်ရင်ထဲက ခံစားနေရတဲ့ ခံစားချက်တွေ ရနံ့သိအောင် ပြောချင်လွန်းလို့ပါ"

ခံစားချက်များကြောင့် ရှင်းသန့်အသံက တုန်ရီလိုက်မောနေသလို သူ့အကြည့်များကလည်း သင်းရနံ့ မျက်ဝန်းမှတစ်ဆင့် သင်းရနံ့၏ နှလုံးသားအထိ ထိုးဖောက်သွားသော အကြည့်ဖြစ်သည်။

သင်းရနံ့မှာ သူ၏ ရွှန်းလဲ့တောက်ပလွန်းသော အကြည့်များအောက်မှ ရှောင်ဖယ်ချင်ဝေမယ့် ညို့ဓာတ်ပြင်းသော အချစ်စက်ကွင်းမှ မလွတ်နိုင်သူတစ်ယောက်ပမာ သူ့မျက်နှာကို တဖန်

www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်ငေးကြည့်မိလျက်သား ဖြစ်နေ၏။

"ရှေးရေစက်ဆိုတာ သိပ်ကိုဆန်းကြယ်တယ်လို့ ပြော
မလိုပါပဲ ရန့်ရယ်၊ ရန့်ကို ကိုယ် မြင်မြင်ချင်း ဘယ်အာ
ဘယ်လိုဆုံစည်းခဲ့ဖူးသလဲ မသိဘူး၊ မြင်မြင်ချင်းကတည်းက
လန်းလန်း ချစ်မိသွားတယ်ဆိုတာ ယုံမလားဟင်"

သူမရင်ထဲမှလည်း သူနှင့် စတွေ့ကတည်းက လှုပ်
သွားရတာပါ။

သင်းရန့် မပြောဖြစ်ပေမယ့် မျက်လွှာလေးချပစ်လိုက်

"ရန့်လက်ကို လွှတ်ပါတော့၊ လူတွေကြည့်နေကြတယ်"

သင်းရန့်စကားကြောင့် ရှင်းသန့်က သူမလက်ကလေး
အသာအယာ ဖြေလွှတ်ပေးလိုက်၏။

"ခုမြင်၊ ခုကြိုက်လို့ ကိုယ့်ကိုထင်ပြီး ကိုယ့်အချစ်
တော့ ပြက်ရယ်မပြုပါနဲ့နော်၊ ရန့်ကို ကိုယ်တကယ်မြတ်နိုးတာပါ"

သင်းရန့်တွင် ပြောစရာစကားမရှိသလို မည်းနက်ရှန်း
သော မျက်တောင်ကော့ကြီးများ ဝန်းရံထားသည့် မျက်ဝန်းများဖြင့်
သာ ရှင်းသန့်မျက်နှာကို ကြည့်နေမိသည်။

"ရန့်"





"ကိုယ့်ဘဝမှာ ဘယ်မိန်းကလေးတစ်ယောက်ကိုမှ ဒီလို
မျိုး ချစ်စကားမပြောဖူးတာ မှန်သောသစ္စာစကားပါ၊ ကိုယ့်ကို
တစ်ခုခုပြန်ပြောပါဦး"

"ရန့် စဉ်းစားပါရစေဦး"

"ဘယ်လောက်ထိ စဉ်းစားမှာလဲ၊ ရန့်ကို တခြား
တစ်ယောက် ဦးသွားမှာ ကိုယ်သိပ်စိုးရိမ်နေတယ်"

"အဟင်း...ဟင်း သိပ်ပိုတာပဲ"

"ပိုတာမဟုတ်ဘူး ရန့်ရယ်၊ မင်းကို ကိုယ် သိပ်ချစ်လွန်း
လို့ပါ"

"ရန်ကုန်ပြန်ရောက်ရင် ကိုယ့်ကို ချစ်တယ်ဆိုတဲ့အဖြေ
ပေးနော်"

"အမယ်...အပိုင်ကြီးပါလား"

"ရန့်ကို အထင်သေးလို့ ဒီလိုပြောတာ မဟုတ်ဘူးနော်"

"ဒါဆို ဘာဖြစ်လို့ပြောတာလဲ"

"ရန့်မျက်လုံးတွေကို ကိုယ်နားလည်နေသလိုပဲ"

"အမယ်...သူက အကြားအမြင်ရနေတဲ့ပုံစံနဲ့"

ချစ်စဖွယ် မျက်စောင်းလေးထိုးရင်း သင်းရန့် ပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



တော့ ရှင်းသန့်က ကြည်နူးနှစ်သိမ့်စွာ ရယ်လိုက်သည်။

ထိုအခိုက် ရတနာ ပြန်ရောက်လာပြီး…

"ရန့်ရေ…ကားထွက်တော့မယ်တဲ့၊ နေရာယူလို့ရပြီ"

"ဟုတ်လား"

"ဒါဆို ရတနာ့ပစ္စည်းတွေပေးလေ၊ ကိုယ်လည်း ကူသယ်ပေးမယ်"

"ရပါတယ် အားနာစရာ"

"အားနာစရာလူတွေမှ မဟုတ်တော့တာ"

"ဟုတ်လား ရန့်"

"ဘာကိုလဲ"

"ကိုရှင်းသန့် ပြောတာ"

"သွား…ဘာမှန်းလဲမသိဘူး"

ကားပေါ်သို့ ရှင်းသန့်ကိုယ်တိုင် ဆွဲခြင်းပစ္စည်းများယူပြီး သင်းရန့်တို့နှင့်အတူ လိုက်တင်ပေး၏။

"ကိုရှင်းသန့်တို့ရော ဘယ်တော့လောက် ရန်ကုန်ပြန်ကြ မလဲ"

"ကိုယ်တို့လည်း ဒီရက်ပိုင်းပဲ ပြန်ဖြစ်မယ်ထင်တယ်"



ရတနာ့အမေးကို ရှင်းသန့်က ဖြေလိုက်သည်။

"ကိုယ် ရန်ကုန်ပြန်ရောက်ရင် ရန့်ဆီ လာခဲ့မယ်နော်"

"ရန့်ကို သိပ်ချစ်တာပဲ"

ရှင်းသန့်က သင်းရန့်၏ လှပလွန်းသော မျက်နှာလေးအား ဆပ်ပြီး တိုးတိုးလေး ပြောလိုက်၏။

သင်းရန့်မျက်နှာလေး ငုံ့ထားမိပေမယ့် နှုတ်ခမ်းလေးတွေ ဘ ပြုံးရှိနေသည်။

အချစ်ဟာ ပျော်ရွှင်မှုကို ဖန်တီးပေးသတဲ့လား။

တဖြည်းဖြည်း ထွက်ခွာသွားသော ရန်ကုန်-မန္တလေး ဝေးပြေး အိတ်ပရက်ကားကြီးကို ငေးကြည့်ရင်း ရှင်းသန့် တစ်ယောက် ကျန်ရစ်ခဲ့သည်။

ချစ်မိပြီ သင်းရန့်ဆိုတဲ့ မိန်းမချောလေးရယ်။

မင်းကို ကိုယ် သိပ်ချစ်မိပြီ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"သားကို မာမီပြောစရာရှိတယ်"

ရေချိုးပြီးနောက် အဝတ်အစားလဲကာ ဧည့်ခန်းထဲသို့ လာသော ရှင်းသန့်အား မာမီ ဒေါ်ပေရယ်က ပြောလိုက်သည်။

"ဘာများလဲ မာမီ"

"တခြားတော့မဟုတ်ပါဘူး၊ သားနဲ့ကြယ်စင်မှူး အကြောင်း မေးချင်လို့"

"သားနဲ့ကြယ်စင်မှူးအကြောင်း ဟုတ်လား"

"ဟုတ်တယ်လေ၊ ကြယ်စင်မှူးကို သား ဘယ် သဘောရလဲလို့"

"သား...ကြယ်စင်မှူးကို ညီမလေးတစ်ယောက်လို



ထင်တယ်"

"အင်းပေါ့လေ၊ လက်ထပ်ပြီးတော့လည်း ဇနီးတစ်ယောက်လို သဘောထားနိုင်မှာပါ၊ မင်းဒက်ဒီနဲ့ မာမီလည်း ဒီလိုပဲ လူကြီးချင်းသဘောတူပြီး လက်ထပ်ခဲ့ကြတာပဲ၊ နောက်တော့လည်း သံယောဇဉ်ရှိသွားကြတာပဲ"

မာမီက သူ့ထင်မြင်ချက်ကို သူပြောပြီး ရှင်းသန့်မျက်နှာကို ကြည့်လိုက်သည်။

ရှင်းသန့် မာမီ့ကို ဘာမှဆက်ပြောမနေတော့။ ရန်ကုန်ပြန်ရောက်ပြီးနောက် ရှင်းသန့် အသွားချင်ဆုံးနေရာတစ်ခုဆီသွားဖို့သာ စိတ်စောနေမိသည်။

"မာမီ...သား အပြင်ခဏသွားလိုက်ဦးမယ်"

"ဟဲ့...ခုမှ ခရီးရောက်မဆိုက်၊ ဘယ်ကိုသွားမလို့လဲ"

"သားမိတ်ဆွေတစ်ယောက်ဆီပါ"

"သားဒက်ဒီနဲ့ ညီမလေးကတော့ ညနေကျမှ ရောက်မယ်ထင်တယ်၊ စောစောပြန်လာခဲ့နော်"

"ဟုတ်ကဲ့ မာမီ"

ရှင်းသန့် ကားယူပြီး သင်းရနံ့ပြောခဲ့သော လိပ်စာအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



မောင်းလာခဲ့သည်။

ရှင်းသန့် ရင်ထဲမှာတော့ မျှော်လင့်ခြင်းများစွာဖြင့်

ချစ်မိသူလေးသာ ရှင်းသန့်ကို တွေ့ခဲ့လျှင် သူ့ကို ဘယ်

များ ဆီးကြိုမည်လဲ။

လိပ်စာထဲက ခြံရှေ့ရောက်တော့ ခြံထဲမှ ကား

ထွက်လာသည်ကို တွေ့လိုက်ရသဖြင့် ရှင်းသန့် ကားပေါ်သို့

လိုက်သည်။

ကားမောင်းသူက ရှင်းသန့် တွေ့မြင်ချင်လွန်းသည့်

လွန်းသော မျက်နှာလေး။

ရှင်းသန့် ကားကို စက်မရပ်တော့ဘဲ သင်းရနံ့မောင်း

သော ကားလေးနောက်မှ ကပ်လျက် မောင်းထွက်လိုက်

သင်းရနံ့၏ ကားလေးက အိုးရှင်းစင်တာ၏ ကားပါကင်

နေရာထဲသို့ မောင်းဝင်သွားသဖြင့် ရှင်းသန့်ပါ သူ့ကားကို မော

လိုက်သည်။

သင်းရနံ့က ရှင်းသန့်ကို သတိထားပုံမရဘဲ ကား

ကို ပိတ်လိုက်၏။ ရှင်းသန့် ကားပေါ်မှ မဆင်းသေးဘဲ သင်

၏ မျက်နှာလေးကို စူးစူးစိုက်စိုက်လေး ကြည့်နေမိသည်။



သင်းရနံ့ စင်တာထဲသို့ ဝင်သွားတော့မှ ကားပေါ်က

န်းသန့် ဆင်းလိုက်ပြီး သူမနောက်မှ လိုက်လာခဲ့သည်။

ရှင်းသန့် သူမနောက်မှ ပါလာသည်ကို သင်းရနံ့

သိယောက်မသိသေး။

စင်တာထဲမှ ပစ္စည်းထည့်သည့် ဆွဲခြင်းလေးကိုယူပြီး

သင်းရနံ့က သူမစိတ်ကူးနှင့်သူမ လိုအပ်သည့်ပစ္စည်းများကို ထည့်

သည်။

"ကိုယ် ကူသယ်ပေးပါရစေ"

ရုတ်တရက် သူ့မသောနားမှ အသံကြောင့် သင်းရနံ့အသံ

ရာသို့ ဖျတ်ခနဲအကြည့်…

"ဟင်"

ရှင်းသန့်ကို ရုတ်တရက် တွေ့လိုက်ရသဖြင့် သင်းရနံ့

မျက်နှာလေးတွေ ဝိုင်းသွားသည်အထိ အံ့သြသင့်သွားသည်။

"ကိုရှင်းသန့် ဘယ်လိုလုပ်ပြီး ဒီကိုရောက်နေလဲ"

သင်းရနံ့အမေးကို မဖြေသေးဘဲ သူမမျက်နှာလေးကိုသာ

န်းသန့်မှာ မြတ်နိုးစွာ ကြည့်နေမိသည်။

ဝင်းမွတ်နုညက်သော မျက်နှာလေးက အပြစ်ဆိုရိုက်စရာ

www.burmeseclassic.com

www.burmeseclassic.com



မရှိအောင် လှပလွန်းပါသည်။ နဖူးပြေပြီး နှာတံချွန်ချွန်လေး
သွယ်စင်းနေရကာ စင်ရော်တောင် မျက်ခုံးတန်းများအောက်
မျက်တောင်ကော့ကြီးများ ဝန်းရံနေသော ကြည်လဲ့တောက်ပ
မျက်ဝန်းအစုံဖြင့် သင်းရနံ့က ရှင်းသန့်ကို အံ့သြစွာ ငေးကြည့်နေ

"ရနံ့နောက်ကို ကိုယ်လိုက်လာတာ"

"ဘယ်လို"

"ဒီနေ့ပဲ မန္တလေးက ပြန်ရောက်တာ၊ ရောက်ရောက်ချင်း ရနံ့အိမ်လာတော့ ရနံ့တို့ကားထွက်လာတာ တွေ့တာနဲ့ နောက် လိုက်ခဲ့တာ"

ရှင်းသန့်က ရှင်းပြလိုက်မှ သင်းရနံ့က သဘောပေါက်သွား ပုံရသည်။

"ဒါဆို ရနံ့ကိုမခေါ်ဘဲ နောက်က တိတ်တိတ်ကလေး လိုက်ခဲ့တာပေါ့လေ၊ ဟုတ်လား"

"အင်း"

"ဘာဖြစ်လို့ အဲဒီလိုလုပ်ရတာလဲ"

"ရနံ့ အံ့သြသွားအောင်လို့"

"ကိုရှင်းသန့် ဆန္ဒပြည့်သွားတယ်မို့လား"



"ဒါပေါ့"

သင်းရနံ့၏ လှပသော မျက်စောင်းလေးတစ်ခုကို ရှင်းသန့် [ ]ဘာတ်ထဲမှ ကျေနပ်စွာ သိမ်းထားလိုက်သည်။

"အဟွန်း…ဟွန်း…ဟွန်း"

"ကိုယ်…ရနံ့နဲ့ အေးအေးဆေးဆေး စကားပြောခွင့်ပြုပါ [ ]ဦး"

"ရနံ့…ဈေးဝယ်လိုက်ဦးမယ်လေ"

"ဝယ်လေ…ကိုယ် ဈေးခြင်းကူဆွဲပေးမယ်"

သင်းရနံ့ထံမှ ဈေးဝယ်သည့်ဆွဲခြင်းကို ရှင်းသန့် လှမ်းယူ [ ]ိုက်တော့ သူမက ရှင်းသန့်ကို လှည့်စောင်းပြီး အပြုံးနုနုလေးကို [ ]ြုံးသည်။

လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများကို ယူနေသော သင်းရနံ့နှင့်အတူ ဆွဲခြင်းလေးကို ကိုင်ပြီး ရှင်းသန့်က သေးမှလိုက် [ ]ပြီး…

"တစ်သက်လုံး ရနံ့ဘေးမှာ ကိုယ် ဒီလိုလိုက်ခွင့်ရချင် [ ]တယ်"

"ဒါဆို ဈေးဝယ်တိုင်း ကိုရှင်းသန့်ကို အကြောင်းကြားရ

www.burmeseclassic.com



မလို ဖြစ်နေပြီ၊ အဟင်း…ဟင်း"

"အကြောင်းကြားစရာမလိုအောင် ကိုယ့်ကို ရန့်သော

အမြဲတမ်း နေခွင့်ပေးလိုက်ပေါ့"

"တော်တော် စကားတတ်တယ်နော်၊ ရှေ့နေလုပ်စား

အရမ်းအောင်မြင်မယ်"

"စကားတတ်တာ မဟုတ်ပါဘူး၊ အချစ်က စကားတ

အောင် ကိုယ့်ကို သင်ပေးလိုက်တာ"

"ဟုတ်လား၊ အဲဒီအချစ်က ဘယ်နေရာမှာ နေတာလဲ"

ပြုံးစစအမူအရာလေးဖြင့် သင်းရန့်က ရှင်းသန့်ကို စလိုက်

တော့…

"အဲဒီအချစ်က ကိုယ့်ဘေးနားမှာလေ"

"ဟွန်း…တော်တော်လည်၊ သွားတော့"

"ဘယ်ကိုသွားရမှာလဲ"

"ငွေရှင်းကောင်တာကိုလေ၊ ဈေးဝယ်လို့ပြီးပြီ"

"ရန့်လည်း တော်တော်နောက်တတ်တာပဲ"

"အဟင်း…ဟင်း…ဟင်း"

"အဟွန်း…ဟွန်း"



နှစ်ယောက်သား သဘောကျစွာ ရယ်မိကြသည်။

ငွေရှင်းကောင်တာရောက်တော့ ကျသင့်တန်ဖိုးကို တွက်

ချက်ပြီးနောက် သင်းရန့်က ငွေရှင်းတော့ ကောင်တာမှ စာရေးမ

လေးက…

"ဒီကအစ်ကိုကြီး ရှင်းပြီးပါပြီ",

"အို…မဟုတ်တာ၊ ကိုရှင်းသန့်ကလည်း အားနာစရာ"

"အားနာစရာလူမဟုတ်ဘူးလို့ ကိုယ်ပြောထားတယ်

လေ"

"ကဲ…တော်ပါတော့၊ သွားကြမယ်"

သင်းရန့်က လူအများကြားမှာ ရှက်မျက်နှာဝဲဝဲလေးဖြင့်

မျက်စောင်းလေးဝင့်ကာ ပြောလိုက်ပုံလေးကို ကြည့်ကာ ရှင်းသန့်

ရင်ထဲက နှလုံးသားလေးတွေ မချင့်မရဲလေး ဖြစ်သွားရပါသည်။

"ရန့်"

"ဟင်"

"ကိုယ့်ကို ခဏတော့ အချိန်ပေးပါနော်"

"အင်းပေါ့လေ…ဈေးခြင်း ကူဆွဲပေးထားတဲ့မျက်နှာကို

ထောက်ပြီး အချိန်ခဏပေးရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ရှင်းသန့်နှင့် သင်းရနံ့တို့နှစ်ဦးသား အင်းလျားစောင်းမှာ ထိုင်ဖြစ်သည်။

အင်းလျားစောင်းရှိ ခုံတန်းလေးထက်တွင် သင်းရနံ့ခန္ဓာကိုယ်လေးအနီး ပူးပူးကပ်ကပ်လေးဖြစ်အောင် တမင်ထိုင်လိုက်သည့် ရှင်းသန့်အပြုအမူကြောင့် သင်းရနံ့က သူ့အား မျက်စောင်းလေးထိုးလိုက်သည်။

"ရနံ့ကို ကိုယ်သိပ်ချစ်တယ်ဆိုတာ ရနံ့ မယုံဘူးလား ဟင်"

"အို"

ဖျတ်ခနဲ သင်းရနံ့ ပခုံးနှစ်ဘက်ပေါ်သို့ ရောက်ရှိလာသော ရှင်းသန့်၏ လက်အစုံကြောင့် သူမပါးလေးတွေ နီရဲထူပူသွားကာ ရှင်းသန့်၏မျက်နှာကို အလန့်တကြားလေး ကြည့်လိုက်မိသည်။

ချစ်ရည်ရွှန်းလဲ့နေသော ရှင်းသန့်၏ မျက်ဝန်းများက သင်းရနံ့၏ လှပလွန်းသော မျက်နှာလေးထက် စူးစူးစိုက်စိုက်လေးကြည့်လျက်။

"ရနံ့ကို လွှတ်ပါ"

"မလွှတ်ဘူး၊ ရနံ့ဆီက ကိုယ့်ကိုချစ်တယ်ဆိုတဲ့ အဖြေရမချင်း မလွှတ်တော့ဘူး"



"ဘာလဲ…ရနံ့ကို အကြပ်ကိုင်နေတာလား"

"အကြပ်ကိုင်တာ မဟုတ်ပါဘူး ရနံ့ရယ်၊ ရနံ့ကို သိပ်ချစ်လွန်းလို့ပါ၊ ရနံ့ကို သိပ်ချစ်ရတဲ့ အချစ်တွေနဲ့ ကိုယ့်ရင်ထဲမှာ ခံစားနိုင်တော့လို့ပါ"

ရှင်းသန့်မှာ ဝင်းဝင်းစက်စက် လှရက်နိုင်လွန်းသည့် သင်းရနံ့အလှကို တနင့်တထွေးကြီး စိုက်ကြည့်ရင်းက ထိုစကားကို လေးနက်စွာ ဆိုလိုက်သည်။

"ရနံ့"

ရှင်းသန့်ခေါ်သံက ချစ်ရည်ချစ်သွေးတို့ ပြည့်နေရကာ နူးညံ့ညင်သာလျက် ချိုမြိန်နေရသည်။

"ပြောပါဦး…ကိုယ့်ကို ချစ်တယ်မဟုတ်လားဟင်"

"ရနံ့ရယ်…ကိုယ့်ကို ဟန်ဆောင်မနေပါနဲ့တော့၊ ရနံ့ရဲ့ မျက်လုံးတွေထဲမှာ ကိုယ့်ကိုချစ်တဲ့ အရိပ်တွေ တွေ့နေရတယ်"

"အို"

သူ့စကားကြောင့် သင်းရနံ့မျက်နှာလေး နီရဲလျက် ရှင်းသန့်မျက်နှာကို မကြည့်ဝံ့တော့။

www.burmeseclassic.com

www.burmeseclassic.com



"ရန့်ရယ်"

ရှင်းသန့်က ဖျတ်ခနဲ သင်းရန့်ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းကာ သူမမျက်နှာလေးကို နမ်းရှိုက်လိုက်သည်။

သင်းရန့်ဘဝမှာ ပထမဆုံးအကြိမ် ယောကျ်ားတစ်ယောက်၏ အနမ်းကြောင့် သူမရင်ထဲ လှိုက်ဖိုသွားသည်။

"ရန့်"

"အင်"

"ကိုယ့်ကိုချစ်တယ်နော်"

ရှင်းသန့် မျက်လုံးများဖြင့် ဆုံဖြစ်သည်။

ကြည့်စမ်း ရီဝေတောက်ပသော သူ့မျက်လုံးတွေက သူမကို ညှို့ယူဆွဲဆောင်နေသလို။

"ပြောပါ အချစ်ရယ်၊ ကိုယ့်ကိုချစ်တယ် မဟုတ်လား"

"ဟောဒီနှုတ်ခမ်းလေးတွေက ကိုယ့်ကိုချစ်တယ်လို့ ပြောဖို့ ဘာကြောင့် ဝန်လေးနေရတာလဲကွယ်"

"အို"

ရုတ်တရက် သင်းရန့်၏ နှုတ်ခမ်းလေးတွေ စက္ကန့်အတော်ကြာအောင် ပူနွေးသွားရပါ၏။



သင်းရန့်၏ ရင်ခုန်သံတွေကလည်း မြန်ဆန်ဆောင့်ခုန်သွားရသည်။

နွေးထွေးပြင်းရှသော ချစ်အနမ်းများကြားတွင် သင်းရန့် မူးမူးမေ့မေ့ဖြင့် အသိတွေ ကင်းလွတ်သွားရပြီး သူမလက်ဖျားများက ရှင်းသန့် ကျောပြင်ကို ယောင်ရမ်းကာ ဖက်တွယ်ထားလိုက်မိသည်။

အသိပြန်ဝင်လာသည့် ခဏ သင်းရန့်မှာ ရှက်လန့်တကြားဖြင့် ရှင်းသန့် ရင်ခွင်ထဲ ရောက်နေသော သူမခန္ဓာကိုယ်လေးအား အသာရုန်းထွက်နေမိသည်။

"လွှတ်"

"လွှတ်ပါ…ကိုရှင်းသန့်ရယ်"

"ရန့်ကိုလွှတ်ပါတော့"

တိုးလျတုန်ရီသော တောင်းပန်သံလေးက သင်းရန့် နှုတ်ခမ်းလေးမှ လိုက်ဖြာစွာ ပေါ်ထွက်လာသော်လည်း ရှင်းသန့်မှာ သူမ၏ခန္ဓာကိုယ်လေးကို မလွှတ်ပေးဘဲ ပွေ့ဖက်ထားမိသည်။

"ကိုယ့်ကိုချစ်တယ်နော်"

ရှင်းသန့်၏ ရင်ခွင်ထဲတွင် နစ်မြုပ်နေရသည့် သင်းရန့်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လေးကို ခပ်တင်းတင်းလေး ဖက်ထားလျက်က ရှင်းသန့်က မေးသည်။

သူ့အမေးကို အဖြေမပေးဘဲ ရင်ခွင်ထဲတွင် ခေါင်းလေးငုံ့ကာ မျက်နှာလေးဖွက်ထားသော အရှက်သည်းနေသည့် ချစ်သူလေးကို ကြည့်ကာ ရှင်းသန့်သည် ချစ်အသည်းယားစွာဖြင့် သူမမျက်နှာလေးကို ညင်သာစွာ ဆွဲမော့လိုက်သည်။

"ကိုယ်မေးတာ ဖြေဦးလေ"

သူပြောတော့ သင်းရနံ့က မျက်စောင်းနနလေး ထိုးလိုက်ရင်း...

"သွားပါ၊ အခုထိ ချစ်တယ်မချစ်ဘူး မသိဘူးလား"

"ရနံ့နှုတ်ခမ်းလေးက ထွက်တဲ့စကားကို ကြားချင်သေးတာပေါ့"

"မပြောဘူး၊ ရွတ်တရွတ်လုပ်တတ်တဲ့လူကို မပြောဘူး"

"တကယ်မပြောဘူးလား၊ မပြောရင်"

"တော်...တော်ပြီကွာ၊ ချစ်တယ်"

"ဟာ...အချစ်ရယ်"

"အို"



လိုချင်တောင့်တခဲ့ရသည့် သင်းရနံ့ထံမှ ချစ်အဖြေလေးကို ကြားလိုက်ရသည့်အတွက် ရှင်းသန့်မှာ ပျော်ရွှင်ကြည်နူးစိတ်များဖြင့် သူမမျက်နှာလေးထက် အနမ်းမိုးလေးတွေ ရွာချလိုက်မိသည်။

အင်းလျားရေပြင်ကို ဖြတ်ကျော်လာသည့် ညင်းသွဲ့သွဲ့လေညင်းလေးများက ချစ်သူအသစ်နှစ်ဦးကို ကလူကျီစယ်ကာ ဖြတ်သန်းတိုးဝှေ့သွားကြသလို ရှင်းသန့်၏ ချစ်အနမ်းများကလည်း သင်းရနံ့အတွက် ရင်ခုန်သံတွေ ဆူညံနေရသည် မဟုတ်ပါလား။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

နေခြည်နွေးတို့ ဖြာသင့်နေသည့် နံနက်ခင်း၏ အလင်[း] သစ်နှင့်အတူ အချစ်၏ တန်ခိုးစွမ်းအားကြောင့် ဘယ်နေရာကို[မဆို] ကြည့်ကြည့် ရှင်းသန့်အတွက် အရာရာတိုင်းက လှပနေသည်။

ရှင်းသန့် မျှော်လင့်တောင့်တနေခဲ့သည့် သင်းရနံ့ဆိုသော ချစ်သူလေး၏ အချစ်ကို ရယူပိုင်ဆိုင်ခွင့် ရခဲ့ပြီမို့ မနေ့က အဖြစ်[အပျက်] ကို တစိမ့်စိမ့် ပြန်တွေးရင်းက ရှင်းသန့်ရင်မှာ တသိမ့်သိမ့် [ကျေနပ်] ကြည်နူးနေရဆဲ။

“သိပ်ချစ်တယ်ကွာ”

အိပ်ရာထက်မှ မထသေးဘဲ ချစ်သူလေး၏ ပုံရိပ်[ကို] ပြန်မြင်ယောင်ကာ တိုးဖွဖွ သူဆိုသည်။

ပြီးတော့ ရှက်မှုန်နေသော လှပလွန်းသော မျက်နှာလေးကို [တွေး]တွေးရင်း ချစ်မြတ်နိုးစွာဖြင့် နှုတ်ခမ်းအစုံ ပြုံးမိသွားသည်။

“ဒုန်း…ဒုန်း”

“ကိုကို…ထတော့လေ၊ အိပ်ပုတ်ကြီးလိုက်တာ၊ [အော]က်မှာ ဒက်ဒီနဲ့မာမီ ကိုကို့ကို စောင့်နေတယ်”

ရှင်းသန့် အိပ်ရာထက်မှထကာ အခန်းတံခါးဖွင့်လိုက်[တော့] လင်းသဲက အခန်းဝမှာ ရပ်နေသည်။

“မိသဲကလည်းကွာ ကိုကိုနိုးနေပြီ၊ လာခဲ့မယ်”

“နိုးနေရင် ဘာလို့ဆင်းမလာတာလဲ၊ ဧကန္တ မန္တလေးက အကြောင်းကို စဉ်းစားနေတာထင်တယ်”

“မိသဲနော်…ဘာတွေလျှောက်ပြောနေတာလဲ”

“ဟုတ်ပါတယ်၊ ကိုကို အမှန်ပြောလိုက်လို့ ရှက်နေပြီ [ဟု]တ်လား”

“ဒီကောင်မလေးနော်”

“အဲဒီမမက ချောလားဟင်”

“လာပြန်ပြီ”

“ကဲပါ…မလာတော့ပါဘူး၊ ကိုကို ပြီးရင်သာ

www.burmeseclassic.com

www.burmeseclassic.com

အောက်ထပ်ကို ဆင်းခဲ့တော့"

လင်းသဲက ပြောင်စပ်စပ်မျက်နှာလေးဖြင့်

အောက်ထပ်သို့ ဆင်းသွားသည်။

ရှင်းသန့် တစ်ကိုယ်ရေ သန့်ရှင်းရေးလုပ်လိုက်ပြီး

အောက်ထပ်သို့ ဆင်းလာခဲ့သည်။

ကော်ဖီဝိုင်းတွင် ဒက်ဒီ၊ မာမီနှင့် လင်းသဲပါ

သည်။

"လာ…သား ခရီးသွားတာ အဆင်ပြေလား"

"ပြေပါတယ် ဒက်ဒီ"

ဒက်ဒီကို ပြန်ဖြေရင်း ရှင်းသန့် ကော်ဖီဝိုင်းတွင်

လိုက်သည်။

"ဒက်ဒီ သားကိုပြောစရာရှိတယ်"

"ဟုတ်ကဲ့…ပြောပါ ဒက်ဒီ"

"အခု သားလည်း ကျောင်းပြီးသွားပြီဆိုတော့

လက်ခွဲကုမ္ပဏီမှာ သား ဦးဆောင်ပြီး လုပ်စေချင်တယ်၊

ဘယ်လိုသဘောရလဲ"

"အခုထပ်ဖွင့်လိုက်တဲ့ ကုမ္ပဏီမှာလား ဒက်ဒီ"



"ဟုတ်တယ်သား၊ ဒီကုမ္ပဏီက ဆောက်လုပ်ရေးပစ္စည်းတွေ တင်သွင်းတဲ့ ကုမ္ပဏီဖြစ်တော့ သားနဲ့ပိုပြီးသင့်တော်တယ်၊ ပြီးတော့ ကုမ္ပဏီက အခုမှဖွင့်တာဆိုတော့ လူငယ်အမြင်နဲ့ တက်တက်ကြွကြွ အမြင်ကျယ်ကျယ် လုပ်နိုင်တာပေါ့"

"ကောင်းပါတယ် ဒက်ဒီ၊ ဒက်ဒီဆန္ဒအတိုင်း သားဦးဆောင်ပြီး လုပ်ပါ့မယ်"

"အိုကေ…ဒါဆိုရင် ဒီရက်ပိုင်း ကုမ္ပဏီနဲ့ပတ်သက်တဲ့ အချက်အလက်တွေ သားကိုပေးမယ် ဟုတ်လား၊ အခုလောလောဆယ်တော့ ကုမ္ပဏီကို ဒက်ဒီလက်အောက်က ဒက်ဒီလူယုံ ကိုကျော်လှကို လုပ်ခိုင်းထားတယ်၊ သား ကိုကျော်လှနဲ့ တွဲပြီး ကုမ္ပဏီအလုပ်ကိစ္စတွေ လုပ်ပေတော့"

"ဟုတ်ကဲ့ပါ ဒက်ဒီ"

မာမီက ဒက်ဒီနှင့် ရှင်းသန့် ပြောနေသည့် စကားတွေကို နားထောင်ပြီး ပြုံးနေလျက်က…

"ဒက်ဒီအလုပ်ကိစ္စ ပြောပြီးရင် မာမီကလည်း သားကို သတင်းထူးတစ်ခု ပြောစရာရှိတယ်"

"ဘာများလဲ မာမီ"

www.burmeseclassic.com

www.burmeseclassic.com



"သမီးကြယ်စင်မှူး ရန်ကုန်ဆေးရုံမှာ တာဝန်ကျတယ်တဲ့၊ ကြယ်စင်မှူးဒက်ဒီက ဖုန်းလှမ်းဆက်တယ်"

"ဟုတ်လား၊ အဲဒီသတင်းက ဘာများထူးနေလို့လဲ မာမီရဲ့"

"ထူးတာပေါ့ သားရဲ့၊ သမီးကြယ်စင်မှူးက မာမီတို့အိမ်မှာပဲ နေမှာမို့လို့လေ"

"ဟာ…မာမီကလည်း သူတို့လည်း ချမ်းသာတာပဲ၊ ရန်ကုန်က တိုက်ခန်းတစ်ခန်းလောက် ဝယ်ပဲနေနေ၊ ငှားပဲနေနေ သူတို့အတွက် ပိုပြီးအဆင်ပြေမယ်ထင်တယ်"

"သြော်…သားကလည်းကွယ်၊ ဒါတော့ဒါပေါ့၊ ဟိုမှာလည်း ဆရာကြီး ဦးမျိုးကျော်က တစ်ယောက်တည်းဆို အဆင်ပြေမှာမဟုတ်ဘူးလေ၊ ဒါကြောင့် ကြယ်စင်မှူးလေးကို လောလောဆယ် မာမီတို့အိမ်မှာပဲ နေစေချင်တာပေါ့"

"ကြယ်စင်မှူးရော အဲဒီအစီအစဉ်ကို လက်ခံလို့လား၊ ရွယ်တူ ယောကျ်ားလေးရှိတဲ့ အိမ်မှာနေရတော့ သူအနေရကြပ်ခဲ့မှာပေါ့"

"ဘာအနေကြပ်ရမှာလဲ သားရဲ့၊ နောက်ဆို တစ်သက်လုံး



အတူနေကြမယ့်ဟာကို အဟင်း…ဟင်း"

မာမီက သူ့စကားသူ သဘောကျဟန်ဖြင့် ရယ်လိုက်သည်။

"ကိုကိုကလည်း အခုမှ ရှက်မနေပါနဲ့၊ မကြာခင် မမကြယ်စင်မှူးနဲ့ ညီမလေးက ယောင်းမတော်ရမှာ၊ အခုကတည်းက မမကြယ်စင်မှူးနဲ့ ရင်းနှီးထားတော့ ပိုကောင်းတာပေါ့၊ ပြီးတော့ ညီမလေးအတွက်လည်း အဖော်ရတာပေါ့"

"ကြယ်စင်မှူး ဒီမှာနေဖို့ကိစ္စကို သား ဘာမှမပြောလိုပေမယ့် သားနဲ့ကြယ်စင်မှူးကိစ္စကိုတော့ သားမသိဘဲ ဘာမှမလုပ်ပါနဲ့ မာမီ"

"ဘာဖြစ်လို့လဲသားရဲ့၊ ကြယ်စင်မှူးကို သားက သဘောမကျလို့လား"

ထိုစကားကိုတော့ ဒက်ဒီက ဝင်ပြောလိုက်ခြင်းဖြစ်သည်။

"အစ်ကိုကလည်း ဥစ္စာပေါ့၊ ရုပ်ချော၊ ပညာတတ်မိန်းကလေးတစ်ယောက်ကို သဘောမကျစရာ ဘာများရှိမှာလဲ"

ဒက်ဒီ့စကားကို ရှင်းသန့် အဖြေမပေးရသေးခင် မာမီက ဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပေရယ်ရယ် ဒီလိုကိစ္စက လူကြီးမိဘချင်း သဘောရှ မှုနဲ့ ပြီးတဲ့ကိစ္စမဟုတ်ဘူး၊ လူငယ်ချင်း တစ်ယောက်နဲ့တစ်ယော လက်ခံနားလည်နိုင်ဖို့ပဲ လိုတယ်"

ဒက်ဒီ့စကားကြောင့် မာမီ ခေတ္တ အသံတိတ်သွားသည်

"ကဲ…သား၊ သား သဘောဆန္ဒကို ပြောပါဦး"

ဒက်ဒီ ဦးမင်းခန့်က ရှင်းသန့်မျက်နှာကို အကဲခတ်သ ကြည့်လိုက်ရင်းက မေးသည်။

"သားဆိုလိုချင်တာက သားအိမ်ထောင်ရေးကို သားနှ သားနဲ့ပဲ ရွေးချယ်ချင်လို့ပါ ဒက်ဒီ"

"ဟုတ်ပြီ၊ သားပြောတာကို ဒက်ဒီ သဘောပေါက်တယ ကောင်းပြီ သား၊ သားအိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး ဒက်ဒီ အတင်းအကြပ် ဘာတစ်ခုမှ မစီစဉ်ဘူးဆိုတာ ဒက်ဒီကတိပေ တယ်"

ဒက်ဒီက တိကျပြတ်သားသူပင်။ ဒါကြောင့်လည် မိသားစုတစ်ခုလုံး ဒက်ဒီ့ဩဇာညောင်းသလို စီးပွားရေးလော တွင်လည်း နာမည်တစ်လုံးနှင့် လျှမ်းလျှမ်းတောက် အောင်မြင်ေ သူ။



"ကုမ္ပဏီကို ဒက်ဒီသွားတော့မယ်၊ သား ကိုကျော်လှ သွားဖို့ မမေ့နဲ့နော်၊ ကိုကျော်လှကိုလည်း ဒက်ဒီ ဖုန်းဆက်ပြီး ပြောထားမယ်"

"ဟုတ်ကဲ့ ဒက်ဒီ"

ဒက်ဒီ ကော်ဖီဝိုင်းမှထသွားတော့ မာမီက ဒက်ဒီ့ကို ကြက်မပို့သေးဘဲ…

"ကြယ်စင်မှူးနဲ့ကိစ္စကို သားဆန္ဒမပါဘဲ မာမီကလည်း အတင်းအကြပ် မစီစဉ်ပါဘူး၊ ဒါပေမဲ့ ကြယ်စင်မှူးလို မိန်းကလေး မျိုးပဲ သားရွေးချယ်သင့်တယ်လို့ မာမီ အကြံပေးချင်တယ်"

မာမီက ရှင်းသန့်မျက်နှာကို ပြုံး၍ကြည့်ကာ ပြောလိုက် ပြီး ဒက်ဒီ့ဆီ လိုက်သွား၏။ ကော်ဖီဝိုင်းတွင် မောင်နှမနှစ်ယောက် ကျန်ခဲ့တော့ လင်းသဲက…

"မမကြယ်စင်မှူးကို ဘာကြောင့် ကိုကိုက ငြင်းချင်ရ တာလဲ၊ ကိုကို့မှာ ချစ်သူရှိတယ်လို့လည်း တစ်ခါမှ မကြားဖူးပါ ဘူး"

"အဲဒါ အရင်တုန်းကလေ"

"ဘယ်လို ကိုကိုပြောတာ လင်းသဲ နားမလည်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အရင်တုန်းက ချစ်သူမရှိပေမယ့် အ
ကိုကို ချစ်သူရှိနေပြီ"

"ဟင်"

ရှင်းသန့်စကားကြောင့် လင်းသဲ မျက်လုံးလေး
ဝိုင်းသွားရသည်။

❖ ❖ ❖

ရှင်းသန့် ကိုကျော်လှနှင့် ကုမ္ပဏီကိစ္စများအား အသေးစိတ် ဆွေးနွေးပြီးနောက် ကုမ္ပဏီမှ ပြန်ထွက်ခဲ့သည်။

ချစ်သူလေး ပေးခဲ့သော ဟမ်းဖုန်းနံပါတ်လေးကို ရှင်းသန့် နှိပ်လိုက်သည်။

"ဟဲလို"

"ရန့်လား"

"အင်း"

"ကိုယ်ပါ"

"ဘယ်က ဆက်နေတာလဲ"

"ရန့်နဲ့ကိုယ် ထိုင်တဲ့ အမှတ်တရနေရာလေးမှာပဲ"

"အဲဒီမှာထိုင်ပြီး ဘာလုပ်နေတာလဲ"

"ကိုယ့်ချစ်သူကို သတိရနေတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"မိုပြီ"

"ရန့်"

"ဟင်"

"ရန့်မျက်နှာလေးကို အရမ်းတွေ့ချင်နေတယ်၊ လာခဲ့နော်၊ ကိုယ် ဒီနေရာမှာပဲ စောင့်နေမယ်"

"အင်း…လာခဲ့မယ်လေ၊ ခဏတော့စောင့်နော်"

"ရန့်မလာမချင်း ကိုယ်စောင့်နေပါ့မယ်"

ရှင်းသန့် ဖုန်းပြောပြီး အတော်လေးကြာမှ သင်းရန့်ရောက်လာ၏။

ကြွေရောင်တောက်နေသော အဖြူရောင် စပို့ရှပ်လေးနှင့် ထဘီအနက်ပြောင်လေးကို ဝတ်ထားသော သင်းရန့်ပုံစံလေးက ရှင်းသန့်မျက်လုံးထဲမှာ ထူးခြားစွာ လှပလွန်းနေတာအမှန်။

"စောင့်နေရတာ ကြာသွားလား"

"မကြာပါဘူး၊ ကိုယ့်ချစ်သူနဲ့ ဆုံဖို့အတွက် ဘယ်လောက်ကြာကြာ ကိုယ်က စောင့်မှာပဲ"

ရှင်းသန့်ဘေးနားတွင် သင်းရန့် ဝင်ထိုင်လိုက်တော့ သူမထံမှ သင်းပျံ့သော ရေမွှေးနံ့ကို ရ၏။



"ကိုယ်နဲ့ရန့် ချစ်သူဖြစ်လာတာ ဆန်းတယ်နော်"

သင်းရန့်က ရှင်းသန့်၏ မျက်နှာချောချောကို ကြည့်ရင်းက ဆိုလာသည်။

"ဘာဖြစ်လို့"

"ကိုပဲ စဉ်းစားကြည့်လေ၊ ကိုယ်နဲ့ရန့် ကားပေါ်မှာဆုံကြတာ မှန်ပေမယ့် တစ်ယောက်နဲ့တစ်ယောက် နာမည်တောင် သိကြတာမဟုတ်ဘူး၊ မမျှော်လင့်ဘဲ ဘုရားမှာ ဆုံကြတယ်၊ အဲနောက်တော့"

သင်းရန့်က ပြောလက်စစကားကို မဆက်တော့ဘဲ ရှက်မျက်နှာလေးဖြင့် ရှင်းသန့်မျက်နှာကို ဖျတ်ခနဲ ကြည့်သည်။

"ပြောလေ ရန့်ရဲ့၊ နောက်တော့ ဘာဖြစ်လဲ"

ရှက်မျက်နှာဝဲဝဲလေးဖြင့် အပြစ်ဆိုရက်စရာမရှိအောင် လှပလွန်းသော ချစ်သူမျက်နှာလေးကို ကြည့်ရင်း ရှင်းသန့်က အပြုံးလွန့်လွန့်လေးဖြင့် ဆိုလိုက်သည်။

"ဘာဖြစ်လဲဆိုတော့ ဒီက ချစ်လူဆိုးကြီး မသိဘူးလား"

မူနွဲ့ဟန်လေးဖြင့် ပြောလိုက်သော ချစ်သူလေး၏ အမူအရာကြောင့် ရှင်းသန့်မှာ ချစ်မြတ်နိုးလွန်းစွာ သူမ၏ကိုယ်လေး

www.burmeseclassic.com

www.burmeseclassic.com



ကို ရင်ခွင်ထဲ ဆွဲယူလိုက်သည်။

"ချစ်တယ် ရန့်ရယ်၊ သိပ်ချစ်တယ်၊ ရန့်ပြောသလို ကိုတို့နှစ်ယောက်ရဲ့ ဖူးစာက ရေးဘဝက ပါရမီကြောင့်ဆုံတွေ့ရတာ အမှန်ပဲ၊ တကယ်ဆို ဘုရားမှာသာ ကိုနဲ့ရန့် မဆုံဖြစ်ကြရင် ဘယ်လောက်ထိ ဝေးနေရမလဲမသိဘူး"

"ရန့်က မမှတ်မိဘူးပြောတော့ ကို့မျက်နှာကြီးက ဖြစ်သွားလိုက်တာ၊ ပြန်တွေးတိုင်း ရယ်ချင်တယ်၊ အဟင်း ဟင်း"

"ဟုတ်တယ်၊ အဲဒီတုန်းက ကို့ရင်ထဲ ဘယ်လိုကြီးဖြစ်သွားမှန်းမသိဘူး၊ ဝမ်းနည်းသွားသလိုပဲ၊ အဲဒီအတွက် ဒီကောင်လေးကို လက်စားပြန်ချေရမယ်"

"အို…ကို"

သူမနှုတ်ခမ်းလေး စကားဆိုခွင့်မရလိုက်ပါ။ ရှင်းသန့်၏ ပူနွေးလှိုက်လှဲသော ချစ်အနမ်းအောက်မှာ သူမစကားလုံးများ ပျောက်ကွယ်သွားရသည်။

"သိပ်ချစ်တယ် ရန့်ရယ်"

"တော်…တော်ပြီကိုရယ်"

သူမကိုယ်လေးကို မချင့်မရဲ ဖျစ်ညှစ်တွေးဖက်ရင်း



သင်းရန့်၏ လှပလွန်းသော မျက်နှာလေးအား အနမ်းပန်းများ ခြွေလို့ ခဲနိုင်အောင် ရှိနေရသည်။

သင်းရန့်မှာ ရှင်းသန့်၏ အပွေ့အဖက် အနမ်းအရှိုက်များကြောင့် သူ့ရင်ခွင်ကျယ်ကြီးထဲမှာ အသက်ရှူမှားမတတ် ရင်တမို့မို့ဖြင့် သူမကိုယ်လေးကို လူးလွန့်ရုန်းထွက်နေမိပါသည်။

ကိုယ်လေးလူးလွန့်ကာ သူ၏အနမ်းများကို ရှောင်ရှားလိုက်တော့ ရှင်းသန့်၏ အနမ်းများက သူမ၏ ကုတ်သားဝင်းဝင်းလေးပေါ်သို့ နွေးခနဲ ကျရောက်လာရပြန်သည်။

"အို"

သင်းရန့်မှာ အရှက်စိတ်များဖြင့် ရင်ခုန်သံများသည်လည်း မှန်နိုင်အောင် ဖြစ်နေရသလို ပတ္တမြားရောင်တောက်နေသည့် ချစ်သူလေး၏ လှပလွန်းသော မျက်နှာလေးကိုကြည့်ပြီး ရှင်းသန့်မှာ ငြိတ်နိုးမဆုံးနိုင်အောင် ရှိနေရသည်။

"လွှတ်…လွှတ်ကွာ ကိုရယ်"

ချစ်သူလေး၏ တုန်ရီလှိုက်ခါနေသော အသံလေးကြောင့် ရှင်းသန့်က သူမကိုယ်လေးကို ညင်သာစွာ ဖြေလျှော့ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရန့် ကို့ကိုချစ်တယ်နော်"

နဖူးချင်းတေ့ကာ သူမအား ချစ်ရည်ရွှန်းသော မျက်ဝန်း များဖြင့် ရီဝေစွာ ငေးစိုက်ကြည့်ရင်းက ရှင်းသန့်မေးလိုက်သော

"ချစ်ပါတယ် ကိုရယ်၊ ကို့ကို ရန့် သိပ်ချစ်ပါတယ်"

"ရန့်ရယ်"

ရှင်းသန့်နှင့် သင်းရန့်မှာ တစ်ယောက်ကိုတစ်ယောက် တင်းတင်းလေး ပွေ့ဖက်မိကြသည်။

ရှင်းသန့်ရင်ခွင်ထဲမှာ မျက်ဝန်းလေးတွေ မေးမှိတ်ထား သည့် ချစ်သူလေး၏ မျက်တောင်ရှည် ထူထူစိပ်စိပ်လေးများ မြတ်နိုးလွန်းစွာ သူရှိုက်နမ်းလိုက်ပြီး…

"ရန့်"

"ရှင်"

"ကိုယ်တို့နှစ်ယောက် လက်ထပ်ကြရအောင်နော်"

"စောလွန်းပါသေးတယ် ကိုရယ်"

"အချစ်ဆိုတာ အချိန်အတိုင်းအတာနဲ့ မဆိုင်ပါဘူး ရန့်ကို ကိုယ်သိပ်ချစ်တယ်၊ ရန့်ကလည်း ကို့နဲ့ထပ်တူချစ်တာ ကိုတို့အတွက် ဘာလိုအပ်သေးလဲကွယ်"



သူမလည်း ကို့ကို သိပ်ချစ်ပါသည်။

သင်းရန့်ဘဝမှာ အချစ်ဆိုတာက ကိုနှင့်စတွေ့မှ ဖြစ်ပေါ် လာတာဖြစ်သလို သူမနှလုံးသားထဲက သိပ်ချစ်သွားအောင် ရှင်းသန့် ဆိုသော ယောကျ်ားတစ်ယောက်က ဖန်တီးပေးခဲ့တာအမှန်။

"ကို"

"ဟင်"

"ရန့်ကို တကယ်ချစ်တာပါနော်"

"သြော်…ရန့်ရယ်၊ ကို့အချစ်ကို ရန့် သံသယဖြစ်နေတာ လား၊ ဒါဆို ကို ဒက်ဒီနဲ့မာမီကို ဖွင့်ပြောပြီး ရန့်ကိုလာတောင်း တော့မယ်"

"အဟင်း…ဟင်း ပြောလိုက်ရင် ကိုကလည်း ဖွတ် ချည်းပဲ၊ ကို့အချစ်ကို ရန့် ယုံပါပြီတဲ့ရှင်၊ ကျေနပ်တော့နော်"

"မကျေနပ်ဘူးကွာ၊ ဘာလို့ အဲလိုမေးတာလဲ၊ ကို့အချစ်ကို ရန့် သံသယဖြစ်နေလို့လား"

"အဲလိုသဘောမျိုးနဲ့ မေးတာမဟုတ်ပါဘူး ကိုရယ်၊ ကိုက ပညာတတ်၊ ဥစ္စာပေါ၊ ပြီးတော့ မိန်းကလေးတွေ ကြွေ လောက်တဲ့ ရုပ်ရည်မျိုး ပိုင်ဆိုင်ထားတော့ ကို့အနားမှာ မိန်းက

www.burmeseclassic.com

www.burmeseclassic.com



လေးတွေ ဝိုင်းနေမှာပဲဆိုတာ တွေးမိလို့ပါ"

"အဟွန်း…ဒီလိုဆိုရင် ရန့်ကိုလည်း ကိုက တစ်ခုမေးချင်တယ်၊ သိပ်လှပလွန်းတဲ့ ရန့်လို မိန်းကလေးအတွက် ကျောင်းတက်တုန်းကဖြစ်ဖြစ်၊ ဒါမှမဟုတ် အခြားကပဲဖြစ်ဖြစ် အနည်းဆုံး ရည်းစားတစ်ယောက်လောက်တော့ ရှိခဲ့မှာပဲ၊ ဟုတ်တယ်မဟုတ်လား"

"ကိုနော်…ကို့စိတ်နဲ့နှိုင်းပြီး ရန့်ကို လာပြောမနေနဲ့၊ ရန့်ဘဝမှာ ကိုနဲ့တွေ့မှ အချစ်ဆိုတာ ဖြစ်လာတာ၊ ဘယ်ယောက်ျားတစ်ယောက်ကိုမှ မချစ်ခဲ့ဖူးဘူး"

သင်းရန့်မှာ ရှင်းသန့်၏စကားကြောင့် မခံချင်စိတ်ကလေးဖြင့် ခပ်ဆတ်ဆတ်လေး ပြောပုံကို ရှင်းသန့်က သဘောတကျကြည့်ကာ ပြုံးလိုက်ပြီး…

"ဒီလိုပဲပေါ့ အချစ်ရယ်၊ 'ကိုယ်က ရန့်ရဲ့အချစ်ကို ကိုအကြွင်းမဲ့ယုံသလို ကို့အချစ်ကိုလည်း ဟောဒီက သင်းရန့်ဆိုတဲ့ချစ်သူလေးက အကြွင်းမဲ့ယုံကြည်ဖို့လိုတယ်၊ ဟုတ်ပြီနော်"

"သွား…သိပ်တတ်တယ်"

"မသွားချင်ဘူး၊ သင်းရန့်ဆိုတဲ့ ဟောဒီ ကိုယ့်ရဲ့ချစ်သူ



…သားအနားမှာပဲ အမြဲနေချင်တာ"

ချစ်သူလေး၏ ဖြူနုသောလက်ကလေးကို ခပ်တင်းတင်း…သား ဆုပ်ကိုင်ရင်းက ရှင်းသန့် ပြောလိုက်တော့ သင်းရန့်၏…ပ်ပြုံးလေးကို တွေ့ရသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

''သား…သမီးကြယ်စင်မှူးကို လေဆိပ်ကို သွားကြို
ပါဦးကွယ်''

ကုမ္ပဏီသို့ သွားပြီးနောက် ချစ်သူလေးနှင့်တွေ့ဖို့ စဉ်း
နေသော ရှင်းသန့်မှာ မာမီ့စကားကြောင့်…

''ကြယ်စင်မှူးက သူ့အိမ်ကကားနဲ့ မလာဘူးလား''

''မလာဘူး သားရဲ့၊ သူက ဆေးရုံကို သတင်းအရင်
မှာမို့ ဒီနေ့ဖလိုက်နဲ့ လိုက်လာလိမ့်မယ်၊ တစ်ယောက်တည်းဆို
လာကြိုပေးဖို့ စောစောကပဲ ဖုန်းဝင်လာတယ်၊ အဖော်ရအော
မင်းညီမပါ ခေါ်ချင်ခေါ်သွားလေ''

''ဟုတ်တယ်၊ သမီးလည်း မမကြယ်စင်မှူးကို



ဘာပေါ့''

''လင်းသဲ အဖြစ်သည်းမနေနဲ့၊ အိမ်မှာနေမှာ၊ တစ်ချိန်လုံး
တွေ့နေရမှာ''

စိတ်ကသိကအောက် ဖြစ်ရသည့်ညီမ ရှင်းသန့်မှာ ညီမဖြစ်သူ
လင်းသဲကို ဟောက်လိုက်သည်။

''ကိုကိုမခေါ်ချင်လည်း နေပေါ့၊ လင်းသဲက စေတနာနဲ့
အဖော်လိုက်ပေးမယ့်ဟာကို''

''မခေါ်ဘူးလို့ ဘယ်သူကပြောလို့လဲ''

''ဒါဆို လင်းသဲလိုက်ခဲ့မယ်နော်၊ ခဏလေးစောင့်၊ အဝတ်
အစားမြန်မြန်လဲလိုက်မယ်''

နောက်ဆုံးတော့ မာမီဆန္ဒအတိုင်း လင်းသဲကို ခေါ်ကာ
လေဆိပ်သို့ ထွက်လာခဲ့သည်။

ရှင်းသန့်တို့ရောက်ပြီး အတော်လေးကြာတော့ လေယာဉ်
ဆိုက်သည်။

လေယာဉ်ပေါ်မှ ဆင်းလာသော ခရီးသည်များကြားတွင်
ကြယ်စင်မှူးကို ရှာစရာမလိုလောက်အောင် သူမအလှက ထင်ရှား
ပေါ်လွင်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုက ခရမ်းရောင်ဝမ်းဆက်နဲ့မမက သိပ်လှတာပဲ၊ အဲ
မမကြယ်စင်မှူးလားဟင်"

လင်းသဲက ထူးခြားစွာ ပေါ်လွင်နေသည့် ကြယ်စင်မှူး
ကို မှန်အောင် မှန်းဆနိုင်သည်။

"ဟုတ်တယ် လင်းသဲ၊ သူက ကြယ်စင်မှူးပဲ"

"ဒီလောက်လှတဲ့မမကို ကိုကိုက ဘာလို့မချစ်တာလဲ"

"လင်းသဲ...နင့်ပါးစပ်ပိတ်ထားစမ်းဟာ"

ရှင်းသန့်တစ်ယောက် စိတ်ရှုပ်ရှုပ်ဖြင့် ပြောလိုက်သည်။
ကြယ်စင်မှူး အဆင့်အတန်း၊ အနေအထားနှင့် ရှင်းသန့်တို့အိမ်
နေဖို့ စီစဉ်ထားခြင်းသည် တမင်ပင် လူငယ်ချင်း နီးစပ်စေ
စီစဉ်လိုက်ကြခြင်းဖြစ်ကြောင်း ရှင်းသန့် သဘောပေါက်နားလ
ပါသည်။

လူကြီးတွေ ဘယ်လိုပင် စီစဉ်ထားစေဦး၊ ရှင်းသန့်နှ
သားထဲမှာ သင်းရနံ့ဆိုသည့် ချစ်သူလေးက ရှိနေပြီးသား။

"ကိုရှင်းသန့်...ကြယ်စင့်ကို လာကြိုတာလား"

"ဟုတ်တယ် ကြယ်စင်"

"သူလေးက"



ရှင်းသန့်ဘေးနားတွင် ရပ်နေသော လင်းသဲမျက်နှာကို
ကြည့်ပြီး ကြယ်စင်မှူးက မေးသည်။

"လင်းသဲတဲ့၊ ကိုယ့်ညီမလေ၊ ကြယ်စင် အဖော်ရအောင်
လာကြိုတာ"

"ဟုတ်တယ် မမ၊ မမက အရမ်းလှတာပဲ"

"ညီမကတော့ မြင်မြင်ချင်း မမကို မြှောက်နေပြီ၊ ညီမ
လေးလည်း လှတာပါပဲ"

"မြှောက်တာမဟုတ်ပါဘူး မမရဲ့၊ တကယ်ပြောတာ"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ညီမနဲ့မမတော့ အဖော်ကောင်း
ကောင်းရပြီ၊ မမတို့နှစ်ယောက် ပေါင်းမိရင်တော့ ကိုရှင်းသန့် မျက်စိ
နောက်တော့မယ်ထင်တယ်၊ ဟင်း ဟင်း"

ကြယ်စင်မှူးက ရှင်းသန့်မျက်နှာကိုကြည့်ပြီး ပြောလိုက်
သည်။ ရှင်းသန့်က ပြုံးရုံသာ ပြုံးလိုက်ပြီး...

"လာ...သွားကြရအောင် ကြယ်စင်"

လေယာဉ်ကွင်းထဲမှ သုံးယောက်သား ထွက်လာကြ
သည်။

"အန်ကယ်နဲ့ အန်တီမိုးသူ နေကောင်းကြရဲ့လား

www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင်"

"ကောင်းပါတယ် ကိုရှင်းသန့်၊ လောလောဆယ် အန်တီ
က ခဏနေခဲ့တယ်၊ ဒက်ဒီခွင့်ရမှ အတူလာကြမယ်တဲ့"

ရှင်းသန့်က ကားမောင်းနေရင်းမှ မေးလိုက်တော့ ကား
နောက်ခန်းတွင် လင်းသဲနဲ့ အတူတူထိုင်နေသော ကြယ်စင်မှူးက
ဖြေသည်။

ကားနောက်ခန်းတွင် လင်းသဲနှင့် ကြယ်စင်မှူးက အချိ
ခဏလေးအတွင်း အဖွဲ့ကျသွားကာ စကားတွေတွတ်ထိုးပြီး လိုက်
လာကြသည်။

စကားပြောရင်း ဘာတွေသဘောကျသည်မသိ။ တစ်ခါ
တစ်ရံ ရယ်မျှားပင် ရယ်လိုက်ကြသေးသည်။

ရှင်းသန့်မှာတော့ သူမတို့ ဘာတွေပြောပြော စိတ်မဝင်
စား။ သူစိတ်ဝင်စားသည်က သူမတို့ကို မြန်မြန်ပို့ပြီး ချစ်သူလေး
ထံ သွားဖို့သာဖြစ်သည်။

ဒီနေ့ ချစ်သူလေးနှင့်သူ နေ့လယ်မှာတွေ့ဖို့ ချိန်းထားသည်
ရှင်းသန့် သူမအိမ်ကို လာခေါ်မည်ဆိုတော့ သင်းရနံ့က သူမဟန်း
ဖုန်းကိုပဲ ဆက်လိုက်ဖို့မှာသည်။



ချစ်သူလေး ဖြေထားသည့် အလုပ်အောင်စာရင်းက ဒီနေ့
... ရှင်းသန့်နှင့်အတူတူ သွားကြည့်မည်ဖြစ်သည်။

ပေါ်တီကိုအောက်သို့ ကားကို ထိုးရပ်လိုက်လျှင်ပဲ မာမီက
ဧည့်ခန်းထဲမှ ထွက်လာကာ...

"သားတို့ပြန်လာပြီလား"

"ဟုတ်ကဲ့ မာမီ"

လင်းသဲက ကားနောက်ခန်းတံခါးကို ဖွင့်ကာ ဆင်းလိုက်
ပြီး...

"မမ...လာ လင်းသဲတို့အိမ် ရောက်ပြီ"

လင်းသဲစကားကြောင့် ကြယ်စင်မှူး ကားပေါ်က ဆင်း
လိုက်တော့ မာမီက ပြုံးရွှင်စွာ ဆီးကြိုသည်။

"သမီးလေးက လှလိုက်တာ၊ အန်တီက ငယ်ငယ်က
...တော့ တွေ့ဖူးတယ်၊ ကြီးလာမှ တစ်ခါမှ သမီးနဲ့မဆုံဖြစ်ဘူး"

"ကျေးဇူးတင်ပါတယ် အန်တီ၊ အန်တီကလည်း ချောတာ
...ပဲ"

"သမီးဒက်ဒီကတော့ ရန်ကုန်ရောက်ရင် အန်တီတို့အိမ်
...ပဲ တည်းတယ်၊ မမိုးသူနဲ့လည်း မဆုံဖြစ်တာကြာပြီ၊ ဖုန်းနဲ့တော့

www.burmeseclassic.com



စကားပြောဖြစ်ပါတယ်''

''မာမီရာ…အိမ်ထဲရောက်မှ အေးအေးဆေးဆေး စကား

ပြောကြပေါ့၊ မပုရေ ဒီမှာ ပစ္စည်းတွေလာသယ်ဦး''

''ဟုတ်သားပဲ…လာ သမီးလေး''

အိမ်ဖော်မပုက ကားနောက်ခန်းမှ ပစ္စည်းများကို ကူချ

သည်။ ပစ္စည်းများ ချပြီးနောက် ရှင်းသန့်က ကားနောက်ဖုံး

ပိတ်လိုက်ကာ…

''မာမီ''

''ဘာလဲ သား''

''ဧည့်သည်တစ်ယောက်နဲ့ ချိန်းထားလို့ အပြင်ခဏသွား

လိုက်ဦးမယ်''

''သားကလည်းကွယ် သမီးလေးကြယ်စင်မှူးနဲ့ စကား

လေးဘာလေး ပြောပါဦး၊ ပြီးမှ သွားပေါ့၊ ဧည့်သည်က ဘာ

လောက်များ အရေးကြီးနေလို့လဲ''

''ကြယ်စင်က ရပါတယ် အန်တီရယ်၊ နောက်လည်း

တွေ့ကြမှာပဲ၊ ကိုရှင်းသန့် သွားစရာရှိတာ သွားပါစေ''

ကြယ်စင်မှူးက ရှင်းသန့်နှင့် မာမီကြား ဝင်ပြောပေးသော

ရှင်းသန့်က သူမမျက်နှာလေးကို ဖျတ်ခနဲ ကြည့်လိုက်မိသည်။

မျက်ဝန်းချင်းဆုံတော့ ကြယ်စင်မှူးက သူ့ကို နွေးထွေးစွာ ပြုံးပြသည်။ သူ ပြန်၍ပြုံးပြလိုက်ပြီး…

''နောက်မှ အေးအေးဆေးဆေး စကားပြောကြတာပေါ့ ကြယ်စင်၊ ပြီးတော့ ရန်ကုန်အနှံ့ကို လိုက်ပို့ပေးပါ့မယ်''

''ရပါတယ် ကိုရှင်းသန့်၊ ကြယ်စင့်ကို ဘာမှအားနာစရာ မလိုပါဘူး၊ ကြယ်စင်က ဒီမှာနေဦးမှာပဲ''

ဘယ်လိုပဲဖြစ်ဖြစ် တစ်ချိန်မှာ ကိုယ်က ဧည့်သည်ဖြစ်ခဲ့ဖူးသလို ဒီအချိန်မှာ သူမက ဧည့်သည်တစ်ယောက်။

လူမှုရေးအရ ရှင်းသန့် တတ်နိုင်သလောက် တာဝန်ကျေ ချင်ပါသည်။

ကြယ်စင်မှူးကို နှုတ်ဆက်ပြီး ရှင်းသန့် ကားပေါ်တက်ကာ ကုမ္ပဏီဆီသို့ မောင်းထွက်လာခဲ့သည်။ ကုမ္ပဏီတွင် ကိုကျော်လှနှင့်အတူ ချိန်းထားသော ဧည့်သည်နှင့် အလုပ်ကိစ္စ တိုင်ပင်သည်။ လုပ်ငန်းပြီးနောက် စိတ်ကူးတစ်ခုရပြီး ကားကို သင်းရွှေ အလုပ်အောင်စာရင်းထွက်သည့်နေရာသို့ ဦးတည်ထွက်ခဲ့သည်။

''ကိုရှင်းသန့်''

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ရှင်းသန့်မှာ နောက်ပါးမှ သူ့နာမည်ခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ ရတနာကို တွေ့ရသည်။

"အောင်စာရင်း လာကြည့်တာလား"

"ဟုတ်တယ်၊ အသိတစ်ယောက်အတွက်"

ရတနာက အံ့သြစွာဖြင့် ရှင်းသန့်ကို မေးသည်။

"အောင်လား"

"အောင်တယ် ရတနာ"

"ရတနာနဲ့ သင်းရန့် နှစ်ယောက်စလုံးလည်း အောင်တယ်၊ သင်းရန့်က ရန်ကုန်ထဲက တက္ကသိုလ်မှာပဲ အလုပ်ရတယ်၊ ရတနာက မော်လမြိုင်တက္ကသိုလ်တဲ့လေ"

"အဲဒါ သင်းရန့် ဝမ်းသာအောင်လို့ ရတနာတောင် ဖုန်းဆက်ပြောမလို့၊ သင်းရန့် ဟမ်းဖုန်းက ခေါ်မရဘူး"

ရတနာမှာ သူနှင့်သင်းရန့် ချစ်သူဖြစ်သွားသည်ကို သိပုံမရသေး။ သင်းရန့်အတွက် သူလာကြည့်သည်ကိုသာ ရတနာသိလျှင် တော်တော်လေး အံ့သြသွားမည်ထင်သည်။

အမှန်တော့ ရှင်းသန့်မှာ သင်းရန့် အောင်စာရင်းကို သူ



အရင်ကြည့်ပြီး ချစ်သူကို အံ့သြပျော်ရွှင်သွားအောင် လုပ်ဖို့ဖြစ်သည်။

"ရန့်ဆီ ဖုန်းဆက်လို့ မရဘူးလား၊ ကိုယ်ခေါ်ကြည့်ဦးမယ်"

သင်းရန့် ဟမ်းဖုန်းက စက်ပိတ်ထား၍ ဘယ်လိုမှ ခေါ်မရ။

"ကြိုးဖုန်းကလည်း လိုင်းပျက်နေလားမသိဘူး၊ မဝင်ဘူး"

ရတနာပြောသော ကြိုးဖုန်းခေါ်ကြည့်တောလည်း သူမပြောသည့်အတိုင်း ခေါ်မရ။

"ရန့်လိပ်စာ ကိုရှင်းသန့် သိတယ်မို့လား"

"သိတယ်"

"ဒါဆို ရန့် ဝမ်းသာသွားအောင် ကိုရှင်းသန့် လမ်းကြုံရင် ဝင်ပြောပေးပါလား"

"ပြောပေးမယ် ရတနာ၊ စိတ်ချ"

ရတနာနှင့် လမ်းခွဲပြီး သင်းရန့်ဆီသို့ ရှင်းသန့် ထွက်လာခဲ့သည်။

ချစ်သူ၏ ပျော်ရွှင်သွားမည့် မျက်နှာလေးကို မြင်ကွင်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပုံဖော်ကြည့်ကာ ရှင်းသန့်ပါ အပျော်စိတ်ကလေးတွေ ကူးစက်လာရသည်။

ချစ်သူလေး၏ ခြံဝင်းတံခါး ဖွင့်ထားသဖြင့် ရှင်းသန့်ကားလေးကို မောင်းဝင်လာသည်။

တိုက်ရှေ့တွင် နီညိုနစ်ရောင် ပါရာဒိုကားတစ်စီး ရပ်ထားသဖြင့် ထိုကား၏နောက်တွင် ရှင်းသန့်ကားလေးကို ရပ်လိုက်စဉ် ဧည့်ခန်းအတွင်းမှ အမျိုးသားတစ်ဦးနှင့်အတူ ဒက်ဒီနှင့် ရွယ်တူလောက်ရှိမည့် အန်ကယ်တစ်ဦး ထွက်လာသည်။

ရှင်းသန့် ကားတံခါးဖွင့်ကာ ဆင်းလိုက်သည်။ ရှင်းသန့်ထက် အသက်အနည်းငယ် ကြီးပုံရသည့် အမျိုးသားက သူ့အား အကဲခတ်သလို စူးစမ်းကြည့်ဖြင့် ကြည့်ပြီးနောက် ကားပေါ်တက်ကာ မောင်းထွက်သွားသည်။

ဒက်ဒီအရွယ် အန်ကယ်က ရှင်းသန့်အား…

"ဘာကိစ္စရှိလို့လဲကွယ်"

"ကျွန်တော် သင်းရနံ့သူငယ်ချင်းပါ၊ သင်းရနံ့အလုပ်အောင်စာရင်း အောင်တဲ့အကြောင်း လာပြောတာပါ"

"သြော်…ကျေးဇူးတင်ပါတယ်ကွယ်၊ လာ ငါ့တူ၊ သမီး



အထဲမှာရှိတယ်၊ အန်ကယ်က သင်းရနံ့ဒက်ဒီ ဦးယဉ်ထိုက်ပါ"

"ဟုတ်ကဲ့…တွေ့ရတာဝမ်းသာပါတယ် အန်ကယ်၊ ကျွန်တော့်နာမည် ရှင်းသန့်ပါ"

"လာ…မောင်ရှင်းသန့်၊ သမီးတောင် ဒီနေ့ အောင်စာရင်းသွားကြည့်မယ် ပြောနေသေးတယ်၊ အလုပ်အောင်စာရင်းအောင်တာ သိရင် သမီးတော့ အတော်လေး ဝမ်းသာမှာပဲ"

ဦးယဉ်ထိုက်နှင့်အတူ ရှင်းသန့် ဧည့်ခန်းထဲလိုက်လာခဲ့သည်။ ဧည့်ခန်းထဲတွင် သင်းရနံ့မှာမိဖြစ်ဟန်တူသော အန်တီတစ်ယောက် ထိုင်နေသည်။

"သဉ္ဇာ…သူက သမီးသူငယ်ချင်း မောင်ရှင်းသန့်တဲ့၊ သမီးလျှောက်ထားတဲ့အလုပ် အောင်တဲ့အကြောင်း လာပြောတာ"

"ကျေးဇူးတင်ပါတယ်ကွယ်၊ ထိုင်ပါဦး၊ သမီး လာလိမ့်မယ်"

ထိုအခိုက်မှာပင် ဧည့်ခန်းထဲသို့ ဝင်လာသော သင်းရနံ့မှာ ရှင်းသန့်ကို တွေ့လိုက်ရသဖြင့် အံ့သြသွားပုံဖြင့်…

"ကို…ကိုရှင်းသန့် ဘယ်ကလှည့်လာတာလဲ"

"သင်းရနံ့ဆီပဲ လာခဲ့တာ၊ လမ်းကြုံလို့ သင်းရနံ့အလုပ်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ထားတဲ့ အလုပ်အောင်စာရင်း ဝင်ကြည့်တာ သင်းရနံ့ အောင်တယ်၊ ရန်ကုန်ထဲက အနောက်ပိုင်းတက္ကသိုလ်မှာပဲ''

''ဟုတ်လား…ကျေးဇူးတင်ပါတယ် ကိုရှင်းသန့်ရယ်''

သူမ ဒက်ဒီနှင့်မာမီရှေ့မှာမို့ သင်းရနံ့မှာ စကားအပြော အဆိုတွေ ဆင်ခြင်ထားဟန်တူသည်။

''ရတနာနဲ့လည်း တွေ့တယ်လေ၊ သူလည်းအောင်တယ်၊ ရတနာက မော်လမြိုင်တက္ကသိုလ်မှာ အလုပ်ရတယ်''

''ဟုတ်လား၊ ရတနာနဲ့တောင် မတွေ့ဖြစ်တာ နည်းနည်း ကြာပြီ''

''ဖုန်းဆက်ကြသေးတယ်၊ ဟမ်းဖုန်းရော၊ ကြိုးဖုန်းပါ ဆက်မရတာနဲ့ သင်းရနံ့ စမ်းသာသွားအောင် ကိုယ်လာပြောတာ''

''ဟုတ်တယ်…ကြိုးဖုန်းက ဖုန်းလိုင်းပျက်နေတာ၊ ဟမ်းဖုန်းကိုတော့ သင်းရနံ့ စက်ပိတ်ထားမိတယ်''

ရှင်းသန့်ကို ရှင်းပြနေသော သင်းရနံ့၏ မျက်နှာလေးမှ ရွှင်ပျခြင်းမရှိဘဲ မျက်နှာလေး ညှိုးနွမ်းနေသည်ကို ရှင်းသန့် သတိထားမိ၏။

အိမ်ဖော်ဖြစ်ဟန်တူသော ကောင်မလေးက ရှင်းသန့်ရှေ့



မှာ ကော်ဖီခွက်နှင့်မုန့် လာချပေးသည်။

''သောက်လိုက်ပါဦး မောင်ရှင်းသန့်''

''ဟုတ်ကဲ့ပါ အန်တီ''

ရှင်းသန့်မှာ ကော်ဖီခွက်ကို ယူသောက်လိုက်ရင်းက သင်းရနံ့မျက်နှာလေးကို အကဲခတ်သလို တစ်ချက်လှမ်းကြည့်လိုက်သည်။

ချစ်သူလေး ဘာကြောင့် မျက်နှာမကောင်းရသည်ကို သိချင်စိတ်ဖြင့် မေးလိုက်ချင်ပေမယ့် သူမ ဒက်ဒီနှင့်မာမီတို့၏ ရှေ့မှာမို့ ရှင်းသန့်တစ်ယောက် သိချင်စိတ်ကို မျိုသိပ်ထားရသည်။

သင်းရနံ့တို့ မိသားစု အတွင်းရေးကိစ္စ တစ်ခုခုရှိပုံရသဖြင့် ရှင်းသန့် ပြန်ရန် ဆုံးဖြတ်လိုက်ပြီး နေရာမှ ထလိုက်သည်။

''အန်ကယ်နဲ့အန်တီ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး''

''ကောင်းပါပြီ မောင်ရှင်းသန့်''

သင်းရနံ့က ညှဲ့ခန်းဝအထိ ရှင်းသန့်ကို လိုက်ပို့သည်။

''ရနံ့''

''ဟင်''

''ကိုယ် ညကျမှ ဖုန်းဆက်မယ်နော်''

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

လှပသော မျက်နှာနွမ်းနွမ်းလေးဖြင့် ခေါင်းညိတ်ပြလာသည့် သင်းရနံ့၏မျက်နှာကို ကြင်နာစွာ ကြည့်လိုက်ပြီး ရှင်းသန့်နေရာမှထွက်ခဲ့သည်။

ရင်ထဲတွင်တော့ သင်းရနံ့ဆိုသော ချစ်သူလေးနှင့် ပတ်သက်၍ အတွေးများစွာဖြင့်။

❖ ❖ ❖

## အခန်း (၁၄)

"သမီး"

"ရှင်...မာမီ"

မာမီ ခေါ်သဖြင့် ခေါ်သံကြောင့် မာမီ့မျက်နှာကို သင်းရနံ့ ကြည့်လိုက်သည်။

"စောစောက မောင်မင်းဟန် လာတဲ့ကိစ္စကို သမီးရိပ်မိလောက်ပါတယ်နော်"

သင်းရနံ့ မာမီ့ကို ဘာမှပြန်မပြောမိပါ။ ကိုမင်းဟန်ဆိုသူနှင့် သူမကို လက်ထပ်ပေးဖို့ မာမီတို့ စီစဉ်နေကြသည်ကိုတော့ သင်းရနံ့ ရိပ်မိသင့်သလောက် ရိပ်မိပါသည်။

"မောင်မင်းဟန်က သမီးကို လက်ထပ်ချင်ပြီတဲ့။ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



မာမီနဲ့ဒက်ဒီ ခွင့်ပြုလိုက်ပြီ''

''ရှင်''

မာမီ့ထံမှ မထင်မှတ်ဘဲ ကြားသိလိုက်ရသည့်စကား သင်းရန့်အတွက်တော့ သွေးပျက်တုန်လှုပ်သွားရစေပါသည်။ ဒီကိ ကို ဒီလောက်မြန်မြန်ကြီး ခွင့်ပြုလိမ့်မည်ဟုလည်း သူမ တွေး မထားခဲ့။

ဒက်ဒီနှင့်မာမီ သူမစိတ်ဆန္ဒကို မမေးဘဲ ဘာကြော ခွင့်ပြုလိုက်ရပါလိမ့်။

ဟင့်အင်း။

ဒီကိစ္စကို သင်းရန့် လုံးဝသဘောမတူနိုင်ပါ။

ကိုမင်းဟန်နှင့် လက်ထပ်ဖို့ကိစ္စက ကာယကံရှင်ဖြ သူမသဘောထားမပါဘဲ လုံးဝမဖြစ်နိုင်ဘူးဆိုတာ မာမီတို့ မေ့ နေခဲ့တာလား။

''သမီး ဒီကိစ္စကို လုံးဝသဘောမတူနိုင်ဘူး ပြီးတော့ သမီးမှာ ချစ်သူရှိနေပြီ''

''သမီးရဲ့ခံစားချက်နဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်တွေ သွားမယ်ဆိုတာ မာမီသိပါတယ်၊ ဒါပေမဲ့ မောင်မင်းဟ



လက်မထပ်လို့မဖြစ်ဘူးသမီး''

ဟင့်အင်း...ဘာတွေလဲ၊ ဘယ်လိုလဲ၊ ကိုမင်းဟန်နှင့် လက်ထပ်ပေးဖို့ မာမီတို့မှာ ဘယ်လိုအကြောင်းပြချက်တွေ ရှိနေပါ သလဲ။

သူမ ဘာတစ်ခုမှ နားမလည်နိုင်ပါ။

''ဟင့်အင်း...ကိုမင်းဟန်ကို သမီး လက်မထပ်နိုင်ဘူး၊ စာစောကလာတဲ့ ကိုရှင်းသန့်ဆိုတာ သမီးချစ်သူပါ၊ မာမီနဲ့ဒက်ဒီ ကို သမီး အမှန်အတိုင်းဝန်ခံတာ၊ သူက အင်ဂျင်နီယာတစ်ယောက် ဖြစ်တဲ့အပြင် သူ့မိဘမျိုးရိုးနဲ့ အဆင့်အတန်းက မာမီတို့ လက်ခံနိုင် တဲ့ အနေအထားမှာ ရှိပါတယ်''

''သမီးပြောတာကို ဒက်ဒီတို့သဘောပေါက်ပါတယ်၊ ဒါပေမဲ့''

ဒက်ဒီက စကားမဆက်သေးဘဲ သင်းရန့်မျက်နှာဆီ လှမ်းကြည့်သည်။ ညှိုးရော်မှိန်ဖျော့နေသော ဒက်ဒီ့မျက်ဝန်းတွေကို တွေ့ရတော့ သင်းရန့် ရင်ထဲမှာမကောင်း။

''ဒါပေမဲ့ ဘာဖြစ်လဲ ဒက်ဒီ၊ သမီးကို ပွင့်ပွင့်လင်းလင်း ပဲပြောပါ''

www.burmeseclassic.com

www.burmeseclassic.com



"မောင်မင်းဟန်ကို သမီး လက်မထပ်ရင် ဒက်ဒီတို့

ဦးယဉ်ထိုက် စကားတွေ ဆွံ့အသွားရသည်။ ရှေ့ဆ
ပြောရမည့် စကားတွေအတွက် ဝန်လေးနေပါသည်။

တစ်စတစ်စ အရှုံးပေါ်နေသော ကုမ္ပဏီကို လုံးဝဖျက်သိ
မပစ်ဘဲ နာလန်ထူနိုင်အောင် ကြိုးစားလှုပ်ရှားရုန်းကန်ရင်းက အ
အခြေအနေမှာ မရှုနိုင်မကယ်နိုင် အနေအထား ဖြစ်လာရသည်အ
ဖြစ်သည်။

အခု အခြေအနေမှာ လုပ်ငန်းတွေက လုံးဝအရှုံးပေ
အကြွေးရှင်တွေက နားပူနားဆာလုပ်ပြီး တောင်းဆိုနေကြပြီ။ မ
နိုင်လျှင် စာချုပ်စာတမ်းနှင့် လုပ်ထားသည်မို့ ပြဿနာတွေ ရှုပ်
ကြီးမားကာ မိမိတို့မိသားစုအတွက် အရှက်တကွဲ အကျိုးန
ဖြစ်ရတော့မည်။

အဲဒါတွေအားလုံးကို ကယ်တင်နိုင်သည့်သူ
တစ်ယောက်ပဲရှိသည်။

ထိုသူက မောင်မင်းဟန်။ ဦးယဉ်ထိုက်ကုမ္ပဏီ
လုပ်ငန်းချင်း ပတ်သက်နေသော မောင်မင်းဟန်က နိုင်ငံခြားကု
လုပ်ငန်းများစွာကို ပိုင်ဆိုင်ထားပြီး စီးပွားရေးလောကကို အ



သား ချုပ်ကိုင်ထားနိုင်သူတစ်ယောက်။

မောင်မင်းဟန်၏ စီးပွားရေးလုပ်ငန်းတွေထဲမှာ မှန်တာ
ရှိသလို မမှန်တာတွေလည်းရှိသည်။ ပကာတိစင်းလုံးချော လူစား
မှာ မောင်မင်းဟန် မပါဝင်တာကို သိပေမယ့် လက်ရှိဖြစ်ပေါ
သော အခက်အခဲတွေကို ဖြေရှင်းနိုင်သည်က သူ တစ်ယောက်
ည်းရှိသည်။

ငွေကြေးအားလုံးကို ပြန်ပေးဆပ်ဖို့ရော၊ ကုမ္ပဏီနှင့်
တ်သက်ပြီး လုပ်ငန်းပြောင်းဖို့ ကိစ္စတွေကိုပါ ကူညီဖို့ မောင်မင်း
န်က သဘောတူခဲ့သည်။ ဒီအတွက် မောင်မင်းဟန်က ဦးယဉ်
ိုက်တို့ကို တစ်ခုလိုက်လျောပေးဖို့ တောင်းဆိုသည်။

ဒါကတော့ သင်းရနံ့နှင့်သူ အမြန်ဆုံး လက်ထပ်ချင်ပါ
ည်တဲ့။

မောင်မင်းဟန်နှင့် သမီးသင်းရနံ့ကို လက်ထပ်ဖို့ကိစ္စအား
ယဉ်ထိုက်မှာ သမီးဖြစ်သူအား ပြောပြသင့်သလောက် ပြောပြ
းခဲ့ပေမယ့် ယခု သမီးဖြစ်သူမှာ ရှင်းသန့်ဆိုသော ချစ်သူရှိနေ
ည်တဲ့။ ဘယ်လိုပင်ဖြစ်ဖြစ် လတ်တလော ပြဿနာအရှုပ်အထွေး
အတွက် သမီးဖြစ်သူ သင်းရနံ့ နားလည်သဘောပေါက်နိုင်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ဦးယဉ်ထိုက် ရှင်းပြရတော့မည်ဖြစ်သည်။

"ဒက်ဒီတို့ ကုမ္ပဏီလုပ်ငန်းတွေ တစ်စတစ်စ အရှုံးပေါ်ရာကနေ အခုတော့ ကုမ္ပဏီ ပိတ်ရတော့မယ့်အပြင် အကြွေးတွေ အတော်လေးတင်သွားတယ် သမီးရယ်"

"သမီး စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ ဒက်ဒီနဲ့မာမီ တိုင်ပင်ပြီး ကြိတ်ဖြေရှင်းခဲ့ကြတာ"

"ဘယ်လို ဒက်ဒီ၊ ဒက်ဒီ ဘာပြောလိုက်တယ်"

ဒက်ဒီ့စကားကြောင့် သင်းရနံ့ မျက်ဝန်းလေးတွေ ပြူးကျယ်သွားရသည်။ ဒီအခြေအနေထိ မိသားစုစီးပွားရေးကိစ္စနှင့် ပတ်သက်ပြီး သင်းရနံ့ မရိပ်မိခဲ့။

ပုံမှန်လည်ပတ်နေခဲ့သော မိသားစု အခြေအနေတွေကြောင့် သူမ မရိပ်မိခဲ့တာလည်း ဖြစ်နိုင်လေသည်။

"အကြွေးတွေက ဘယ်လောက်တောင် ရှိနေလို့လဲ ဒက်ဒီ"

"များတယ် သမီး၊ လုပ်ငန်းပြန်အောင်မြင်လာမလား ပြီး ယူရင်းယူရင်းနဲ့ အတော်များသွားတယ်"

အားလျော့စွာ ဒက်ဒီကဆိုတော့ သင်းရနံ့ စိတ်မကောင်း



ဖြစ်။ ညှိုးလျှနေသော ဒက်ဒီ့မျက်နှာကိုကြည့်ပြီး သင်းရနံ့ သနားမိသည်။

"သမီးအကြံပေးပါရစေ ဒက်ဒီ၊ အခု သမီးတို့စီးနေတဲ့ ကားနဲ့ တိုက်နဲ့ခြံကို ရောင်းပြီး ဒက်ဒီ့အကြွေးတွေ ဆပ်လိုက်ပါ၊ ဘယ်လိုအခြေအနေမျိုးနဲ့ပဲ နေရနေရ သမီးတို့နေမယ်လေ"

သင်းရနံ့စကားကို ဒက်ဒီက အတန်ကြာအောင် စဉ်းစားသန်ပြနေသည်။

"ဒက်ဒီတို့ အခြေပျက်သွားမှာပေါ့"

"သမီး ဘာတွေခံစားနေရလဲဆိုတာကို မာမီနားလည်ပါတယ်၊ ဒါပေမဲ့ မာမီတို့မိသားစုကိစ္စကိုလည်း သမီး ထည့်စဉ်းစားပါဦး"

ဟင့်အင်း။

သူမနှလုံးသားတွေ တစ်စစီ ကြေမွပျက်စီးရမယ့် ဘယ်လိုဒီအားပေးတဲ့ စကားတွေကိုမှ သင်းရနံ့ မကြားချင်ပါ။

သင်းရနံ့စိတ်တွေ တွေဝေသွားအောင် မပြောကြပါနဲ့လား ရှင်။

ဘယ်လိုမှ မချစ်နိုင်တဲ့ လူတစ်ယောက်ရဲ့ ရင်ခွင်ထဲကို

www.burmeseclassic.com

www.burmeseclassic.com



သင်းရနံ့ မဝင်ချင်ပါ။

သူမချစ်တာ ရှင်းသန့်ဆိုသော ကို တစ်ယောက်သာ။

သင်းရနံ့ သူမအခန်းလေးဆီသို့ အပြေးလေး တက်လာခဲ့သည်။ အခန်းထဲရောက်တော့ သင်းရနံ့တစ်ယောက် ဝမ်းနည်းကြေကွဲစွာ ငိုရှိုက်လိုက်မိသည်။

တစ်ဖက်မှာက သင်းရနံ့ကို တစ်သက်လုံး မျက်နှာမငယ်အောင် ကျွေးမွေးပြုစု စောင့်ရှောက်လာသည့် ဒက်ဒီနှင့်မာမီ။

အခြားတစ်ဖက်မှာက သင်းရနံ့ဘဝမှာ တစ်ခါမှ မဖြစ်ခဲ့ဖူးသော အချစ်နှင့် သိပ်ချစ်ရသည့် ချစ်သူ။

သင်းရနံ့ ဘာတွေဆက်လုပ်ရမည်လဲ။

❖ ❖ ❖

ဟမ်းဖုန်းလေးမှ ဖုန်းမြည်သံကြောင့် သင်းရနံ့မှာ ငိုထားသဖြင့် မျက်လုံးတွေ မို့အစ်ကာ နီမြန်းနေသည့် မျက်နှာလေးဖြင့် စားပွဲပေါ်တင်ထားသည့် ဟမ်းဖုန်းလေးကို ဆွဲယူလိုက်သည်။

ဟမ်းဖုန်းနံပါတ်ကိုကြည့်လိုက်တော့ ကို့ရဲ့ဖုန်းနံပါတ်။

ကိုနှင့် ဖုန်းပြောလျှင် ရင်တွေ တဒိတ်ဒိတ်ခုန်ကာ ပျော်ရွှင်ကြည်နူးရသလောက် အခုတော့ ကို့ဖုန်းကို ကိုင်လိုက်ဖို့ ဝန်လေးချောက်ချားနေမိသည်။

သူမကို သိပ်ချစ်သည့် ကို့ဆီက စကားသံလေးတွေကို နားထောင်ဖို့အင်အား ကင်းမဲ့နေတာလည်း ဖြစ်နိုင်ပါသည်။

သူမသိပ်ချစ်သော ကို့ထံမှ အပြစ်မရှိဘဲ ခွဲခွာသွားဖို့ ဘယ်လိုမှ မဖြစ်နိုင်တာလည်း သူမဘာသာ သူမအသိဆုံး။

''ဟဲလို''

သူမဖုန်းလေးကို ဖွင့်လိုက်ပြီး နားထောင်လိုက်တော့

www.burmeseclassic.com

www.burmeseclassic.com



ကို့ခေါ်သံလေးကို ကြားရသည်။

"ရန့်"

ကို့ခေါ်သံလေးက တစ်စုံတစ်ခုအတွက် စိုးရိမ်ပူပန်နေသလိုပုံစံမျိုး။

"ပြောလေ ကို၊ ရန့် နားထောင်နေပါတယ်"

"ရန့် ဘာဖြစ်နေတာလဲဟင်၊ ရန့်အသံ နားထောင်ရတာ တစ်မျိုးဖြစ်နေတယ်၊ နေမကောင်းဘူးလား"

"ကောင်းပါတယ် ကို"

"ကောင်းပါတယ်သာ ပြောတာ၊ ကိုယ်နဲ့တွေ့တုန်းက လည်း မျက်နှာမကောင်းဘူး၊ အလုပ်စာမေးပွဲအောင်တာတောင် ရန့် ကိုယ်ထင်ထားသလောက် မပျော်နိုင်ဘူး၊ ရန့် ဘာတွေဖြစ်နေလဲ၊ ကိုယ့်ကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ"

"ပျော်ပါတယ် ကို၊ ရန့် ဘာမှမဖြစ်ပါဘူး"

"ကိုယ့်ကိုမညာပါနဲ့ ရန့်ရယ်၊ ရန့် တစ်ခုခုဖြစ်နေတယ်ဆိုတာ ကိုယ်သိတယ်"

ဟုတ်တယ် ကို၊ ရန့် ဖြစ်နေတဲ့ကိစ္စတွေကို ရန့်ဘယ်လိုဖြေရှင်းလိုက်ရမလဲကွယ်။



စိတ်ထဲက သူမဆိုလိုက်ပေမယ့် လက်တွေ့တွင်တော့ ကို့ကို သူမနှင့်ပတ်သက်ပြီး စိတ်မဆင်းရဲစေလိုပါ။

"ရန့် ဘာမှမဖြစ်ပါဘူးကိုရယ်၊ ကို စိတ်ထင်လို့ပါ"

"ရန့်အိမ်မှာ ဒီနေ့တွေ့တဲ့သူက ဘယ်သူလဲဟင်၊ ရန့်နဲ့ ဘယ်လိုပတ်သက်လဲဟင်၊ ကိုယ့်ကိုပြောပါဦး ရန့်ရယ်၊ ကိုယ့်စိတ်တွေ လေးနေလို့ပါကွာ၊ ပြောစမ်းပါဦး"

မနက်က ကိုမင်းဟန် အိမ်ကိုလာသည့်အခိုက် ကိုနှင့်ဆုံတွေ့ခဲ့ခြင်းအတွက် ကိုက သိချင်စိတ်ဖြင့် မေးနေခြင်းဖြစ်သည်။

"ဟို…ဒက်ဒီ့ဆီလာတဲ့ ဧည့်သည်ပါ ကို"

"ကိုယ်တောင်းပန်ပါတယ် အချစ်ရယ်၊ ရန့်နဲ့ပတ်သက်ပြီး ကိုယ့်ရင်ထဲမှာ စိတ်မချနိုင်ဖြစ်နေတယ်၊ ဒါကလည်း ရန့်ကို ကိုယ်သိပ်ချစ်လွန်းလို့ဆိုတာကို နားလည်ပေးပါနော်"

"နားလည်ပါတယ် ကိုရယ်"

ကို့ကို ရန့် နားလည်ပါတယ် ကိုရယ်။

ကို ရန့်ကို ချစ်သလို ရန့်လည်း ကို့ကို သိပ်ချစ်တယ်ဆိုတာ ယုံပါကိုရယ်။

"ရန့် ကို့ကိုချစ်ရဲ့လားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ချစ်ပါတယ် ကိုရယ်"

"ရုန့်ရယ်"

ဖုန်းထဲမှ ကြားရသည့် ကို၏အသံလေးက လှိုက်ဖိုနေပါသည်။

သင်းရုန့်နှင့်ပတ်သက်ပြီး ရှင်းသန့်မှာ စိတ်မချခြင်းများစွာဖြင့် ရှိနေရသလို သင်းရုန့်မှာလည်း ရှေ့ဆက်ရင်ဆိုင်ရမည့် အနာဂတ်အတွက် ဝေခွဲမရသော အတွေးစိတ်တို့ဖြင့် ရှိနေဆဲ။

❖ ❖ ❖

## အခန်း (၁၅)

ကုမ္ပဏီသို့ ခဏသွားပြီးနောက် ပြန်လာလျှင် သူမတို့အား ဈေးဝယ်လိုက်ပို့မည်ဟု ကိုကိုရှင်းသန့်က ပြောသွားသည်။

"ဟာ…မမက ဒီနေ့သိပ်လှနေပါလား၊ ခရမ်းရောင်ဝမ်းဆက်လေးနဲ့၊ တကယ်မိတယ်"

လင်းသဲက ကြယ်စင်မှူးကိုကြည့်ကာ ပြောလိုက်သည်။

ကြယ်စင်မှူးက ဂုတ်ထောက်နားအထိ ရောက်နေပြီဖြစ်သော ဆံပင်မတိုမရှည်လေးများကို ခပ်ဖွဖွလေး ဖြီးနေရင်းက ပြုံးလိုက်ကာ…

"ညီမလေးလည်း မိုက်ပါတယ်၊ ဒီပုံအတိုင်းဆို တကယ့်ဆယ်ကျော်သက်လေးပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း…ဟင်း မမကလဲ"

လင်းသဲက ဂျင်းစကပ်အတိုလေးနှင့် ကိုယ်ကြပ်အင်္ကျီ အနက်လက်ပြတ်ကလေးကို ဝတ်ထားတာကြောင့် တကယ့် ဆယ်ကျော်သက်မိန်းကလေးတစ်ယောက်လို နုပျိုနေသည်က အမှန်

ကြယ်စင်မှူးစကားကြောင့် လင်းသဲက ကိုယ်လုံးပေါ်မှန်ထဲ တွင် မြင်နေရသော သူ့မပုံရိပ်ကို ပြန်ကြည့်ရင်းက တစ်ချက်ရယ် လိုက်သည်။

"မမက စာလည်းအရမ်းတော်တယ်၊ လှလည်း ဒီလောက်လှတာ၊ မမအနားမှာ ယောကျ်ားလေးတွေ ဝိုင်းဝိုင်းလည် နေမှာပဲနော်"

"ဝိုင်းဝိုင်းလည်နေပေမယ့် မမမှ စိတ်မဝင်စားတာ"

"ဒါဆို မမစိတ်ဝင်စားတာက"

လင်းသဲ၏ မချိုမချဉ် အပြုံးနှင့် ပြုံးစစအမူအရာလေး ကြောင့် ကြယ်စင်မှူး၏ မျက်နှာလေးမှာ ပန်းနုရောင်သန်းသွား လျက် မလုံမလဲဖြစ်သွားရကာ…

"လင်းသဲနော်"

"ဘာလဲကွာ၊ လင်းသဲက မမကို ဘာပြောသေးလို့လဲ"



"အဟင်း…ဟင်း…ဟင်း"

လင်းသဲနှင့် ကြယ်စင်မှူးမှာ ဘာရယ်မဟုတ်ဘဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရယ်မိကြသည်။

"ကဲ…ဒီညီအစ်မနှစ်ယောက် ဘာတွေသဘောကျနေ တာလဲ၊ အောက်ထပ်မှာ သားရောက်နေပြီ၊ ပြီးရင် သွားမယ်တဲ့"

"ကိုကို ရောက်ပြီလား၊ သမီးတို့လည်း ပြီးနေပြီ။ ကိုကို့ ကိုစောင့်ရင်း စကားကောင်းနေကြတာ၊ လာ မမ သွားကြရအောင်"

လင်းသဲက ကြယ်စင်မှူး လက်မောင်းလေးကို ဆုပ်ကိုင် ကာ ပြောလိုက်သည်။

"သမီးလင်းသဲကတော့ သမီးကြယ်စင်မှူးကို အရမ်းခင် တွယ်နေပြီ သမီးရေ၊ သူ့ခမျာ မိန်းကလေးအဖော်မရှိတော့ သမီး ကြယ်စင်မှူးကိုပဲ ကိုယ့်အစ်မတစ်ယောက်လို ဖြစ်နေပြီ"

"ဒါပေါ့ မာမီရဲ့၊ ဒါကြောင့် မမကြယ်စင်မှူးကို အမြဲ အစ်မတော်ရအောင်လို့ စည်းရုံးနေတာ"

"လုပ်ပြန်ပြီ…လင်းသဲနော်"

ကြယ်စင်မှူးက ချစ်စဖွယ် မျက်စောင်းလေးဖြင့် ထိုးလိုက် ပြန်သဖြင့် လင်းသဲနှင့် ဒေါ်ဇေရယ်တို့က သဘောတကျ ရယ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြပြန်သည်။

"ကြည့်ပါဦး မာမီရဲ့၊ မမကြယ်စင်မှူး မလှဘူးလား"

"လှပါ့ကွယ်၊ သမီးကြယ်စင်မှူးက လှပြီးသားပဲ"

"မမကြယ်စင်မှူးက မျက်နှာလေးလည်း အရမ်းလှတယ် အရပ်ကလည်း မြင့်တယ်၊ ကိုယ်လုံးကလည်း လှတယ်၊ မမက ဘယ်ကကြည့်ကြည့် လှနေတာပဲ"

"ကဲပါ တော်ပါတော့ လင်းသဲရယ်၊ မမ မြို့ထဲရောက်မှ မုန့်အဝဝယ်ကျွေးပါ့မယ်"

"အမှန်အတိုင်းပြောလို့ မမက မုန့်ဝယ်ကျွေးရင်တော့ လင်းသဲက အဝစားမှာနော်"

"ကြည့်...ဒီကောင်မလေး၊ တော်တော်စကားတတ်တယ်"

သူတို့နှစ်ယောက် လက်ချင်းချိတ်၍ ဧည့်ခန်းထဲသို့ ထွက်လာခဲ့ကြသည်။ ဧည့်ခန်းထဲတွင် ဆိုဖာဆက်တီခုံပေါ်တွင် သူမတို့ကို စောင့်နေဟန်တူသော ရှင်းသန့်ကို တွေ့ရသည်။

ရှပ်အင်္ကျီ အနက်စင်းလက်တိုနှင့် သက္ကလပ်ဘောင်းဘီရှည် မီးခိုးရောင်ကို ဝတ်ထားသော ရှင်းသန့်က သူမတို့ကို ဖျတ်ခ



...းကြည့်သည်။

"ကိုရှင်းသန့် စောင့်ရတာ ကြာသွားလား"

"မကြာသေးပါဘူး ကြယ်စင်၊ ကြယ်စင်တို့ ပြီးပြီလား"

"ပြီးပြီ ကိုရှင်းသန့်"

"ဒါဆို သွားကြရအောင်"

ကြယ်စင်မှူးနှင့် လင်းသဲတို့ လိုက်ပါလျက် ရှင်းသန့်တို့ ...ကားလေးက မြို့ထဲသို့ ဦးတည်ကာ မောင်းထွက်လာခဲ့သည်။

"ဟင်"

ရုတ်တရက် ရှင်းသန့် ရှေ့တွင်မြင်လိုက်ရသော မြင်ကွင်း ...ကြောင့် ရှင်းသန့်တစ်ယောက် ရင်ထဲမှာ မနာလိုဝန်တိုခြင်းများက ...နှင်ကို မီးစအထိုးခံလိုက်ရသကဲ့သို့ ပူလောင်မှုတို့ဖြင့် နာကျင် ...းရသည်။

မှန်ပါသည်။

သူ့ရှေ့တွင် မြင်လိုက်ရသည့်မြင်ကွင်းက ပါရာဒိုကား ...ကြီးပေါ်သို့ အမျိုးသားတစ်ယောက်နှင့်အတူ တက်သွားသော ...င်းရန့်ကို တွေ့လိုက်ခြင်းကြောင့် ဖြစ်ပါသည်။

နေရာကား ဗိုလ်ချုပ်ဈေးရှေ့ တစ်နေရာ။

www.burmeseclassic.com

www.burmeseclassic.com



ရှင်းသန့် အကြည့်မှားတာများလား။

မဖြစ်နိုင်ပါ။

ကိုယ့်ချစ်သူတစ်ယောက်လုံးကို မမှတ်မိနိုင်စရာ အ… အကြောင်းမှ မရှိသလို သင်းရနံ့နှင့်အတူ ယှဉ်တွဲသွားသည့် အမျိုး… သားက တစ်နေ့က သင်းရနံ့တို့အိမ်မှာ ရှင်းသန့်နှင့် ဆုံခဲ့သ… အမျိုးသား။

သူ ဘယ်လိုမှ မျက်စိမှားတာ မဖြစ်နိုင်ပါ။

သင်းရနံ့တို့ နှစ်ဦးမှာ ရှင်းသန့်ကို မမြင်။

ရှင်းသန့်မှာ လျှပ်တစ်ပြက် မြင်လိုက်ရသည့်မြင်ကွ… ကြောင့် ရင်ဝယ် ခံပြင်းစိတ်၊ နာကျင်စိတ်၊ သဝန်တိုပူလောင်… များနှင့်အတူ သင်းရနံ့ဆိုသော ချစ်သူလေးအား လက်လွှတ်ဆုံး… သွားမှာ ကြောက်သည့်စိတ်များဖြင့် လူက ထူပူကာ မျက်နှာ… ချော်မှာ ချက်ချင်းပင် မှုန်တည်တင်းမာသွားရပါသည်။

ရှင်းသန့်မှာ သင်းရနံ့ဆိုသော သူမကို မြတ်နိုးစွာ ချ… သလောက် သူမကတော့ဖြင့် တခြားအမျိုးသားတစ်ဦးနှင့်တွဲ… ကားပေါ်သို့ တက်သွားသည့် မြင်ကွင်းက ရှင်းသန့်မျက်လုံးထဲ… ဘယ်လိုမှ မထွက်နိုင်အောင် တရစ်ဝဲဝဲမြင်ယောင်နေမိသည်။



ထိုအမျိုးသားနှင့် သင်းရနံ့ တစ်နည်းနည်းဖြင့် ပတ်သက်နေသည်ကတော့ အမှန်။

"ကိုကို…လိုက်ခဲ့လေ၊ လင်းသဲတို့နဲ့အတူတူ ဈေးထဲလျှောက်ကြည့်ရအောင်"

"မလိုက်တော့ဘူးဟာ"

"လင်းသဲပြောတာ ဟုတ်သားပဲ ကိုရှင်းသန့်ရဲ့၊ လိုက်ခဲ့ပါ၊ ကိုရှင်းသန့် တစ်ယောက်တည်း ပျင်းနေမှာပေါ့"

"မလိုက်တော့ဘူး ကြယ်စင်၊ ကြယ်စင်တို့ဘာသာ အေးအေးဆေးဆေး ဈေးဝယ်ပါ၊ ကိုယ် ဒီကပဲစောင့်မယ်"

"အင်းလေ…မလိုက်ချင်လည်း ကိုရှင်းသန့်သဘောပဲ၊ ဒါနဲ့ ကိုရှင်းသန့်မျက်နှာကြည့်ရတာ တစ်မျိုးပဲ၊ ဘာဖြစ်နေတာလဲ"

မှုန်တည်တည်ဖြစ်နေရသော ရှင်းသန့်၏ မျက်နှာချောချောကို ကြယ်စင်မှူးက အကဲခတ်သလိုကြည့်ရင်းက ပြောလိုက်သည်။

"ဘာလဲ…အလုပ်ဖျက်ပြီး ကြယ်စင်တို့ကို လိုက်ပို့ရလို့ စိတ်တိုနေတာလား"

ရွှန်းလဲ့သော မျက်ဝန်းလေးဖြင့် မေးလာသော ကြယ်စင်မှူးကြောင့် ရှင်းသန့်တစ်ယောက် အားနာသွားရကာ…

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ကြယ်စင်၊ ကိုယ် ကိစ္စတစ်ခု စဉ်းစား ရင်း ခေါင်းရှုပ်နေလို့ပါ"

"ဪ…မသိပါဘူး၊ ကြယ်စင်တို့ကိုများ လိုက်ပို့ရလို့ လားလို့၊ ဒါဆို ကြယ်စင်တို့ ဈေးထဲသွားတော့မယ်နော်"

"ကောင်းပါပြီ ကြယ်စင်"

ရှင်းသန့်မှာ လင်းသဲနှင့်အတူ ဈေးထဲဝင်သွားသော ကြယ် စင်မှူးတို့ကိုကြည့်ရင်း သက်ပြင်းတစ်ခုကို ချလိုက်မိသည်။

"လင်းသဲ ညီမ"

"ဟင် ဘာလဲ မမ"

"ကိုရှင်းသန့်မျက်နှာကြည့်ရတာ တစ်မျိုးပဲ၊ ဘာကို အလိုအကျဖြစ်နေလဲ မသိဘူးနော်"

လင်းသဲမှာလည်း ကိုကို ဘာကြောင့် မျက်နှာကြီးမှုန်တည် သွားရသည်ကို ရုတ်တရက် အဖြေရှာမရ။

ကိုကိုတစ်ယောက် ခုတလော ဘာတွေဖြစ်နေပါလဲ ကိုကို့မှာ ချစ်သူရှိသည်ဟုတော့ ကိုကို ပြောဖူးသည်။ ကိုကို့ချစ်သူ ဆိုတာကို လင်းသဲ တစ်ခါမှ မတွေ့ဖူးသေး။

ကိုကို့မှာ ချစ်သူ တကယ်ရှိတာမှ ဟုတ်ရဲ့လား။ ကိုကို့



မှာ ချစ်သူရှိတယ်ဆိုရင်လည်း ချစ်သူနဲ့ အဆင်မပြေဖြစ်လာတာ ဖြစ်နိုင်သည်။

လင်းသဲကတော့ ကိုကို့ကို မမကြယ်စင်မှူးနှင့်သာ သဘောတူပါသည်။ မမကြယ်စင်မှူးလို လှလှပပ ဆရာဝန်မလေး တစ်ယောက်ကို ကိုကိုရှင်းသန့် ဘာကြောင့် ရင်မခုန်တာပါလိမ့်။

ဘာကြောင့်ပဲဖြစ်ဖြစ် မမကြယ်စင်မှူးနှင့် ကိုကိုဖူးစာဖက် နိုင်ဖို့ လင်းသဲ တတ်နိုင်သလောက် ကြိုးစားကြည့်ရမည်။

"မသိပါဘူး မမရယ်၊ ကိုကိုက တစ်ခါတလေ ဒီလိုပဲ၊ မမက ကိုကို့ကို တော်တော်ဂရုစိုက်တာပဲနော်"

"ဪ လင်းသဲရယ်"

ဒီတစ်ခါတော့ ကြယ်စင်မှူး လင်းသဲနာမည်လေးကိုသာ ဆိုညည်းပြီး ဘာစကားမှ ဆက်မဆိုပါလေတော့။

လင်းသဲမှာ ကြယ်စင်မှူး၏ လှပလွန်းသော မျက်နှာလေး ထက်က အဓိပ္ပါယ်တစ်စုံတစ်ရာကိုသာ ရှာဖွေနေမိသည်။

ကိုကိုရှင်းသန့်နှင့်ပတ်သက်ပြီး မမကြယ်စင်မှူးစိတ်ထဲမှာ တစ်စုံတစ်ရာ ရှိနေမည်မှာတော့ အမှန်။

ထိုတစ်စုံတစ်ရာက။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ကောင်းကင်မှ ငွေလမင်းကြီးသည် ည၏အမှောင်း
အောက်ဝယ် ထိန်ထိန်သာနေရသည်။

ဝင်းထိန်ရှန်းလဲ့နေသည့် လမင်းကြီးအလင်းက ပတ်
ကျင်တစ်ခုလုံးကို ထိန်ထိန်သာနေစေရသည်။

ရှင်းသန့်မှာ ခြံထဲရှိ ခုံတန်းလေးထက်တွင် တစ်ယော
တည်း ထိုင်နေလျက်က ကောင်းကင်တွင် ထိန်ထိန်သာနေသ
ငွေလမင်းကြီးကို ငေးကြည့်နေလိုက်သည်။

အတွေးများနှင့် တစ်ယောက်တည်း အိပ်မပျော်သမျှ ခြံ
ဆင်းကာ ခုံတန်းလေးပေါ်တွင်ထိုင်ရင်း စီးကရက်များ တစ်
ပြီးတစ်လိပ် သောက်နေမိပါသည်။



သူမျက်ဝန်းထဲ နေ့လည်က တွေ့ခဲ့ရသည့် သင်းရနံ့တို့
ပုံရိပ်က ပေါ်လာရသည်။

သင်းရနံ့နှင့်အတူ တွေ့ခဲ့ရသော ထိုအမျိုးသားနှင့်
ပတ်သက်၍ ရှင်းသန့်ကမေးတော့ သူ့ဒက်ဒီ၏ ညီသည်ဟုဆိုခဲ့
သည်။ သင်းရနံ့ ဒက်ဒီ၏ညီသည်က အခုတော့ သူမနှင့် ဘယ်လို
ပတ်သက်ဆက်နွယ်နေသည်လဲ။

သင်းရနံ့ သူ့ကို တစ်ခုခုများ ဖုံးကွယ်ထားသည်လား။

ထိုအတွေးဝင်လာတော့ ရှင်းသန့် ရင်တစ်ခုလုံး မွန်းကြပ်
ပိတ်လှောင်သွားရသည်။ ထိုခံစားချက်ဖြင့် ဒီနေ့တစ်နေ့လုံး ရှင်းသန့်
ရင်ဝယ် ပူလောင်နာကျင်နေရသည်။

သင်းရနံ့ကို ဖုန်းဆက်ပြီးမေးလိုက်ဖို့ စဉ်းစားခဲ့ပေမယ့်
မမေးဖြစ်ခဲ့။ သင်းရနံ့နှင့်ပတ်သက်ပြီး ရှင်းသန့်တစ်ယောက် ရတနာ့
ထံမှာ စုံစမ်းဖို့ ဆုံးဖြတ်လိုက်သည်။

ရတနာက သူနှင့် သင်းရနံ့ ချစ်သူတွေဆိုတာပင် မသိ
သေး။ သင်းရနံ့အကြောင်းကို တွေးရင်း ရှင်းသန့်မှာ ခုံတန်းလေးပေါ်
တွင် ထိုင်နေဆဲ။

ကြယ်စင်မှုံသည် တစ်နေ့လုံး မျက်နှာမကောင်းပဲ ခြံထဲ

www.burmeseclassic.com

www.burmeseclassic.com



တွင် ဆင်းထိုင်နေသော ရှင်းသန့်အား သူမ အိပ်ခန်းပြတင်း အ
ရောင်လိုက်ကာစများကြားမှ ကြည့်နေမိသည်။

ရှင်းသန့်ဆိုသော ယောကျ်ားနှင့်ပတ်သက်ပြီး သူမရင်
မှာ ဘာတွေဖြစ်ကုန်ပြီလဲ မသိ။ ယောကျ်ားတွေနှင့်ပတ်သက်
ဘာတစ်ခုမှ ထူးထူးခြားခြား မခံစားခဲ့ဖူးသော ကြယ်စင်မှူး
ရှင်းသန့်နှင့်ကျမှ သူမနှလုံးသားလေးတွေ အရည်ပျော်ကုန်
ထင့်။

ရှင်းသန့်နှင့် အတူတွေ့ရသည့် အချိန်တိုင်းမှာ ကြယ်စင်
ရင်ထဲ အမြဲတမ်း ရင်ခုန်လှုပ်ရှားနေရသည်က ဘာကြောင့်
မသိ။

ကြယ်စင်မှူးအနားမှာရှိနေသည့် ပတ်ဝန်းကျင်တွေထဲ
ဂုဏ်ရည်တူ ယောကျ်ားတွေက သူမထံ ချဉ်းကပ်လာသမျှ ဘာ
စားချက်မှမရှိဘဲ အထက်စီးအနေအထားက ခေါင်းမော့ဝင်ကြွား
ဆက်ဆံလာခဲ့သမျှ အခုတော့ ကြယ်စင်မှူးတစ်ယောက် ရှင်းသ
နှင့်ကျမှ သူမ အစဉ်အလာတွေ ပြောင်းပြန်ဖြစ်နေကြရသည်။

ကိုရှင်းသန့်ဆိုတဲ့ လူရယ်။

ရှင်နဲ့ကျမှ မှူးစိတ်တွေ ဘာတွေဖြစ်ကုန်ရပြီလဲ။



သူမအပေါ် အမျိုးမျိုး ဝပ်သွားခယကာ ချစ်ခွင့်ပန်နေကြ
သည့် ယောကျ်ားတွေနှင့်မတူပဲ ရှင်းသန့်ပုံစံက တစ်မျိုးထူးခြားကာ
သူမအား သာမန်မိန်းကလေးတစ်ယောက်ပမာ ဆက်ဆံတတ်သည့်
ရှင်းသန့်ဆိုသည့် လူကိုမှ သူမက ဘာကြောင့်များ စိတ်ဝင်စားနေရ
သည်လဲ။

ကြယ်စင်မှူးမှာ သူမနှလုံးသား၏ အလိုဆန္ဒကို ဦးနှောက်
အသိတရားဖြင့် ဘယ်လိုပင် ထိန်းချုပ်ပေမယ့် ရှင်းသန့်ကို ချစ်မိ
ပြီဟု သိလိုက်ရသည့်အခါမှာတော့ သူမကိုယ်သူမ အတော်ကြီး
အံ့သြသွားမိပါသည်။

အချစ်ဆိုသော အရာသည် ဤမျှ စွမ်းအားကြီးလိမ့်မည်ဟု
ကြယ်စင်မှူး ဘယ်တုန်းကမှ တွေးထင်မထားခဲ့။

ရှင့်ကို သိပ်ချစ်နေမိပြီ ရှင်းသန့်ဆိုတဲ့သူရယ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် ကိုရှင်းသန့်၊ အဲဒီလူနာမည်က ကိုမင်းဟန် တဲ့၊ သင်းရနံ့နဲ့ မကြာခင် လက်ထပ်တော့မယ့်သူပဲ"

ရတနာ၏စကားက ရှင်းသန့်နားထဲမှာ မိုင်းတစ်လုံး ပေါက်ကွဲသွားသည့်အလား ပြင်းထန်စွာ ဝင်ရောက်သွားသည်။

"ဘယ်လို ရတနာ၊ သင်းရနံ့နဲ့ မကြာခင် လက်ထပ်တော့မယ့်သူ ဟုတ်လား"

"ဟုတ်တယ်လေ၊ သင်းရနံ့မိဘတွေကလည်း သဘောတူထားတယ်၊ ဘာဖြစ်လို့လဲ ကိုရှင်းသန့်ရဲ့"

စူးစမ်းဟန်ဖြင့်ကြည့်ကာ ရတနာက မေးလာသည်။

"ဘာမှမဖြစ်ပါဘူး၊ ဟို မနေ့က ဗိုလ်ချုပ်ဈေးရှေ့မှာ တွေ့လိုက်လို့ မေးကြည့်တာ"

ရှင်းသန့် အတတ်နိုင်ဆုံး မျက်နှာကိုမပျက်အောင် ထိန်း



ရှင်းက ပြောလိုက်သည်။

"ရတနာ သင်းရနံ့ဆီ ရောက်သေးလား"

"အလုပ်ဝင်ရတော့မှာ ပြင်ဆင်နေရတာနဲ့ သင်းရနံ့နဲ့တောင် အခုတလော မဆုံဖြစ်ကြဘူး"

ရတနာကို နှုတ်ဆက်ပြီး ရှင်းသန့် ထွက်လာခဲ့သည်။

မကြာခင် လက်ထပ်တော့မယ့်သူ။

ရတနာ ပြောလိုက်သော စကားတွေကို ရှင်းသန့်နားထဲမှာ ပြန်ကြားယောင်လိုက်ကာ နာကျင်နေသော နှလုံးသားမှာ ဝန်တိုကြေကွဲမှုတို့ဖြင့် သူငယ်ချင်းဖြစ်သူ ကောင်းသော်ရှိရာသို့ ကားလေးကို ဦးတည်လိုက်သည်။ သူငယ်ချင်းတွေထဲမှာ ကျော်လှမျိုးကတော့ သူ့ဦးလေးရှိရာ စင်ကာပူသို့ ထွက်သွားခဲ့ပြီ။ ကောင်းသော်၏ ကွန်ပျူတာနှင့် ကွန်ပျူတာ ဆက်စပ်ပစ္စည်းများ အရောင်းဆိုင်ကို ရှင်းသန့် ရောက်သွားတော့ ကောင်းသော်က အံ့သြစွာ ဆီးကြို၏။

"ဘယ်လိုလဲ ရှင်းသန့်၊ ပေါ်မလာ အတော်ကြာ ဇာတ်ကားရိုက်နေတာ အတော်ကြာပြီ၊ အခုမှ ဘယ်ကမျက်စိလည်ပြီး လမ်းမှားရောက်လာတာလဲ"

"ဘယ်ကမှ မျက်စိလည်ပြီး လာတာမဟုတ်ဘူး၊ မင်းဆီ

www.burmeseclassic.com

www.burmeseclassic.com



တမင်သက်သက်လာတာ၊ မင်းကို ပြောစရာတွေရှိလို့ ငါနဲ့ ...
လိုက်ခဲ့ကွာ''

ကောင်းသော်က ရှင်းသန့်မျက်နှာကို အကဲခတ်သ...
ကြည့်လိုက်ရင်းက

''အင်း ပုံစံကတော့ မဟုတ်မှလွဲရော ရည်းစားပူမိလာ...
ဒီနိုင်းပဲ ဟဲ ဟဲ''

''ဟော့ကောင် လိုက်မှာလား မလိုက်ဘူးလား၊ စ...
မများနဲ့၊ ငါ့စိတ်တွေ ညစ်နေတယ်နော်''

''လိုက်မှာပေါ့ သူငယ်ချင်းရာ၊ ငါနဲ့တွေ့ရင် မင်းရဲ့ည...
နေတဲ့စိတ်တွေ အကုန်လုံး လန်းသွားစေရမယ်''

ကောင်းသော်က ကားတံခါးကို ဆွဲဖွင့်ကာ တက်လိုက်...
ပြောသည်။

ကောင်းသော် ကားပေါ်ရောက်သည်နှင့် ရှင်းသန့်ကား...
ခပ်ကြမ်းကြမ်းလေး မောင်းထွက်လာခဲ့သည်။

''ကဲ မင်းရဲ့ ညစ်နေတာတွေ ပျောက်သွားအောင် ...
ဗာဆယ် စားသောက်ဆိုင် မောင်းကွာ''

ကောင်းသော် ပြောသည့်အတိုင်း ယူနီဗာဆ...



...စားသောက်ဆိုင်သို့ ရှင်းသန့် မောင်းလိုက်သည်။

လူရှင်းသော စားပွဲတစ်လုံးတွင် ရှင်းသန့်နှင့် ကောင်းသော်...
...င်ထိုင်လိုက်ကြသည်။

ဝိတ်တာကောင်လေး အနားရောက်လာတော့
...ကောင်းသော်က

''မင်း ဘာသောက်မလဲ၊ အပျော့ပဲလား၊ ငါကတော့
အပြင်းပဲ''

''ငါလည်း အပြင်းပဲ သောက်မယ်''

ကောင်းသော်က ရှင်းသန့်မျက်နှာကို ထူးဆန်းသလိုကြည့်
လိုက်သည်။

သူငယ်ချင်းတွေထဲမှာ ရှင်းသန့်က အရက်မသောက်တတ်
...တာ ကောင်းသော်သိသည်။ သို့ပေမယ့် ကောင်းသော်က ဘာမှ
...မပြော။

''မင်း ဘာတွေဖြစ်လာတာလဲ၊ မင်းကို ဒီနေ့ ကြည့်ရတာ
...စိတ်ထဲ တော်တော် ထူးဆန်းနေတယ်''

''ပြောမှာပေါ့ကွာ၊ ပြောချင်လို့ မင်းဆီ တမင်လာခဲ့တာ
...ပဲ''

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသော်တစ်ယောက် သူငယ်ချင်းဖြစ်သူ ရှင်းသန့်၏ ယောကျ်ားပီသကာ ချောမောသော မျက်နှာပေါ်မှ အရိပ်တချို့ကိုကြည့်ရင်းက ရှင်းသန့် ပြောလာမည့် စကားကို နားစွင့်နေမိသည်။

မကြာမီ ဝိတ်တာလေးက ကောင်းသော်တို့ မှာထားသည့် စားသောက်စရာများကို လာချပေးသည်။

စားပွဲပေါ်မှ ဝိတ်တာလေး ချပေးလိုက်သည့် အရက်ခွက်ကို ရှင်းသန့် တရှိန်ထိုး မော့ချပစ်လိုက်တော့

"မင်း တစ်ခါမှ မသောက်ဖူးဘဲနဲ့ အဲဒီလို အရမ်း မသောက်နဲ့ ရှင်းသန့်"

ကောင်းသော်က ရှင်းသန့်မျက်နှာကိုကြည့်ရင်း ဆိုသည်။

တစ်ခါမှ မသောက်ဖူးသော အယ်လ်ကိုဟောအရှိန်က ရှင်းသန့် ရင်ဘတ်တစ်ခုလုံးကို ပူဆင်းသွားစေ၏။

ပူပါစေ။

ဒီလောက်အပူကို ရှင်းသန့် ရင်ဘတ်ထဲမှာ ဖြစ်ပေါ်ခံစားနေရသည့် ပူလောင်နာကျင်မှုတွေက အမှု။

"မင်း သင်းရနံ့ကို သိတယ်မို့လား"



"သင်းရနံ့"

ကောင်းသော်က စဉ်းစားဟန်ပြုပြီးနောက်

"သြော် တို့ မန္တလေးသွားတုန်းက ခင်ခဲ့တဲ့ မိန်းမလှလေး မဟုတ်လား"

"ဟုတ်တယ် သူပဲ"

"သင်းရနံ့ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ဘူး၊ ဒီလိုအချိန်ဆို မကြာခင် လက်ထပ်တော့မယ့် သူမင်္ဂလာပွဲအတွက် စဉ်းစားနေမှာပေါ့"

"ဟာကွာ ဘာတွေလဲ၊ သင်းရနံ့ လက်ထပ်မှာနဲ့ မင်း အရက်သောက်တာနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ကွာ၊ ငါ အရက်သောက်တာ သင်းရနံ့ကြောင့်ပဲ"

"ဘာပြောတယ် မင်း အရက်သောက်တာ သင်းရနံ့ကြောင့် ဟုတ်လား"

"ဒီလိုကွာ"

ရှင်းသန့် သင်းရနံ့နှင့်ပတ်သက်ပြီး ဖြစ်ပျက်ခဲ့သည့် အဖြစ်အားလုံးအား ကောင်းသော် နားလည်အောင် ရှင်းပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



“မင်းပြောသလိုဆို သင်းရနံ့နဲ့ပတ်သက်ပြီး မင်း ခံစားနေရတာပေါ့”

“ဟုတ်တယ် ကောင်းသော်၊ ငါ ရနံ့ကို သိပ်ချစ်တယ်၊ ဒါပေမဲ့ သူ ငါ့ကို အပျော်သဘောနဲ့ သက်သက်လှည့်စားခဲ့တာလား ဆိုတာ ငါ ဘယ်လိုမှ နားမလည်နိုင်တော့ဘူး”

“မင်းပြောပုံအတိုင်းဆို သင်းရနံ့က လက်ထပ်မယ့်သူ ရှိပြီးသားဖြစ်ရက်နဲ့ မင်းကို တမင်သက်သက် လှည့်စားတဲ့ ပုံစံမျိုး ပေါ့”

“အေးလေ မင်းလည်း စဉ်းစားကြည့်စမ်း၊ ငါ့နေရာမှာ မင်းဆိုရင်ရော ဘယ်လိုခံစားရမလဲ”

“ပုံစံကတော့ မင်း ထင်ထားတဲ့ပုံစံမျိုး ဖြစ်နေတာအမှန်ပဲ၊ ဒီတော့ မင်းကို နည်းလမ်းနှစ်လမ်း အကြံပေးချင်တယ်၊ ဒီကိစ္စတွေကို မင်း သင်းရနံ့နဲ့ ထိပ်တိုက်ဖြေရှင်းလိုက်၊ မဖြေရှင်းချင်ရင်လည်း သင်းရနံ့ကို မင်း ရင်ဘတ်ထဲက ဆွဲထုတ်ပစ်လိုက်၊ ငါသာ မင်းနေရာမှာဆိုရင်တော့ သူ့ဘာသာ အပျော်သဘောပဲဖြစ်ဖြစ်၊ ဘာကြောင့်ပဲဖြစ်ဖြစ် ဂရုစိုက်မနေဘူး၊ ငါတို့က ယောကျ်ားပဲ၊ ဘာမှ နစ်နာဆုံးရှုံးစရာ အကြောင်းမရှိဘူး၊ ဒီတော့ ငါ့အနေနဲ့ဆို



ရင် ဘာမှ ခံစားမနေဘူး၊ ဝမ်းဂိုး တူးကမ်းပဲ၊ တစ်ယောက်သွားရင် နှစ်ယောက်လာလိမ့်မယ်”

“မင်းလို လူမျိုးဆိုရင်တော့ ဟုတ်မှာပေါ့၊ ငါက သူ့ကို ရင်ဘတ်ထဲက ခံစားပြီး နှလုံးသားနဲ့ တကယ်ချစ်ခဲ့တာကွ”

ကောင်းသော်က ရည်းစားထည်လဲတွဲပြီး နေတတ်သူမို့ သူ့စကားက ကောင်းသော်အတွက် ဟုတ်နိုင်ပေမယ့် ရှင်းသန့်အတွက်တော့ ဘယ်လိုမှ မဖြစ်နိုင်။

သင်းရနံ့ဆိုသော သူမလေးအပေါ် နက်ရှိုင်းစွာ သိပ်ချစ်မိရသည့်အဖြစ်က သူ့နှလုံးသားမှာ ခိုင်မာခဲ့ရပြီ။

“ငါ့စိတ်ထင်တော့ မင်း ချစ်သူရည်းစား တစ်ခါမှ မထားခဲ့ဖူးလို့ ဒီလို ခံစားနေရတယ်ထင်တာပဲ၊ မင်းလိုလူတစ်ယောက်အနားမှာ မဆွတ်ခင်က ညွတ်ချင်နေကြတဲ့ မိန်းကလေးတွေ တစ်ပုံကြီးပါ၊ ဒီတော့ သင်းရနံ့ထက်သာတဲ့ မိန်းကလေးတစ်ယောက်ကို မင်း ချစ်သူအဖြစ် ရွေးချယ်လိုက်၊ ဥပမာ ကြယ်စင်မှူးလို မိန်းကလေးမျိုးပေါ့”

သင်းရနံ့တစ်ယောက် သူ့အပေါ် လှည့်စားဟန်ဆောင်ခဲ့ ချစ်ခဲ့သလားဆိုသည့် အတွေးစိတ်ဖြင့် နာကျင်ကြေကွဲ ပူဆွေးနေ

www.burmeseclassic.com

www.burmeseclassic.com



ရမွှတို့နှင့်အတူ ရှင်းသန့်မှာ ကောင်းသော်စကားကြောင့် သွား
ရွှန်းလဲ့တောက်ပစွာ ကြည့်တတ်သည့် ကြယ်စင်မျိုး၏ မျက်နှာ
လေးအစုံကို ဖျတ်ခနဲ သတိရမိသည်။

ကောင်းသော်နှင့်အတူ ရှင်းသန့် ပြန်တော့ ညဦးအ
နက်ပြီ။

"ရှင်းသန့် မင်းကို ငါ လိုက်ပို့ပေးမယ်၊ မင်း အရ
နေပြီ"

"မမူးပါဘူးကွာ၊ ငါ့ရင်ဘတ်ထဲမှာ အချစ်
မွှေနှောက်ပြီး မူးနေတာ"

ရှင်းသန့်မှာ မသောက်စဖူး သောက်ထားသည့် အ
အရှိန်ဖြင့် အတော်ကြီးမူးနေပြီဖြစ်သဖြင့် ကောင်းသော်မှာ ကား
သူကိုယ်တိုင်မောင်းကာ ရှင်းသန့် အိမ်ပေါက်ဝအထိ လိုက်ပို့
သည်။ ရှင်းသန့်ပြန်မရောက်သေး၍ထင် ခြံတံခါးက ဖွင့်
စေထားသည်။

"ရှင်းသန့် ငါ ကားယူသွားမယ်နော်၊ မင်း ရ
မဟုတ်လား"

"ရတယ် သူငယ်ချင်း ရတယ်၊ ကျေးဇူးပဲ"



ကောင်းသော်ကို လက်လှမ်းပြရင်း ရှင်းသန့်က ခြံတံခါး
ကို တွန်းဖွင့်ကာ ဝင်လိုက်သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ခမ်းနားကြီးကျယ်လွန်းသော ခန်းမကြီးထဲတွင် ရောင်
မီးရောင်စုံများဖြင့် လက်လက်ထနေသည့် ခန်းမကြီးဆောင်ရှိ စင်
စင်မှ မင်္ဂလာအခါတော်ပေး သီချင်းသံက ခန်းမကြီးတစ်ခု
ဟိန်းထွက်လျက်။

ညှော်ပရိသတ်များဖြင့် ပြည့်နှက်စည်ကားလွန်းသော
မင်္ဂလာခန်းမကြီးထဲသို့ ရှင်းသန့်တစ်ယောက် ဝင်လာခဲ့သည်။

မင်္ဂလာအခါတော်ပေး သီချင်းသံနှင့်အတူ မင်္ဂလာစင်
ထက်မှ ဆင်းလာသော သတို့သားနှင့် သတို့သမီးတို့၏ မျက်
များက အပြုံးပန်းတွေဝေဆာလျက် တစ်ဦးကိုတစ်ဦး လက်ချင်း



ချိတ်ကာ ဆင်းလာနေကြသည်။

ရှင်းသန့်မှာ မင်္ဂလာ သတို့သားနှင့် သတို့သမီးဆင်းလာမည့် လျှောက်လမ်းအလယ်မှာ မားမားကြီးရပ်နေပါသည်။

သတို့သားက ရှင်းသန့် မှတ်မိနေရသည့် မျက်နှာ။

သတို့သမီးကတော့ ရှင်းသန့် ချစ်မြတ်နိုးလွန်းသည့် သင်းရနံ့။

ပန်းနုရောင် သတို့သမီးဝတ်စုံလေးဖြင့် သင်းရနံ့၏ မျက်နှာက လူတကာ ငေးကြည့်ချင်လောက်အောင် ရက်ရက်စက်စက် လှပနေပါသည်။

သတို့သားဖြစ်သူက ထိရက်စရာမရှိအောင် လှပလွန်းသော သူမမျက်နှာလေးကို ချစ်ရည်ရွှန်းလဲ့သော မျက်ဝန်းအစုံဖြင့် ငေးကြည့်နေသလို သတို့သမီးဖြစ်သူ သင်းရနံ့သည်လည်း သတို့သားဖြစ်သူ မျက်နှာကို ရှက်မျက်နှာဝဲဝဲလေးဖြင့် ပြန်လည်ကြည့်နေသည့် မြင်ကွင်းကို ရှင်းသန့်တစ်ယောက် မမှိတ်မသုန် စူးစူးစိုက်စိုက်ကြီး ကြည့်နေမိပါသည်။

အပူအပင် သောကများ ကင်းဝေးကာ ကြည်နူးပျော်ရွှင်

www.burmeseclassic.com

www.burmeseclassic.com



နေသော မင်္ဂလာမောင်နှံနှစ်ဦးမှာ တရွေ့ရွေ့ဖြင့် ဧည့်ပရိသတ်များကို အပြုံးလေးများဖြင့် ဧည့်ခံရင်း ရှင်းသန့်အနီးသို့ တစ်စထက်တစ်စ နီးကပ်လာနေပါပြီ။

ပျော်ကြစမ်း မော်ကြစမ်း။

ရှင်းသန့်မှာ သူနှင့် တစ်စထက်တစ်စ နီးကပ်လာသော သူတို့နှစ်ယောက်ကိုကြည့်ကာ လက်ထဲက ဓားကို ဘယ်သူမှ မမြင်စေရန် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပါသည်။

ထိုအခိုက် သင်းရနံ့မှာ သူ့ကို လျှပ်တစ်ပြက် တွေ့မြင်ပြီး သတို့သားဖြစ်သူအနားမှ ရုတ်တရက် ပြေးထွက်လာပြီး ရှင်းသန့်မှာ သူ့ထံသို့ အပြေးလှမ်းလာသည့် သတို့သမီးလေးအား ပွေ့ဖက်ဆီးကြိုရန် လက်ထဲမှ ဓားကို လွှတ်လိုက်ပြီး လက်နှစ်ဖက်ကို ဆန့်တန်းပေးလိုက်သည့်ခဏ

ရှင်းသန့် ထင်မြင်ထားသလိုမဟုတ်ပဲ သတို့သမီးဖြစ်သူ သင်းရနံ့က အရှိန်ဖြင့် ပြေးဝင်ကာ သူ့ရင်ဘတ်တစ်ခုလုံးအား သူမ၏ လက်အစုံဖြင့် အားကုန် ဆောင့်တွန်းလိုက်သဖြင့် ရှင်းသန့် ခန္ဓာကိုယ်တစ်ခုလုံး လေဟာနယ်ထဲသို့ လွင့်စင်သွားခိုက် သင်းရနံ့၏ လက်ကလေးကို ယောင်ယမ်းကာ ဆွဲလိုက်မိသည်။



"အား…အ"

"ကိုရှင်းသန့် သတိထားနော်"

တိုးတိတ်ညင်သာလွန်းပေမယ့် စိုးရိမ်မှုတွေ ပါဝင်နေသည်လို့ထင်ရတဲ့ ခေါ်သံတိုးတိုးက ဟိုးအဝေးက ရောက်ရှိလာသလိုလို အနီးအပါးကပဲ ခေါ်နေသလိုလိုနှင့် အသိနှင့် အာရုံလွတ်နေရသလို လူတစ်ကိုယ်လုံးကလည်း လေဟာနယ်တစ်ခုထဲကို ရောက်ရှိနေသည့်အလား ခံစားနေရသည်။

ရှင်းသန့်သည် ရုတ်တရက်မှာတော့ သူ့ကိုယ်သူ ဘယ်ကို ရောက်နေမှန်း မသိသလို သူ ဘာတွေဖြစ်ခဲ့သည်ကို စဉ်းစားမရ။

နီးတစ်ဝက် အသိစိတ်နှင့် ယခု လောလောဆယ် သူ သိနေသည်က ရင်တွေ ပူလောင်နေရကာ အာခေါင်တွေခြောက်လျက် လူက မထူချင်လောက်အောင် မူးဝေလျက် ရှိနေရသည်။

ရှင်းသန့်သည် လေးလံလွန်းနေရသော မျက်ခွံများကို မှေးမှိတ်ထားဆဲက အမှောင်ကမ္ဘာလေးထဲတွင် တရစ်ဝဲဝဲရှိနေဆဲဖြစ်သည်။

"ကြယ်စင့်လက်ကို လွှတ်ပါဦး"

ကြယ်စင်မျှူးမှာ ရှင်းသန့်က တင်းကြပ်စွာ ဆုပ်ကိုင်ထား

www.burmeseclassic.com

www.burmeseclassic.com



သော သူမလက်ကလေးကို အသာအယာ ရုန်းရင်းက ပြောလိုက်သည်။

ရှင်းသန့် မူးမူးဖြင့် ပြန်လာသည့် ညဉ့်နက်အချိန်အထိ အိပ်၍မပျော်ဘဲ မျက်စိကြောင်နေသော ကြယ်စင်မှူးမှာ ဆေး အုပ်တစ်အုပ်ကို ဖတ်နေရင်းမှ ရှင်းသန့်ပြန်လာသည်ကို အိပ်ခန်း ပြတင်းပေါက်မှ တွေ့လိုက်ရခြင်းဖြစ်သည်။

အတော်လေး မူးလာပုံရသော ရှင်းသန့်မှာ ခြံထဲရှိ ခုံတန်း လေးမှာ ခေတ္တထိုင်လိုက်သည်။

အချိန်အတော်ကြီးကြာအောင် စောင့်ကြည့်ပေမယ့် ရှင်းသန့် ထိုနေရာလေးမှာပင် အိပ်ပျော်နေသည်ကို တွေ့ရသဖြင့် ကြယ်စင်မှူးမှာ စိတ်ပူစွာဖြင့် ရှင်းသန့်ထံ ရောက်လာခဲ့ခြင်းဖြစ် သည်။

"ဟင့်အင်း ဟင့်အင်း၊ မလွှတ်ဘူး မလွှတ်ဘူး၊ အချစ်ရယ် ကိုယ် သိပ်ချစ်တယ်၊ တခြားလူလက်ထဲ ကိုယ် အပါမခံနိုင်ဘူး"

မူးမူးနှင့်ပြောလာသည့် ရှင်းသန့်စကားများကြောင့် ကြယ် စင်မှူး ဘာမှနားမလည်နိုင်စွာဖြင့် ရင်ခုန်သံလေးများပင် မြန်အေး လာရပါသည်။



ရှင်းသန့်မျက်နှာချောချောကိုကြည့်ကာ

"ဖယ်ပါ ကိုရှင်းသန့်ရယ်၊ ဖယ်ပါ"

ချစ်သူကို လက်လွှတ်ဆုံးရှုံးခံလိုက်ရမည့်အဖြစ်ကို ရှင်းသန့် နှလုံးသားက ဘယ်လိုမှ လက်မခံနိုင်သည်မို့ မချိသည့်ရင်အစုံဖြင့် ရူးနေရသည့် ရှင်းသန့်မှာ အိအိစက်စက်နှင့် နူးညံ့လွန်းလှတဲ့ ကြယ် စင်မှူးကိုယ်လုံးလေးကို သိမ်းကျုံးကာတိုးအဖက် ကြယ်စင်မှူးသည် လည်း ရှင်းသန့်ရင်ခွင်ထဲမှ ရုက်လန့်တကြားလေး ရုန်းထွက်နေမိ သည်။

"မဖယ်ဘူး မဖယ်ဘူး၊ မင်းလေးကို ကိုယ် သိပ်ချစ်တယ်၊ သိပ်ချစ်တယ်ကွာ"

"အို အို ဒုက္ခပါပဲ"

"ဒီမှာ ဒီမှာ ကိုရှင်းသန့်"

"ရှင် ရှင် သတိထားပါဦး"

ကြယ်စင်မှူးမှာ ပြောလည်းပြောရင်းက သူမ ခန္ဓာကိုယ် လေးကို ရှင်းသန့်ရင်ခွင်ထဲမှ ရုန်းထွက်နေမိသည်။

သို့ပေမယ့် တင်းကြပ်စွာ ပွေ့ဖက်ထားသည့် ရှင်းသန့်၏ သန်မာလာသော လက်များကြားတွင် ကြယ်စင်မှူးကိုယ်လုံးလေး

www.burmeseclassic.com

www.burmeseclassic.com

မှာ ဘယ်လိုမှ ရုန်းမထွက်နိုင်ဘဲရှိနေရသည်။

ကြယ်စင်မှူးသည် ရင်ခုန်သံတွေ မြန်ဆန်အောင်ခုန်လျက် ရင့်မှာ ကတိမ်းကပါးကြီး ဖြစ်နေရကာ ရှင်းသန့်ရင်ခွင်ထဲမှာ ကြယ်စင်မှူးကိုယ်လေး နစ်မြုပ်နေရပါသည်။

မျက်နှာလေးငုံ့ကာ ရှင်းသန့်ရင်ခွင်ထဲမှ ရုန်းထွက်နေသည့် ကြယ်စင်မှူးကို ရှင်းသန့်မှာ မူးမူးဖြင့် သူ့ရင်ခွင်ထဲမှ အဆင်းဆွဲမော့ရင်း မျက်နှာလေးထက် လှိုက်လှဲပြင်းပြသော ချစ်အနမ်းများကို အဆက်မပြတ် ရှာသွန်းလျက် ရှိလေတော့သည်။

"အို အို ကိုရှင်းသန့်"

လရောင်ဆမ်းနေသည့် ညကာလတွင် ရှင်းသန့်၏ အနမ်းနွေးနွေးများအောက်မှာ သူမတစ်ကိုယ်လုံး ကြက်သီးလေးများ ထလျက် ရင်ခုန်သံတွေ ဆူညံနေရပါသည်။

"ကိုရှင်းသန့် ကိုရှင်းသန့်၊ သတိထားပါဦး၊ ရှင် အရမ်းမူးနေပြီ၊ မျက်လုံးဖွင့်ကြည့်ပါဦး"

အကြိမ်ကြိမ်အခါခါ သူ့နားထဲတွင် ကြားနေရသလို ပဲ့တင်ထပ်နေသည့် ချိုလွင်ကြည်မြသည့် အသံလေးကြောင့် ရှင်းသန့်၏ အသိတရားတို့ကို ရှင်းသန့် ကြိုးစားစုစည်းလိုက်သည်။



မြဲမြဲစွာ ဖက်တွယ်ထားမိသည့် လက်အစုံကြောင့် ရှင်းသန့်ရင်ခွင်နှင့်တစ်သားတည်း ဖိကပ်ကျရောက်နေရသော နွေးထွေးနူးညံ့လွန်းတဲ့ အထိအတွေ့များကလည်း ရှင်းသန့်၏ အာရုံများကို ပြန်လည်ရှင်သန်လာစေရသည်။

ရှင်းသန့်မှာ ပျံ့လွင့်မူးဝေနေသည့် အသိစိတ်တို့ကို အမြန်စုစည်းလျက် လေးလံကျိန်းစပ်နေရသည့် မျက်ခွံများကို တဖြည်းဖြည်း ကြိုးစားအားယူကာ ဖွင့်ကြည့်လိုက်မိသည်။

ပထမဆုံး ရှင်းသန့် သတိထားမိလိုက်သည့် သူ့ရင်ခွင်ထဲမှ အိစက်ပျော့ပျောင်းလွန်းသည့် မိန်းကလေးတစ်ယောက်၏ အထိအတွေ့။ ပြီးတော့ သူနှင့် စိမ်းလွန်းနေသည့် မွှေးရနံ့သင်းသင်းလေး။

အမူးဒဏ်ကို အန်တုရင်း လေးလံနေရသော မျက်ဝန်းအစုံသည် ယခုတော့ဖြင့် တမင် ကြိုးစားအားယူဖွင့်စရာ မလိုဘဲနှင့် သူ့အလိုလို ဖျတ်ခနဲပွင့်လာရပြီ။ အဘယ်ကြောင့်ဆိုသော်

သင်းရနံ့အမှတ်ဖြင့် ရှင်းသန့်ရင်ခွင်ထဲရောက်နေသည်က ကြယ်စင်မှူးဖြစ်နေသောကြောင့်ပင်။

ကြယ်စင်မှူး၏ လှပသော မျက်နှာလေးကို မြင်လိုက်သည့်ခဏ ရှင်းသန့်မှာ အယောင်ယောင်အမှားမှားဖြင့် ကြယ်စင်မှူး၏

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်လေးကို လွှတ်ပေးလိုက်မိသည်။

ရှင်းသန့်မျက်နှာကို ရီဝေတောက်ပစွာ ကြည့်လာသည့် ကြယ်စင်မှူး၏ မျက်နက်ဝန်းလေးများကိုကြည့်ရင်းက အမူးဒဏ်ကြောင့် ရှင်းသန့်မှာ တဖြည်းဖြည်းနှင့် မျက်ဝန်းများ ပြန်လည်လေးသံလာရကာ မကြာမီ အိပ်ပျော်သွားရပါသည်။

နံနက်ခင်း၏ နေခြည်သစ်နှင့်အတူ နေ့သစ်တစ်နေ့သို့ ပြောင်းလဲရောက်လာခဲ့ပြီ။

"ဘယ်လိုလဲ သမီးလေး၊ ညက သားအတွက်နဲ့ အတော်လေး ပင်ပန်းသွားလား"

ဒေါ်ဖေရယ်က ကြယ်စင်မှူးကိုကြည့်ကာ ရိုးရိုးသားသား မေးလိုက်ပေမယ့် ညတုန်းက အဖြစ်အပျက်တွေကို ပြန်တွေးမိတော့ ကြယ်စင်မှူးမျက်နှာလေးတွေ ရှက်သွေးဖြာသွားမိသည်။

"တော်သေးတယ်၊ မမကြယ်စင်မှူး ကိုကို့ကို သတိထားမိလိုက်လို့၊ နို့မို့ဆို ကိုကို ဒီထက် အခြေအနေဆိုးသွားနိုင်တယ်၊ ပြီးတော့ မမက ဆရာဝန်ဆိုတော့ ကိုကို့အတွက် ပိုအဆင်ပြေသွားတယ်"

အန်တီဖေရယ်နှင့် လင်းသဲစကားကို နားထောင်ပြီး



"ကြယ်စင့်ကို အားနာမနေပါနဲ့၊ ကြယ်စင်က မိသားစုဝင်တစ်ယောက်လို ဖြစ်နေပြီပဲတာ"

"ကိုကိုက ဘာလို့ ဒီလောက် အရက်တွေသောက်လာရလဲ မသိပါဘူး၊ ကိုကို တစ်ခါမှ ဒီလောက်အထိ မသောက်ဖူးဘူး၊ ကိုကို့အဖျားက စိုးရိမ်စရာမရှိပါဘူးနော် မမ"

"ကိုရှင်းသန့် အပေါင်းအသင်းတွေနဲ့တွေ့လို့ ဖြစ်ပါလိမ့်မယ်၊ မူးတဲ့ဒဏ်နဲ့ ခြံထဲမှာ အိပ်ပျော်ပြီး အအေးမိသွားလို့ အဖျားဝင်သွားတာပါ၊ သိပ်တော့ စိုးရိမ်စရာမရှိပါဘူး"

ရှင်းသန့်ကတော့ ခုတင်ပေါ်ဝယ် မှိန်းနေဆဲ။

ကြယ်စင်မှူးသည် အဖျားသွေးကြောင့် သွေးရောင်တောက်နေသည့် ရှင်းသန့်ထံသို့ သူမအကြည့်လေးများ ရောက်ရှိသွားပြီးနောက် သူမ လက်ဖမိုးလေးက ရှင်းသန့်၏ နဖူးပေါ် ခပ်ဖွဖွတင်လိုက်သည်။

အဖျားကတော့ မရှိတော့။

ညက ကြယ်စင်မှူးတစ်ယောက် ရှင်းသန့်ကို အဖျားတိုင်းတော့ တစ်ရှာနှစ်ရှိသည်။

ကိုရှင်းသန့် ဘာအတွက်ကြောင့် အရက်တွေ ဒီလောက်

www.burmeseclassic.com

www.burmeseclassic.com



သောက်ခဲ့ပါသလဲ။ အပေါင်းအသင်း မိတ်ဆွေတွေနှင့် တွေ့တာ ကြောင့်လား။ ဒါမှမဟုတ် စိတ်ညစ်စရာ တစ်စုံတစ်ရာများ ရှိနေ သည်လား။

ညတုန်းက ပြောခဲ့တဲ့ စကားတွေကလည်း ဘယ်သူ့ အတွက် ပြောခဲ့သည့် စကားများလဲ။

ကိုရှင်းသန့်စိတ်ထဲမှာ တခြားတစ်ယောက်ပဲထင်လို့လား သို့မဟုတ် ကြင်စင်မျိုးမှန်းသိလျက်နှင့် တမင်ပြောခဲ့သည့် စကားတွေ များလား။

ဘာပဲဖြစ်ဖြစ် ကြယ်စင်မျိုးအတွက်တော့ ရင်တွေပဲရမ်း ပတာ ခုန်စေရပါသည်။

တော်တော်ဆိုးသည့်လူ။

အအေးမိကာ အဖျားဝင်သွားသဖြင့် ရှင်းသန့်အား ကြယ်စင်မျိုး ဆေးတစ်လုံးထိုးပေးထားသည်။

ဆေးရှိန်။ ညကအဖျားရှိန်ဖြင့် ခုတင်ပေါ်တွင် စောင်ပါး လေးခြုံကာ အသက်ရှူနှုန်းမှန်မှန်ဖြင့် အိပ်မောကျနေသည့် ရှင်းသန့် မျက်နှာချောချောကိုကြည့်ကာ ကြယ်စင်မျိုးရင်ထဲတွင် အကြင်နာ ကရုဏာစိတ်လေးတွေ ရင်မှာဖြစ်ထွန်းနေရသည်။



ထိုစဉ်

"အား ကျွတ် ကျွတ်"

"အို ကိုရှင်းသန့်၊ မထနဲ့လေ၊ အရမ်းမထနဲ့"

ရုတ်တရက်ဆိုသလို ထထိုင်လိုက်သော ရှင်းသန့်မှာ ရုတ်တရက် ဦးခေါင်းမှာ မိုက်ခနဲဖြစ်သွားရသဖြင့် သူ့ကိုယ်ကြီးကို ကြယ်စင်မျိုးသည် အမြန်ပင် ဖေးမထိန်းလျက် မွေ့ရာကြီးထက်တွင် ရှင်းသန့်အား ပြန်၍ အိပ်စေလိုက်သည်။

"ကြယ်စင် ကိုယ်"

"ဟုတ်တယ် ကိုရှင်းသန့် ဖျားသွားတာ၊ ခဏ ပြန်လှဲ လိုက်ဦးနော်"

ကြယ်စင်မျိုးစကားကို ရှင်းသန့် မငြင်းဆန်မိ။ သူမပြော သလိုပင် မျက်ဝန်းအစုံကို ပြန်မှိတ်ထားလိုက်သည်။

ဟုတ်သားပဲ။

ချစ်ရလွန်းသူ သင်းရနံ့နှင့်ပတ်သက်ပြီး ခံစားရသည့် ဝေဒနာများကြောင့် ညက တစ်ခါမှ မသောက်ဖူးသော အရက်ကို သောက်မိသည်။ သောက်တာများသွားသဖြင့် အမူးလွန်ပြီး ခြံထဲ မှာပဲ အိပ်ပျော်ခဲ့ရသည့် အဖြစ်တွေကြောင့် အအေးမိကာ ဖျားရခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

မျက်ဝန်းအစုံကိုမှိတ်ကာ မှိန်းနေရပေမယ့် ခေါင်းထဲမှာတော့ မကြည်မလင်နှင့် မူးဝေနောက်ကျိခြင်းက ဖြစ်ပေါ်နေရသည်။

''ကိုကိုရှင်းသန့်''

''ဟင်''

လင်းသဲ၏ခေါ်သံကြောင့် မှိတ်ထားရသည့် မျက်ဝန်းများက ဖျတ်ခနဲ ပွင့်လာရသည်။

''ဒီမှာ ဆန်ပြုတ်သောက်လိုက်ဦးနော်''

ဆန်ပြုတ်ပန်းကန်လေးကို ကိုင်လျက်က လင်းသဲက ပြောလိုက်ခြင်းဖြစ်သည်။

''ဟုတ်တယ် ကိုရှင်းသန့်၊ အစာမရှိရင် ခေါင်းမူးနေမယ် ဆန်ပြုတ်လေး သောက်လိုက်နော်၊ ပြီးရင် ဆေးသောက်ရအောင်''

ရှင်းသန့်မှာ ညီမဖြစ်သူ လင်းသဲထံမှ ဆန်ပြုတ်ပန်းကန်ကိုယူ၍ သုံးလေးဇွန်းခန့် ခပ်သောက်လိုက်သည်။

''ကိုကို မမကြယ်စင်မှူးကို ကျေးဇူးတင်ရမယ်၊ မမသာ ကိုကို့ကိုမတွေ့ရင် ကိုကို ဒီထက် အခြေအနေဆိုးနိုင်တယ်''

''ကျေးဇူးတင်ပါတယ် ကြယ်စင်ရယ်''



ကြယ်စင်မှူး၏ မျက်နှာလေးကို ရှင်းသန့်မှာ စူးစူးစိုက်စိုက်လေးကြည့်ရင်းက လေးနက်စွာ ဆိုလိုက်သည်။

''ရပါတယ် ကိုရှင်းသန့်ရယ်၊ အားနာရမယ့်သူတွေမှ မဟုတ်တာ''

''ဒီမှာ ဆေးသောက်လိုက်ဦးနော်''

လက်ဝါးပြင်တစ်ဖက်တွင် သောက်ရမည့် ဆေးပြားလေးကို ထည့်ထားပြီး ကျန်လက်တစ်ဖက်တွင် ဟောလစ်ခွက် နွေးနွေးလေးကိုင်ကာ ကြယ်စင်မှူးက ရှင်းသန့်အားပြောသည်။

ရှင်းသန့်သည် ကြယ်စင်မှူးလက်ထဲမှ ဆေးပြားလေးကို သူမယူလာသည့် ဟောလစ်နွေးနွေးလေးဖြင့် မျောချလိုက်သည်။

''ဆေးသောက်ပြီးရင် ကိုရှင်းသန့် အားရှိသွားအောင် အိပ်လိုက်ဦးနော်''

''ဟုတ်ကဲ့''

မကြာမီမှာပင် ရှင်းသန့်တစ်ယောက် ဆေးအရှိန်၊ အဖျားရှိန်ဖြင့် တကယ်ပင် မျက်ဝန်းများမှိတ်ကာ အိပ်ပျော်သွားရှာပြီဖြစ်သည်။

ခတင်ထက်ဝယ် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားရှာသည့်

www.burmeseclassic.com

www.burmeseclassic.com



ရှင်းသန့်၏ မျက်နှာချောချောကို ကြယ်စင်မှူးသည် ရွှန်းလဲ့သော မျက်ဝန်းနက်လေးများဖြင့် ရီဝေစွာ ငေးစိုက်ကြည့်မိရင်းက ဘာကြောင့်ရယ်မသိ သက်ပြင်းသဲ့သဲ့လေးကို ချမိသွားရသည်။

❖ ❖ ❖

## အခန်း (၁၈)

နှစ်ခြိုက်စွာ အိပ်လိုက်ခြင်းကြောင့် ခန္ဓာကိုယ်က ကြည်လင်လန်းဆန်းသွားပေမယ့် ရင်ထဲတွင်တော့ အတွေးများနှင့် နှမ်းလျနေရသူက ရှင်းသန့်ပင်ဖြစ်သည်။

သူနိုးလာတော့ လင်းသဲရော ကြယ်စင်မှူးပါ မတွေ့ရတော့။ လင်းသဲက ကျောင်းသွားသလို ကြယ်စင်မှူးကလည်း ဆေးရုံသို့ သွားကြပြီ။

ရှင်းသန့် အိပ်ရာထက်မှထလိုက်ပြီး ပြတင်းပေါက်ဝမှာ သွားရပ်လိုက်သည်။ လူက အဖျားသွေးမရှိတော့ပေမယ့် ငြီးစီစီကြီး ဖြစ်နေသဖြင့် ရေနွေးဖြင့်စပ်ကာ ရေချိုးလိုက်သည်။

"သား အခုမှ အဖျားပျောက်စရှိသေးတယ်၊ ရေချိုးလိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



မာမီက ရှင်းသန့်ကိုကြည့်ကာ စိုးရိမ်စကားဆို၏။

''ဘာမှမဖြစ်ပါဘူး မာမီရာ၊ သား နေကောင်းသွားပြီပဲ''

''မာမီကတော့ သားကို ကြယ်စင်မှုလေးနဲ့ မြန်မြန်လ

ထပ်လိုက်စေချင်ပြီ၊ ဒါမှ သားအတွက် စိတ်ချရမှာ၊ ဘာဖြစ်

ညက အဲဒီလောက် အရက်တွေသောက်ရတာလဲ၊ ဒါတော

သားဒက်ဒီ မသိလို့၊ ဒက်ဒီသိသွားရင် စိတ်ဆိုးမှာသေချာတယ်''

မာမီက ရှင်းသန့်အခန်းထဲရှိ ပစ္စည်းများကို သိမ်းဆည်

ရင်းက ဆိုသည်။ မာမီ့စကားကို ရှင်းသန့် ဘာမှပြန်မပြော

''ကုမ္ပဏီကို သွားနိုင်ဦးမလား၊ စောစောက

ကိုကျော်လှ ဖုန်းဆက်တယ်''

''သွားလိုက်မယ် မာမီ၊ ဒီနေ့ ပစ္စည်းအသစ်တွေရော

မယ်လို့ မနေ့ကတည်းက ကိုကျော်လှ ပြောထားတယ်၊

သွားစစ်လိုက်ဦးမယ်''

ကုမ္ပဏီလုပ်ငန်းတွေကိုတော့ ရှင်းသန့် အတော်ကြီးလေ

ပြီးပြီ။ မကြာမီအချိန်အတွင်းမှာ ကုမ္ပဏီလုပ်ငန်းအားလုံးကို

ဦးစီးပြီး လုပ်ကိုင်နိုင်ပြီ။

လူငယ်အမြင်နှင့် စီးပွားရေးဈေးကွက်အတိုင်း သွက်

ဖျက်လတ်စွာ အမြင်ကျယ်ကျယ်နှင့် လုပ်ကိုင်နိုင်သည်မို့



တိုတိုအတွင်းမှာပင် ကုမ္ပဏီ၏ လုပ်ငန်းများက အရှိန်အဟုန်ဖြင့်

တိုးတက်နေခဲ့ပြီ။

ကုမ္ပဏီသို့ရောက်ပြီး ကိုကျော်လှနှင့် မှာယူခဲ့သည့်

ပစ္စည်းများကို သေချာစစ်ဆေးသည်။

ကုမ္ပဏီဝန်ထမ်းများနှင့် လုပ်ငန်းကိစ္စရပ်များအတွက်

အစည်းအဝေးပြုလုပ်ပြီးနောက် သူ့အခန်းထဲတွင် ကိုကျော်လှနှင့်

စကားပြောဖြစ်သည်။

''ဒီပုံအတိုင်းဆို ကျွန်တော်တို့ကုမ္ပဏီ အခြေအနေက

အတော်ကြီး တိုးတက်နေပြီလို့ သုံးသပ်လို့ရတယ်''

ကိုကျော်လှက လုပ်ငန်းကိစ္စနှင့်ပတ်သက်သော စာရွက်

စာတမ်းများကို တစ်ခုချင်းကြည့်ကာ ဝမ်းသာအားရပြောသည်။

''ဒါကလည်း ကိုကျော်လှနဲ့ ကျွန်တော် ပူးပေါင်းညှိနှိုင်း

ပြီး အမြင်ကျယ်ကျယ် လုပ်ဆောင်ခဲ့ကြတဲ့ လုပ်ငန်းတွေရဲ့ အကျိုး

ရလဒ်ပဲ''

''ကိုရှင်းသန့်နဲ့ အလုပ်တွဲလုပ်ရတာ ကျွန်တော် အတော်

ကြီး အားရကျေနပ်တယ်၊ လုပ်ငန်းကိစ္စတွေအတွက် ဆုံးဖြတ်ချက်

ပိုင်ပိုင်နိုင်နိုင် ချနိုင်သလို အမြင်ကျယ်ကျယ်နဲ့ အတွေးသစ် စိတ်ကူး

သစ်တွေနဲ့ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်တာ

www.burmeseclassic.com

www.burmeseclassic.com



ကိုရှင်းသန့်ရဲ့ အရည်အချင်းတစ်ရပ်ပဲ"

"အဟား အချင်းချင်းတွေပဲ ကိုကျော်လှရာ၊ မြှောက်မနေပါနဲ့"

"မြှောက်တာမဟုတ်ပါဘူးဗျာ၊ တကယ်ပြောတာ။ တစ်ချိန်မှာ ကိုရှင်းသန့် အရည်အချင်းနဲ့ စီးပွားရေးလောကမှာ ထိပ်ထိပ်ကြဲလူတစ်ယောက်ဖြစ်မှာ ကျွန်တော် သေချာပြောရဲတယ်"

"ဟုတ်ပါပြီဗျာ ဟုတ်ပါပြီ၊ အခုလို ကျွန်တော့်ကို အသိအမှတ်ပြုပေးတဲ့အတွက် ကိုကျော်လှကို ကျေးဇူးတင်ပါတယ်ဗျာ"

ကိုကျော်လှနှင့် စကားပြောနေချိန် သူ့ဟမ်းဖုန်းမှ ဖုန်းမြည်လာသဖြင့် သူ ဖုန်းနံပါတ်ကို ယူကြည့်လိုက်သည်။

ရန်နံ့၏ဖုန်း။

သူ နေရာမှထကာ ဟန်းဖုန်းကို ဖွင့်နားထောင်လိုက်သည်။

"ဟဲလို"

"ကိုလား"

ဒီအသံလေးဟာ ရှင်းသန့်နှလုံးသားကို အမြဲတမ်း လှုပ်နှိုးနေရာယူထားနိုင်သည့် ချစ်သူ၏အသံ။

"ဟုတ်ပါတယ် ရန်နံ့၊ ကိုယ်ပါ"



ရန်နံ့အမေးကို သူ ဖြေလိုက်တော့ တစ်ဖက်မှ သင်းရန်နံ့က

"ကို နေမကောင်းဘူးလား၊ ကို့အသံ နားထောင်ရတာ တစ်မျိုးပဲ"

"လူကတော့ နေကောင်းပါပြီ၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ ကို"

"ရန်နံ့နဲ့ကိုယ် စကားတွေအများကြီး ပြောစရာရှိတယ်၊ ရန်နံ့နဲ့ကိုယ် တွေ့ပါရစေ"

"ရန်နံ့လည်း ကိုနဲ့ စကားပြောချင်ပါတယ်၊ ဒါဆို ရန်နံ့တို့ တွေ့နေကျနေရာမှာ ကိုစောင့်ပေးပါ၊ ရန်နံ့ အခုပဲထွက်ခဲ့မယ်"

"ကောင်းပါပြီ ရန်နံ့၊ ကိုယ် စောင့်နေပါ့မယ်"

ရှင်းသန့် သင်းရန်နံ့နှင့် စကားပြောပြီးနောက် ဖုန်းကိုပိတ်လိုက်ကာ

"ကိုကျော်လှ ကျွန်တော် အပြင်ခဏသွားလိုက်ဦးမယ်၊ အကြောင်းထူးကိစ္စရှိရင် ဖုန်းဆက်ပါ"

"ဟုတ်ကဲ့ပါ ကိုရှင်းသန့်"

ကုမ္ပဏီထဲမှ ကားလေးကို မောင်းထွက်ကာ ရှင်းသန့်တစ်ယောက် သင်းရန်နံ့နှင့်ဆုံနေကျ နေရာလေးဆီသို့ ဦးတည်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သင်းရန့်နှင့်ပတ်သက်ပြီး ရှင်းသန့်ရင်ထဲမှာ ပြောစရာ စကားတွေ အများကြီးရှိနေပါသည်။

သင်းရန့်ဆိုသော ချစ်သူလေးနှင့်ပတ်သက်ပြီး ရှင်းသန့် ရင်မှာ ခံစားချက်များစွာဖြင့် လှုပ်ခတ်နေဆဲ။

"ရတနာနဲ့ကိုယ် တွေ့ခဲ့ပြီးပြီ၊ ရန့်နဲ့ပတ်သက်တဲ့ ကိစ္စတွေလည်း ကိုယ်သိခဲ့ရတယ်၊ ဒီအတွက် ရန့်ဆီက စကားတွေကို ကို ကြားပါရစေ"

သင်းရန့်က ရှင်းသန့်စကားတွေကို နားထောင်ပြီးနောက် အင်းလျားရေပြင်ကြီးကို ရီဝေသော မျက်ဝန်းများဖြင့် တွေတွေ ကြီး ငေးကြည့်နေသည်။ ခဏကြာမှ

"ဒီအကြောင်းတွေ သိသွားတော့ ကို ရန့်ကို လှည့်စား တယ်လို့ ထင်မသွားဘူးလား"

"မထင်ရက်သေးပါဘူး၊ ဒါပေမဲ့ ကိုယ် အတော်ကြီး တော့ ခံစားရတယ်၊ အထူးသဖြင့် ဒက်ဒီညွှန်သည်ပါလို့ ရန့်ပြော ခဲ့တဲ့ ပုဂ္ဂိုလ်နဲ့ ရန့်ကို အတူတွဲပြီး တွေ့လိုက်ရတဲ့နေ့ကတည်း ကပေါ့"

"သြော်"

"အဲဒီနေ့က မာမီအတွက် ဆေးလာဝယ်တာပါ ကို၊



ကို့စိတ်ထဲမှာ ရန့်နဲ့ပတ်သက်ပြီး ခံစားခဲ့ရတယ်ဆိုရင် ရန့်ကိုကို တောင်းပန်ပါတယ်၊ ဒီနေ့ ကို့ဆီ ဖုန်းဆက်ခဲ့တာလည်း ဒီအကြောင်း တွေ ကိုကို ပြောချင်လို့ပါ၊ တကယ်တော့ ရန့်ဘဝဟာ ကို့ကို လိမ်ညာလှည့်စားသလို ဖြစ်ခဲ့ရတယ်"

ပြောရင်းမှ သင်းရန့်မှ ဝမ်းနည်းလာပုံဖြင့် သူမ၏ လှပ သော မျက်ဝန်းများထဲ၌ မျက်ရည်စတို့ အိုင်ထွန်းလာရပါသည်။

ကြုံတွေ့နေရသည့် မိသားစုအခက်အခဲဒုက္ခများကြားမှ မွန်းကြပ်ပိတ်လှောင်နေရသည့် သူမ၏ဘဝကို တွေးလိုက်မိတော့ မျက်ရည်ကြည်များက မျက်ဝန်းအိမ်မှ တစ်ပေါက်ချင်း စီးကျလာ ရကာ ရင်မှာ နာကျင်စိတ်ဖြင့် ပင့်သက်ကို ချလိုက်မိကာ

"ရန့် ကိုကို သိပ်ချစ်တယ်၊ ကိုကို စတွေ့ကတည်းက မြင်မြင်ချင်း ရင်ခုန်ခဲ့ရတာပါ၊ ရန့်နဲ့ ကိုမင်းဟန်ကို လက်ထပ်ပေး ဖို့ စီစဉ်ထားတဲ့ကိစ္စကို ဒက်ဒီနဲ့မာမီက ပြောပေမယ့် ရန့် လုံးဝ စိတ်မဝင်စားခဲ့ဘူး"

"ကိုမင်းဟန်ဆိုတာ ရန့်အိမ်မှာ တွေ့ခဲ့တဲ့သူလား"

"ဟုတ်တယ် ကို"

"အခုလောလောဆယ် ရန့်နဲ့ အဲဒီပုဂ္ဂိုလ်ရဲ့အနေအထား က"

www.burmeseclassic.com

www.burmeseclassic.com



သင်းရန့်မှာ ရှင်းသန့်အမေးကိုမဖြေဘဲ နာကျင်ကြေကွဲသော စိတ်များဖြင့် ဝမ်းနည်းမှုတို့ လှိုက်တက်လာရကာ ငိုရှိုက်ပစ်လိုက်သည်။

သင်းရန့်၏ မျက်ရည်များကိုမြင်တော့ ရှင်းသန့်မှာ မျက်နှာပျက်သွားရကာ

"ဟင် ရန့် ငိုနေတယ်၊ ဘာဖြစ်လို့လဲ၊ ဘာဖြစ်တာလဲ၊ ကိုယ့်ကိုပြောစမ်းပါ ရန့်ရယ်"

စိုးရိမ်ပူပန်စိတ်များဖြင့် ရှင်းသန့်အသံက တကယ့်ကို လှိုက်လှိုက်လှဲလှဲရှိလွန်းကာ သင်းရန့်မျက်နှာလေးကို ဆွဲမော့ယူလျက် မျက်ရည်စများကို တယုတယနှင့် သုတ်ပေးနေလေသည်။

သူမအပေါ် ဂရုတစိုက်နှင့် ချစ်တတ်လွန်းသည့် ရှင်းသန့်၏ ကြင်နာယုယမှုများကို မြင်တွေ့ရတော့ သင်းရန့်မှာ ကြည်နူးပီတိများဖြင့် ရှင်းသန့်ရင်ခွင်ထဲသို့ ကလေးတစ်ယောက်လို အားကိုးတကြီး ဝင်လိုက်ကာ သူမလက်ကလေးအစုံဖြင့် ဖက်ထားလိုက်ကာ ဘယ်ကဘယ်လို ရောက်ရှိလာသည်မသိသော မျက်ရည်စများက ပါးပြင်ပေါ်သို့ စီးကျလာရပြန်သည်။

"ရန့် မငိုနဲ့လေ၊ ကို့ကို ဘာဖြစ်တယ်ဆိုတာပြောမှ ကိုက သိမှာပေါ့"



"ရန့် မဖြေချင်ဘူး ကိုရယ်၊ ကို ရန့်ကို မုန်းသွားမှာကြောက်တယ်"

ရှင်းသန့်မျက်နှာကို မော့ကြည့်ရင်းက မျက်ရည်စများကို မျက်တောင်ရှည်ကြီးများဖြင့် ပုတ်ခတ်သိမ်းဆည်းရင်းက သူမပြောလိုက်တော့ ရှင်းသန့်က သူမအပြောကို သဘောမတွေ့သလိုမျိုး မျက်နှာကြီး တည်သွားရကာ···

"ကိုက ဘာကြောင့်မုန်းရမှာလဲ၊ ကို့ကိုမှ ရန့် ပွင့်ပွင့်လင်းလင်းမပြောတာဟာ ကို့အချစ်ကို ရန့် မယုံကြည်လို့ပဲ၊ ဘာလဲ ကိုမင်းဟန်ဆိုတဲ့ပုဂ္ဂိုလ်ကို ရန့်က လက်ထပ်ဖို့ဆုံးဖြတ်လိုက်ပြီလား"

"ဖြေလေ···ရန့်၊ ကိုမေးတာကို ဖြေပါဦး"

"ရန့် ကိုမင်းဟန်ကို လက်မထပ်ချင်ဘူး၊ သူ့ကိုလည်း ရန့် လုံးဝမချစ်ဘူး၊ ကို့ကိုပဲ ရန့် သိပ်ချစ်တယ်"

"အချစ်ရယ်···ဘာအကြောင်းနဲ့ပဲဖြစ်ဖြစ် ရန့်ကို ကို မမုန်းဘူးဆိုတာ ကတိပေးတယ်၊ ရန့်မှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ကို့ကို ပွင့်ပွင့်လင်းလင်းပြောစမ်းပါ အချစ်ရယ်"

သိပ်ချစ်ရလွန်းသူလေး၏ ခန္ဓာကိုယ်လေးကို မချင့်မရဲစိတ်ဖြင့် တင်းတင်းလေး ပွေ့ဖက်ထားရင်းက ရှင်းသန့် ဆိုနေမိ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ရန်နုရယ် မင်းလေးကို ကို ဘယ်လောက်ချစ်တယ်ဆိုတာ ကိုယ်ကိုယ်တိုင်သာ အသိဆုံးပါ။ ချစ်သူလေးမှာ ဘယ်လိုဒုက္ခ အခက်အခဲတွေနှင့် ရင်ဆိုင်နေရလဲ။

ကိုယ် ကူညီပြီး ဖြေရှင်းပေးပါရစေကွယ်။

"ကို…ရန်နုကို မမုန်းရဘူးနော်"

"ရန်နုကို ကို သိပ်ချစ်တယ်၊ အဲဒီ တစ်ခုတည်းနဲ့တင် ရန်နုကို မုန်းချင်ရင်တောင် ကို မမုန်းရက်ပါဘူး"

မိသားစု၏ ပြဿနာအခက်အခဲမှစ၍ ကိုမင်းဟန်နှင့် လက်ထပ်ဖို့ မိဘတွေ သဘောတူလိုက်သည့်အဆုံး အားလုံးသိ အောင် သင်းရန်နု ပြောပြလိုက်တော့…

"ရန်နု"

"ကို"

"ငြင်းပယ်လိုက်ပါ ရန်နု"

"ရှင်"

"အဲဒီအခက်အခဲတွေအားလုံး ပြေလည်အောင် ကိုဖြေရှင်း ပေးမယ်"



"ဟင့်အင်း ကို၊ အဲဒီအတွက်နဲ့ ကို့ကို ဒုက္ခမပေးချင်ဘူး၊ ရန်နုတို့အတွက်နဲ့ ကို့ကို ဘယ်လိုစိတ်သောကမျိုးမှ မပေးရက်ဘူး၊ ဒါကြောင့် ကိုမင်းဟန်ကိုပဲ ရန်နု လက်ထပ်လိုက်တော့မယ်၊ ကို့ကို ရန်နု သိပ်ချစ်ပေမယ့် ကံကြမ္မာကြောင့် ရန်နုကို ကို မုန်းမေ့လိုက်ပါ တော့"

ရှင်းသန့်မှာ သင်းရန်နုစကားကြောင့် တဒင်္ဂတိတ်ဆိတ်ငြိမ် သက်သွား၏။

ရန်နုစကားကြောင့် ကို ဘယ်လိုခံစားသွားရမယ်ဆိုတာ ရန်နု နားလည်ပါတယ် ကိုရယ်။

အဲဒီလိုပါပဲ ကို။

ရန်နုကိုယ်တိုင်လည်း ကို့နဲ့မခြားအောင်ပဲ ခံစားနေရတယ် ဆိုတာ ကို ယုံပေးပါ။ ကို့ကို ရန်နု သိပ်ချစ်တယ်ဆိုတာ ယုံကြည်ပေး ပါ။

"ရန်နု ဆုံးဖြတ်ချက်တွေကို ပြင်လိုက်ပါ၊ ဘယ်လိုနည်း နဲ့ပဲဖြစ်ဖြစ် ရန်နုကို ကို မခွဲနိုင်ဘူး၊ ကြုံလာတဲ့ ပြဿနာအခက်အခဲ တွေကိုလည်း ကို့နဲ့လက်တွဲပြီး ရန်နုမှာ ရင်ဆိုင်ရဲတဲ့သတ္တိ မရှိဘူး လား၊ ရန်နုပဲ ကို့ကိုသိပ်ချစ်တယ်ဆို"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ချစ်ပါတယ် ကိုရယ်၊ ဒါပေမဲ့ ရန်နဲ့ပတ်သက်ပြီး ကိုကို ဒုက္ခမပေးချင်လို့ပါ"

"တစ်ဘဝလုံးအတွက် ရည်ရွယ်ပြီး ကိုကိုချစ်တာဆိုရင် ကိုယ်ပြောတဲ့စကားကို နားထောင်ပါ၊ ရန့်မိဘတွေနဲ့ ကိုယ့်ကို တွေ့ခွင့်ပေးပါ၊ ဘာကိုမှ အလောတကြီး မဆုံးဖြတ်လိုက်ပါနဲ့၊ ရန့်ဘေးမှာ ရှင်းသန့်ဆိုတဲ့ ကိုယ်တစ်ယောက်လုံး ရှိတယ်နော် ဟုတ်ပြီလား"

ရှင်းသန့်က သင်းရန့်မျက်နှာလေးကို စိုက်ကြည့်ပြီး လေးနက်စွာ ဆိုလိုက်သည်။ သင်းရန့်မှာ ချစ်ရသူ၏ မျက်နှာချော ချောကို ငေးကြည့်ရင်းက ခေါင်းလေးညိတ်ပြလိုက်ရသည်။

တကယ်တော့ အချစ်ဆိုသည့်အရာ၏ စွမ်းပကားက ကြီးမားလှသည်။

အချစ်ဆိုတာက အရာအားလုံးကို ကျော်လွှားရင်ဆိုင်နိုင် သည့် သတ္တိကို မွေးဖွားပေးစေသည်ပဲလား။

❖ ❖ ❖

## အခန်း (၁၉)

"မင်း သေချာစဉ်းစားပါဦး ရှင်းသန့်၊ မင်း သင်းရန့် အပေါ် ချစ်တဲ့အချစ်အတွက် ငါဘာမှ မဝေဖန်လိုပေမယ့် အခြေ အနေက မင်း တွေးထင်ထားသလောက် မလွယ်ဘူးထင်တယ်"

ကောင်းသော်က ရှင်းသန့် ပြောသောစကားတွေကို နားထောင်ပြီးနောက် ထိုစကားကိုပြောသည်။

"မလွယ်တာတော့ ငါလည်းသိတာပေါ့ ကောင်းသော်၊ ဒါပေမဲ့ ရန့်ကို ငါသိပ်ချစ်တယ်၊ ရန့်ကို လုံးဝမခွဲနိုင်ဘူး၊ ဆိုးဆိုး ကောင်းကောင်း ရန့်နဲ့ပဲ လက်တွဲပြီး ရင်ဆိုင်ဖြေရှင်းမယ်လို့ ဆုံးဖြတ် ပြီးပြီ၊ အခက်အခဲအားလုံးကို ငါ ရင်ဆိုင်ဖြေရှင်းနိုင်ဘာယ်၊ အဓိက က ရန့် ငါ့အနားက ခွဲမသွားဖို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ…မင်းဆုံးဖြတ်ထားပြီဆိုရင်လည်း လုပ်ပေါ့ မင်းဘယ်လိုစဉ်းစားထားတာလဲ၊ ငါဘာကူညီရမလဲ"

"ငါ့ဒက်ဒီ ငါ့ကို အမွေပေးထားတဲ့ မော်ဘီကခြံသုံးခြံ ရှိတယ်၊ အဲဒီခြံတွေကို ငါရောင်းမယ်၊ ပြီးတော့ တကယ်လို့ အလှူ အညီလိုရင် ငါ့ကို နည်းနည်းကူညီပေးဖို့ပါပဲ"

"ရပါတယ်ကွာ၊ အဲဒီအတွက် မပူပါနဲ့၊ သင်းရန့်မိဘတွေ နဲ့ရော မင်း တွေ့ပြီးပြီလား"

"မတွေ့ရသေးဘူး၊ ဒီရက်ပိုင်းထဲ တွေ့ဖို့ရှိတယ်"

"ရှင်းသန့်…ရှင်းသန့် မချစ်ဘူး၊ မချစ်ဘူးနဲ့ ချစ်မိတော့ လည်း အရူးအမူးပါပဲလား"

ရှင်းသန့်မျက်နှာကိုကြည့်ကာ ကောင်းသော်က ပြုံးစစဖြင့် ပြောသည်။

"အခုအတိုင်းဆိုရင် သင်းရန့်ကလည်း မင်းကိုတော့ ချစ် ပါပဲ၊ မိဘတွေအခက်အခဲကြောင့်သာ မတတ်သာဘဲ ဟိုပုဂ္ဂိုလ်နဲ့ အလိုက်အထိုက် ဆက်ဆံနေပုံရတယ်"

"မင်းရင်ထဲက သင်းရန့်နဲ့ပတ်သက်တဲ့ သံသယတွေ ပျောက်သွားပြီပေါ့၊ ဒါဆိုရင်တော့ ပျော်ရွှင်မှုအထိမ်းအမှတ်အနေ နဲ့ မင်း ဒကာခံရမယ်"

"ရပါတယ်ကွာ၊ မင်းကြိုက်တာမှာ"

"မင်းဘာသောက်ဦးမလဲ၊ အပြင်းပဲလား"

"တော်ပြီကွာ၊ အပြင်းမသောက်တော့ဘူး၊ တစ်နေ့က မင်းနဲ့သောက်လိုက်တာ ငါ အတော်များသွားတယ်၊ အရမ်းမူးပြီး ခြံထဲမှာပဲ အိပ်မိတာ လူတောင် အအေးပတ်ပြီး ဖျားသွားတယ်"

"အေးလေ…မင်းက မသောက်ဖူးဘဲ အရမ်းဖွတ်သောက် တာကိုး၊ ဒါနဲ့ မင်း အအေးပတ်ပြီး ဖျားသွားတော့ မင်းအိမ်မှာ ရှိနေတဲ့ ဒေါက်တာမလေးက ဆေးမကုဘူးလား"

"သူ ဆေးကုပေးလို့ နေကောင်းသွားတာ၊ ပြီးတော့ ငါ အရမ်းမူးပြီး ခြံထဲမှာ အိပ်ပျော်သွားတော့ ကြယ်စင်မှူး ငါ့ကို လာနိုးတယ်၊ ငါလည်း အရမ်းမူးနေတော့ ကြယ်စင်မှူးကိုတောင် ရန့်လို့ ထင်လိုက်သေးတယ်"

"အားပါး…မင်း သင်းရန့်လို့ထင်ပြီး ကြယ်စင်မှူးကို ဘာတွေလုပ်လိုက်သေးလဲ၊ မင်းမူးလိုက်တာ အမူးကောင်းများ ဖြစ် သွားပြီလား"

"ဟာကွာ…မင်းကလည်း ပေါက်ကရတွေ လျှောက် ပြောတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှင်းသန့်မှာ ကောင်းသော်အပြောကြောင့် အနေရခက်သွား မိရသလို ထိုညက ကြယ်စင်မှူးနှင့်ပတ်သက်ပြီး ပြဿစဉ်းစားမိ လိုက်သည်။

သူ အရမ်းမူးပြီး သင်းရနံ့အမှတ်ဖြင့် ရှင်းသန့်ရင်ခွင်ထဲ ကြယ်စင်မှူး ရောက်နေရသည့်အဖြစ်က တရေးရေး ပြန်ပေါ်လာ သည်။

ကြယ်စင်မှူး ရှင်းသန့်အား မည်သို့များ ဘင်သွားသည် လည်းမပြောတတ်။

"အင်း…ငါ့အထင်အတိုင်းဆို မင်း ကြယ်စင်မှူးကို ဝေဒနာတွေ ရင်ထဲသွားထည့်ခဲ့ပြီထင်တယ်"

"ဘာပြောတယ်၊ မင်းက ဘာကိုဆိုလိုချင်တာလဲ"

"မင်း မသိချင်ယောင်ဆောင်မနေပါနဲ့ကွာ၊ ကြယ်စင်မှူး ကို မင်း မူးနေတဲ့အခိုက်မှာ သင်းရနံ့လို့ထင်လိုက်ပြီဆိုကတည်းက ရှေ့ဆက် ဘာဖြစ်နိုင်တယ်ဆိုတာကို ငါ မှန်းဆနိုင်ပါတယ်"

"ဟာကွာ…တော်ပါတော့၊ မင်းပြောတာနဲ့တင် ငါ့ ရုပ်ရှင်ထဲက ဗီလိန်လုံးလုံးဖြစ်နေပြီ"

"ဘာလဲ…မဟုတ်လို့လား"

"မဟုတ်ပါဘူးကွာ၊ အရမ်းမူးနေတဲ့ အချိန်ဆိုတော့ ရှုံ



ကို ငါ့စိတ်ထဲစွဲနေလို့ သင်းရနံ့ဆိုတဲ့ ငါ့ချစ်သူထင်ပြီး ပွေ့ဖက်မိ လောက်တာမျိုးပါ"

"ဒါပေါ့ ငါပြောချင်တာကလည်း ဒါကိုပဲပြောချင်တာ၊ ကြယ်စင်မှူးလို ကိုကျိုတက်ချမ်းသာတဲ့ သူဌေးမ ဆရာဝန်မလေး တစ်ယောက်ဟာ ရန်ကုန်မှာ တိုက်နဲ့ခြံကို အေးအေးဆေးဆေးဝယ် ပြီး အခြွေအရံနဲ့ နေလို့ရတဲ့ အနေအထားရှိပေမယ့် ဒီလိုမနေဘဲ မင်းတို့အိမ်မှာ တမင်လာနေတယ်ဆိုကတည်းက အဖြေက ရှင်းနေ တာပဲ၊ မင်းကို ကြယ်စင်မှူး ကြွေနေလို့ပေါ့"

သူ့ကို ရှုန်းလှဲတောက်ပစွာ ကြည့်တတ်သော ကြယ်စင် မှူး၏ မျက်နက်ဝန်းလေးများကို သူ ဖျတ်ခနဲ မြင်ယောင်မိသည်။

"ဒက်ဒီ၊ မာမီတို့နဲ့ အန်ကယ် ဦးမျိုးကျော်က အရမ်းခင် မင်တော့ ကြယ်စင်မှူးက ရိုးရိုးသားသားလာနေတာလည်း ဖြစ်နိုင် တာပဲ"

"ဒီလိုဆို ငါမေးမယ်၊ မင်းရင်ခွင်ထဲ ရောက်သွားတဲ့ သူစိမ်းမိန်းကလေးတစ်ယောက်က သူ့စိတ်ထဲမှာ မင်းကို စိတ်မဝင် စားခဲ့ရင် ဘာတွေဖြစ်သွားမလဲဆိုတာ မင်း တွေးသင့်တယ်၊ ပြီးတော့ မင်းအပြောအတိုင်းဆို မင်းနဲ့ ဘာမှမပတ်သက်တဲ့ မိန်းကလေး တစ်ယောက်က ဘာကြောင့် ခြံထဲမှာ မူးပြီးအိပ်ပျော်နေတဲ့ မင်းကို

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် လာနှိုးရတာလဲ''

''တော်ပါကွာ၊ သူ့ဘာသာ ဘာကြောင့်ပဲ လာနှိုးနှိုး ဘာတွေပဲဖြစ်ဖြစ် ငါ ရန့်ကိုပဲ အရမ်းချစ်တယ်၊ အခုအချိန်မှာ ရန့်ကလွဲပြီး ဘယ်မိန်းကလေးကိုမှ ငါစိတ်မဝင်စားဘူး''

ရှင်းသန့်က ယတိပြတ်ပြောလိုက်တော့ ကောင်းသော်က မချိုမချဉ် မျက်နှာဖြင့် ပြုံးသည်။

''အင်းပေါ့လေ၊ ဒီအချိန်မှာ မင်းကို ဘာတွေပဲပြောပြော မင်း စိတ်မဝင်စားတာ မှန်ပါတယ်၊ အချစ်ဆိုတာကို ငါ မကြုံတွေ့ခဲ့ဖူးပေမယ့် အချစ်ဆိုတာဟာ အင်မတန် ဆန်းကြယ်တယ်လို့ ငါကြားဖူးတာပဲ၊ အခု မင်းကိုပဲကြည့်လေ''

''ငါဘာဖြစ်နေလို့လဲ''

''ဘာဖြစ်လဲဆိုတော့ ကြယ်စင်မှူးလို ဥစ္စာပေါ၊ ရုပ်ချော ပညာတတ် မိန်းကလေးနဲ့ လူကြီးမိဘတွေက သဘောတူပြီး ရောက် အသင့် ကြာအသင့်ဖြစ်နေတဲ့ကိစ္စကို မင်းက စိတ်မဝင်စားဘဲ သင်းရန့်လို အခက်အခဲတွေကြားထဲက မိန်းကလေးတစ်ယောက်ကို မြတ်နိုးစွဲလမ်းနေတာကိုက အချစ်စိတ်ရဲ့ ဆန်းကြယ်မှုပေါ့''

''ထားပါကွာ၊ အဲဒီအချစ်စိတ်ရဲ့ ဆန်းကြယ်မှုကိုပဲ ငါ မြတ်မြတ်နိုးနိုးနဲ့ တန်ဖိုးထားပါရစေ''



''ကဲ...ဒါဆိုလည်း အဲဒီအချစ်စိတ်ရဲ့ ဆန်းကြယ်မှု အတွက်''

ကောင်းသော်နှင့် ရှင်းသန့်တို့၏ ဖန်ခွက်ချင်းထိခတ်သံတို့ ထွက်ပေါ်လာရသည်။

ထိုစဉ် စားသောက်ဆိုင်ထဲသို့ စုံတွဲတစ်တွဲ ဝင်လာသည် ကို ရှင်းသန့် ဖျတ်ခနဲ သတိထားလိုက်မိသည်။

ဘာကြောင့် သတိထားမိရသလဲဆိုတော့ ခေတ်မီလွန်းသော အပြင်အဆင်များဖြင့် ပြင်ဆင်ထားသော မိန်းကလေးနှင့် လက်မောင်းချင်းချိတ်ကာ ဝင်လာသူက သင်းရန့်နှင့် လက်ထပ်မည် ဆိုသော မင်းဟန်ဆိုသောပုဂ္ဂိုလ် ဖြစ်နေခြင်းကြောင့်ပင် ဖြစ်သည်။

ရှင်းသန့်တို့စားပွဲနှင့် မျက်စောင်းထိုးခုံတွင် ထိုင်လိုက်သော မင်းဟန်တို့စုံတွဲကို ရှင်းသန့် မမိုတ်မသုန် စိုက်ကြည့်နေမိသည်။

''ရှင်းသန့်...မင်းဘာဖြစ်နေတာလဲ''

''ခဏလေး ကောင်းသော်၊ ပြီးမှ ငါပြောမယ်''

ရှင်းသန့် စိုက်ကြည့်နေသော မျက်စောင်းထိုးစားပွဲခုံက စုံတွဲကို ကောင်းသော် မသိမသာ အကဲခတ်လိုက်သည်။

ဘာကြောင့်များ ရှင်းသန့် ထိုစုံတွဲကို စိတ်ဝင်စားနေရပါ လိမ့်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မှာ ဒီလိုပုံစံနှင့် စုံတွဲတွေက မြင်နေကြပဲ။

ဘောင်းဘီစယောက် ဖြစ်ပုံရသော အမျိုးသားနှင့် ခေတ်မီ အပြင်အဆင်များဖြင့် လှပနေသော မိန်းကလေးက ဘယ်သူမှ ဂရုမစိုက်ဟန်ဖြင့် တစ်ယောက်ကိုတစ်ယောက် ခါးချင်းဖက်ကာ တစ်ဦးနှင့်တစ်ဦး အကြည်ဆိုက်နေကြသည်။

"ဘာလဲ ရှင်းသန့်၊ မင်း အားကျနေတာလား"

ကောင်းသော်က ရှင်းသန့်မျက်နှာဘက် ပြန်လှည့်ကြည့်ကာ မေးလိုက်သည်။

"အားကျနေတာမဟုတ်ဘူး၊ ရွံမုန်းနေတာ"

"ဘာဖြစ်လို့"

ကောင်းသော်က နားမလည်သလို မေးသည်။

"ရန့်ကို လက်ထပ်ဖို့ အကွက်တကျ စီစဉ်ထားတဲ့ မင်းဟန်ဆိုတဲ့သူက အဲဒီလူပဲ ကောင်းသော်"

"ဟင်"

"ဘာပြောတယ်၊ အဲဒီလူက သင်းရန့်နဲ့လက်ထပ်ဖို့ သဘောတူထားတဲ့သူ ဟုတ်လား"

"ဟုတ်တယ် ကောင်းသော်၊ ဒီလူကို ငါ အသေအချာ မှတ်မိတယ်"



"ဒါဆို ဒီလူ တော်တော်ယုတ်မာတာပဲ၊ ဘာကြောင့်ပဲ ဖြစ်ဖြစ် သူ ဒီလိုမလုပ်သင့်ဘူး"

"တော့က်"

ရှင်းသန့် သင်းရန့်အတွက် နာကျင်ခံစားစွာဖြင့် ဒေါသ ဖြစ်မိရသည်။

"ငါ ဒီလူ့မျက်နှာကို ရန့်အတွက် ဆွဲထိုးပစ်ချင်တယ်"

"မလုပ်ပါနဲ့ကွာ၊ ပြဿနာတွေ ရှုပ်ထွေးကုန်လိမ့်မယ်"

"ဒီလူမှာ ဒီလိုအကျင့်စရိုက်တွေ ရှိတယ်ဆိုတာ ရန့်မိဘ တွေ မသိဘူးလား"

"မသိလို့ဖြစ်မှာပေါ့ကွာ၊ သိရက်နဲ့တော့ ဘယ်မိဘကမှ ကြည်ကြည်ဖြူဖြူနဲ့ သဘောတူလက်ခံပါ့မလဲ"

ရှင်းသန့် ဘယ်သူမှ ဂရုမစိုက်ဟန်ဖြင့် ကဲချင်တိုင်းကဲ နေသော ထိုစုံတွဲကိုကြည့်ရင်းက ခါးကြားမှ သူ၏ဟမ်းဖုန်းကို ဆွဲယူလိုက်သည်။

"ဘာလုပ်မလို့လဲ ရှင်းသန့်၊ သင်းရန့်ဆီ ဖုန်းဆက်မလို့ လား"

"မဟုတ်ဘူး၊ ငါဘာလုပ်မယ်ဆိုတာ စောင့်ကြည့်လိုက်၊

www.burmeseclassic.com

www.burmeseclassic.com



ခဏလေး''

ရှင်းသန့်က ထိုစုံတွဲဘက် သူ၏ဟမ်းဖုန်းကို လှည့်လိုက်ပြီး မှတ်တမ်းဓာတ်ပုံများကို တစ်ကွက်ပြီးတစ်ကွက် ရိုက်ယူလိုက်သည်။

''မင်း…သူတို့ကို ဓာတ်ပုံရိုက်လိုက်တာလား''

''ဟုတ်တယ် ကောင်းသော်၊ မင်းဟန်ဆိုတဲ့ ဒီလူရဲ့လုပ်ပုံက သင်းရနံ့ကိုရော သင်းရနံ့မိဘတွေကိုရော သက်သက်စော်ကားတာပဲ၊ အထူးသဖြင့် ငါမြတ်နိုးတန်ဖိုးထားတဲ့ ငါ့ချစ်သူရဲ့ သိက္ခာတရားကိုလည်း သွယ်ဝိုက်ပြီး စော်ကားတာပဲ''

''ကဲ…သွားကြမယ် ကောင်းသော်၊ ကြာရင် ငါ့စိတ်တွေ ပေါက်ကွဲမိလိမ့်မယ်''

ရှင်းသန့် ကောင်းသော်ကို ပြောပြီး နေရာမှ ထထွက်လာခဲ့သည်။

ရင်ထဲတွင်တော့ အမျိုးအမည် မခွဲခြားတတ်သော ခံပြင်းစိတ်များဖြင့်။

❖ ❖ ❖

## အခန်း (၂၈)

ညှော်ခန်းတစ်ခုလုံးတွင် အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွား၏။

''အန်ကယ်နဲ့အန်တီတို့ကိုလည်း ကျွန်တော် အားနာပါတယ်၊ ဒီလိုမျိုး ကျွန်တော်သက်သေပြရတာ ကိုမင်းဟန်ဆိုတဲ့လူရဲ့ ကာရိုက်တာနဲ့ပတ်သက်ပြီး သိစေချင်လို့ပါ၊ ကျွန်တော့်ကိုလည်း တစ်မျိုးထင်နေမှာ စိုးရိမ်မိတယ်''

စားပွဲပေါ်ရှိ ဓာတ်ပုံများက ကိုမင်းဟန်၏စရိုက်ကို သက်သေခံနေပြီဖြစ်သဖြင့် သင်းရနံ့၏ ဒက်ဒီနှင့်မာမိ နှစ်ယောက်စလုံး မျက်နှာများမကောင်းကြ။

''မောင်ရှင်းသန့်ကိုလည်း ဘယ်လိုမှမထင်ပါဘူးကွယ်၊

www.burmeseclassic.com

www.burmeseclassic.com



အခုလိုပြောပြတာကိုပဲ အန်ကယ်တို့က ပြန်ကျေးဇူးတင်ရမှာပါ။ အန်ကယ့်အနေနဲ့ မောင်မင်းဟန်ရဲ့ ကာရိုက်တာနဲ့ပတ်သက်ပြီး ဒီလို ကိစ္စတွေကို သတင်းသဲ့သဲ့ကြားပေမယ့် မလိုသူတွေပြောတဲ့ ကောလဟာလလို့ပဲ ထင်မိခဲ့တယ်"

"ဟုတ်ပါတယ်ကွယ်၊ ဒီလို အကျင့်စရိုက်ရှိတဲ့လူမျိုးနဲ့ မိဘစကားနားထောင်ပြီး မိသားစုအပေါ် ငဲ့ကွက်စာနာတတ်တဲ့သမီးကို အန်တီလည်း ဘယ်လိုမှ သဘောမတူတော့ပါဘူး"

ဒက်ဒီနှင့်မာမီတို့၏ စကားတွေကြောင့် သင်းရနံ့မျက်နှာလေး ဝင်းလက်သွားရသည်။

"အန်ကယ်နဲ့ မောင်မင်းဟန်တို့က ကုမ္ပဏီလုပ်ငန်းချင်း ဆက်စပ်ပတ်သက်ပြီး လုပ်ခဲ့ပေမယ့် ဘာတစ်ခုမှ အကျိုးအမြတ်မရှိခဲ့ဘဲ တဖြည်းဖြည်း အရှုံးပေါ်ခဲ့ရတယ်"

"ဒီအတွက် ကြာလာတော့ မောင်မင်းဟန်က ကုမ္ပဏီ ထိန်းထားနိုင်ဖို့ဆိုပြီးတော့ သူ့ကုမ္ပဏီကပစ္စည်းတွေကို အကြွေးနဲ့ ချပေးတယ်၊ ကုမ္ပဏီအတွက် လိုအပ်ငွေကိုလည်း ထုတ်ပေးတယ်၊ ဒီလိုနဲ့ အန်ကယ့်မှာ အခက်အခဲအကြပ်အတည်းတွေ ကြုံတွေ့လာတော့မှ သမီးသင်းရနံ့ကို သူ့လက်ထပ်ဖို့ တောင်းဆိုတယ်၊ သမီးနဲ့



လက်ထပ်ခွင့်ရရင် အကြွေးတွေအားလုံး သူဆပ်ပေးမယ့်အပြင် ကုမ္ပဏီ ဆက်လက်ရှင်သန်အောင် လုပ်ပေးမယ်လို့ပြောတာ၊ ဒါတွေဟာ တကယ်တော့ သမီးသင်းရနံ့နဲ့ ပတ်သက်ပြီး မောင်မင်းဟန် အကွက်ကျကျ စီစဉ်ထားတဲ့ အစီအစဉ်တွေဖြစ်နိုင်တယ်၊ အပြင်မှာ ပွေရှုပ်ခဲ့သမျှ သမီးသင်းရနံ့ ဒီဒုက္ခတွေကို မခံစားစေရဘူး"

ဦးယဉ်ထိုက်က မင်းဟန်ဆိုသောသူနှင့် ပတ်သက်ကာ အဖြစ်အပျက်တွေ ရှင်းပြပြီးနောက်...

"သမီးပြောပြထားလို့ မောင်ရှင်းသန့်နဲ့သမီး လူငယ်ချင်း မေတ္တာမျှနေကြတဲ့အကြောင်း အန်တီတို့ သိထားပြီးပါပြီ၊ အခုလိုမျိုး တစ်ယောက်နဲ့တစ်ယောက် ပွင့်ပွင့်လင်းလင်း ပြောပြီးနောက်မှာ မိသားစုစိတ်ဓာတ်နဲ့ပဲ အခက်အခဲတွေအားလုံးကို ရင်ဆိုင်ဖြေရှင်းနိုင်လိမ့်မယ်လို့ အန်တီယုံကြည်ပါတယ်ကွယ်"

သမီးဖြစ်သူ သင်းရနံ့၏ လက်ကလေးကိုကိုင်ပြီး သင်းရနံ့ မာမီက ဆိုသည်။

"အန်ကယ့်အနေနဲ့လည်း အခက်အခဲတွေကို မောင်ရှင်းသန့်ပြောသလို ခေါင်းအေးအေးနဲ့ စဉ်းစားဆုံးဖြတ်ပြီး ဖြေရှင်းပါ့မယ်၊ မောင်ရှင်းသန့်ကိုလည်း မိသားစုစိတ်ဓာတ်နဲ့ အခုလို

www.burmeseclassic.com

www.burmeseclassic.com



မျိုး အန်ကယ်တို့မိသားစုအတွက် စေတနာထားတာ အန်ကယ်က လိုက်လိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်၊ လူကြီးတွေအနေနဲ့ အပြောင်းအလဲ မြန်တယ်လို့ ထင်ချင်လည်းထင်မယ်၊ မောင်ရှင်းသန့်နဲ့ သမီးသင်းရနံ့တို့ကိစ္စကို အန်ကယ်တို့မိဘတွေက သဘောတူပါတယ်။ ကန့်ကွက်စရာ အကြောင်းမရှိပါဘူး၊ မောင်မင်းဟန်နဲ့ကိစ္စကိုတော့ အန်ကယ်ပဲ ဖြေရှင်းလိုက်ပါ့မယ်"

ဦးယဉ်ထိုက် စကားအဆုံးမှာ လင်းခနဲ ဝင်းလက်သွားသည့် ရှင်းသန့်၏ မျက်ဝန်းအစုံက သိပ်ချစ်ရသော ချစ်သူလေးထံ ကြည့်မိတော့ နှစ်နှစ်ကာကာ ပြုံးပြ၍ မျက်လွှာလေးချလိုက်သည့် လှပလွန်းသော သင်းရနံ့၏ မျက်နှာလေးကို တွေ့ရသည်။ မင်းဟန် ဆိုသော ပုဂ္ဂိုလ်နှင့် ပတ်သက်ပြီး ယတိပြတ် ဆုံးဖြတ်လိုက်ကြသည့် ပြဿနာအတိမ်အနက်က ဘယ်အတိုင်းအတာအထိ ရိုက်ခတ်ဦးမည်ဆိုတာ မတွေးတတ်သေး။

ဘာပဲဖြစ်ဖြစ် သိပ်ချစ်ရသော ရှင်းသန့်နှင့် သင်းရနံ့တို့အတွက်တော့ အရာအားလုံးကို ရင်ဆိုင်ကျော်လွှားဖို့ သေချာဆုံးဖြတ်ထားပြီးသား။

❖ ❖ ❖

မျက်ဝန်းပြာပြာကြီးနှင့် ရှင်းသန့်မျက်နှာကို မော့ကြည့်လာသည့် ချစ်သူလေးကို အပြုံးနှင့် ငုံ့မိုးစိုက်ကြည့်ရင်းက သူ့ရင်ထဲ အချစ်စိတ်များ ပြည့်လာရသည့်အတွက် သူမကိုယ်လေးကို တင်းတင်းလေး ထွေးဖက်ထားလိုက်မိသည်။

"ကို…ကို ဘာကြည့်တာလဲ"

"သိပ်ချစ်လို့"

"ကိုလည်း ရနံ့ကို သိပ်ချစ်ပါတယ်ကွာ"

သင်းရနံ့၏ ပါးလေးတွေ၊ နှုတ်ခမ်းလေးတွေ အချိန်အတော်ကြာ နွေးထွေးသွားရသည်။

ရှင်းသန့်တို့နှစ်ဦးမှာ အရာအားလုံးကို ရင်ဆိုင်ကျော်လွှားဖို့ ဆုံးဖြတ်ထားမှုနှင့်အတူ တစ်ယောက်နှင့်တစ်ယောက် မခွဲနိုင်အောင် အမြဲအတူရှိနေရကာ စကားတွေကလည်း သူတို့နှစ်ဦးကြား

www.burmeseclassic.com

www.burmeseclassic.com



ပြောမကုန်နိုင်အောင် ရှိနေရသည်။

"ကို"

"ဟင်"

"ရန့်ကို ဘာလို့ချစ်တာလဲဟင်"

"ရှေးဘဝက ဆုတောင်းခဲ့ဖူးတဲ့ ဆုတောင်းတွေကြောင့် ဖြစ်မှာပေါ့"

"ဒါဆို ရန့်ကလည်း ဘာကြောင့် ကိုကိုချစ်ရတာလဲ"

"အင်း…အဲဒါတော့ သေချာမပြောတတ်ဘူး၊ ကိုပြောတဲ့ အတိုင်းပဲ ဖြစ်မှာပေါ့"

"အဟင်း…ဟင်း"

"အဟွန်း…ဟွန်း"

နှစ်ဦးသား အပျော်တွေ၊ ကြည်နူးမှုတွေ၊ ရင်ခုန်မှုတွေဖြင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ချစ်မဝနိုင်စွာ ရှိနေရသော ရှင်းသန့်နှင့် သင်းရန့် ဘာရယ်မဟုတ် ပြုံးတူရယ်မိကြသည်။

"ရန့်"

ရှင်းသန့်အသံက ခပ်တိုးတိုးထွက်ပေါ်လာရသည်။

ရှင်းသန့် ခေါ်ပေမယ့် သင်းရန့်သည် မထူးဘဲ ငြိမ်သက်နေတော့ အသည်းယားစွာဖြင့် သင်းရန့်ကိုယ်လေးကို ဆွဲဖျစ်ညှစ်



လိုက်ပြီး…

"သိပ်ချစ်တာပဲ ရန့်ရယ်"

တိုးသက်သော စကားသံနှင့်အတူ ရှင်းသန့်က သင်းရန့် မျက်နှာလေးအနှံ့ အနမ်းပွင့်တို့ကို စိတ်ကြိုက် ခြွေနေမိသည်။

ပူနွေးပြင်းရှသော အနမ်းတွေနှင့်အတူ ရှင်းသန့်သည် မကြာမီ သူမနှင့် တစ်ဘဝလုံး လက်တွဲရတော့မည်ဆိုသောအသိ ဖြင့် သင်းရန့်နှလုံးသားတွေ တဆတ်ဆတ် ပူနွေးသွားရသည်။

ရှင်းသန့်မှာ သူ့ရင်ခွင်ကျယ်ကြီးထဲတွင် နှစ်မြုပ်မတတ် ဖြစ်နေသော သင်းရန့်ကိုယ်လေးကို ရှည်လျားမွှတ်သိပ်သော သူ၏ အနမ်းရှည်ကြီးများဖြင့် ရေးခြယ်နေသည်မှာ သူ့အနမ်းများအောက် တွင် သူမတစ်ကိုယ်လုံး မိန်းမူးမတတ် ရှိနေရသည်။

ချစ်တယ်…သိပ်ချစ်တယ်ဆိုသော သူ့စကားသံများ အောက်တွင် သင်းရန့်သည် ကြားလိုက်၊ မကြားလိုက်နှင့် အသိနှင့် ကိုယ် လွတ်နေရသလို ရှင်းသန့်၏ ချစ်အနမ်းများအောက်တွင် သင်းရန့်တစ်ကိုယ်လုံး စုန်းစုန်းမြုပ်နေရတော့သည်။

"ဖြောင်း…ဖြောင်း…ဖြောင်း"

ရုတ်တရက် လက်ခုပ်တီးသံ ကြားလိုက်ရသဖြင့် ရှင်းသန့် နှင့် သင်းရန့်မှာ နှစ်ဦးသား လူချင်းခွာလိုက်ကြပြီး အသံလာရာဆီ

www.burmeseclassic.com

www.burmeseclassic.com



သို့ ဆတ်ခနဲ လှမ်းကြည့်မိလိုက်ရသည်။

သူတို့အနားသို့ ဘယ်အချိန်ကတည်းက ရောက်နေမှန်း မသိသော မင်းဟန်ဆိုသော ပုဂ္ဂိုလ်ကို တွေ့လိုက်ရသည်။

"ဟား…ဟား…ဟား ကျလည်းကျတယ်ကွာ။ မင်းသားနဲ့မင်းသမီးက အလွမ်းသယ်နေလိုက်ကြတာ၊ ဒီမှာတော့ မင်းတို့ကိုတွေ့ချင်လွန်းလို့ စောင့်ကြည့်နေတာ ကြာပြီ"

"ဒီမှာ ကိုမင်းဟန်၊ ခင်ဗျားပြောတဲ့စကားက စည်းကျော်နေပြီ၊ ခင်ဗျားဘာသာ ကိုယ့်လမ်းကိုယ်သွားရင် ကောင်းမယ်ထင်တယ်"

"အောင်မာ…မင်းကများ ပြောရတယ်ရှိသေးတယ်။ သူခိုးက လူပြန်ဟစ်တယ်ဆိုတာ ဒါမျိုးပေါ့၊ တကယ်တမ်း စည်းကျော်တာက မင်းကွ၊ မင်းက ငါနဲ့ယူမယ့် မိန်းမတစ်ယောက်ကို ကြောင်တောင်နိုက်တာလား၊ တကယ်တော့ မင်းက လူများတူး ပြီးသား ကြွက်တွင်းထဲကို အချောင်ဝင်ခိုချင်တဲ့ ကြွက်ဖျင်းပဲ၊ ဟားဟား"

ရှင်းသန့်မှာ မင်းဟန်ဆိုသူ၏ စကားများကြောင့် ရင်ထဲမှ ဒေါသတရားများဖြင့် တစ်ကိုယ်လုံးရှိ သွေးတွေ ဆူပွက်ကုန်ရ၏။



"ဒီမှာ ကိုမင်းဟန်၊ ခင်ဗျားကို ကျုပ် လူလိုပြောနေတာနော်၊ ခင်ဗျား ကျုပ်ရှေ့က ထွက်သွားတော့"

"ဘာလို့ထွက်သွားရမှာလဲ၊ မင်းပြောတဲ့အတိုင်း လုပ်ရအောင် ငါက အရူးမှမဟုတ်တာ၊ ဒီမှာ သင်းရနံ့"

ရုတ်တရက် ဖြစ်ပေါ်လာရသည့် အဖြစ်အပျက်တွေကြောင့် သင်းရနံ့မှာ မျက်ဝန်းလေး အဝိုင်းသားဖြင့် ရှိနေရတာ ရှင်းသန့်၏ လက်မောင်းကို အားကိုးတကြီးလေး ဖက်တွယ်လာရသည်။

"မင်း…ကိုယ့်ကို လက်မထပ်ရင် မင်းမိသားစုတွေ ဘာတွေဖြစ်သွားမယ်ဆိုတာ မင်းသိတယ်နော်၊ ဒီတော့ မင်း ကိုယ့်ကိုပဲ လက်ထပ်ပါ"

"ဒီမှာ ကိုမင်းဟန်၊ ရှင့်ကို ဘာအကြောင်းနဲ့မှ ရနံ့ လက်မထပ်ဘူး၊ ကျွန်မမိသားစုကိစ္စကို ကျွန်မတို့ဘာသာ ဖြေရှင်းနိုင်တယ်၊ ပြီးတော့ ကျွန်မ လက်ထပ်မယ့် ကျွန်မချစ်သူကိုလည်း ရှင် ဘာမှပြောစရာ အကြောင်းမရှိဘူး၊ ရှင့်စရိုက်နဲ့ရှင် ကြိုက်တဲ့သူ ကိုယူပါ၊ ကျွန်မတို့ကို ဘာမှ ပြဿနာလာရှာမနေနဲ့"

"ဩော်…မင်းက အားကိုးရှိနေပြီဆိုပြီး ဒီစကားကိုပြော

www.burmeseclassic.com



တာပေါ့ ဟုတ်လား၊ ဒီမှာ သင်းရနံ့ မင်းစိတ်နဲ့မင်း လုပ်ချင်တိုင်း လုပ်လို့ရတဲ့အထဲမှာ မင်းဟန်ဆိုတဲ့ကောင် မပါဘူး၊ ငါ့ဘဝမှာ ငါလုပ်ချင်တာကို လုပ်ခွင့်ရှိတယ်၊ မင်း ဒီလိုမျိုး ငါ့ကို အရှုးလုပ်ပြီး ထားရစ်ခဲ့လို့ရမယ်ထင်လား၊ လာ လိုက်ခဲ့"

"ဟော့လူ…ခင်ဗျား လူလိုပြောနေတာ မရဘူးလား"

လျှပ်တစ်ပြက် အခြေအနေတွေက ရှုပ်ထွေးသွားရပါသည်။ ရှင်းသန့်မှာ သင်းရနံ့လက်ကို လှမ်းဆွဲလိုက်သည့် မင်းဟန်၏ အပြုအမူများကို ဘယ်လိုမှ သည်းမခံနိုင်တော့သည့်အဆုံး ရှင်းသန့်၏ ဒေါသတရားများ ပေါက်ကွဲသွားရပြီမို့ ဖွတ်တရွတ် လုပ်လာသော မင်းဟန်၏ မျက်နှာဆီသို့ လက်သီးဖြင့် ထိုးချလိုက်သည်။

"ခွပ်"

"အား"

ရှင်းသန့်နှင့်မင်းဟန်မှာ လူချင်းထိုးကြိတ်ကာ သတ်ပုတ်လုံးထွေးနေကြပြီ။

အရက်မူးလာပုံရသည့် မင်းဟန်အား ရှင်းသန့်မှ ဒေါသဖြစ်ဖြစ်နှင့် ထိုးကြိတ်လိုက်သဖြင့် မင်းဟန်ပါးစပ်မှ သွေးစတို့ထွက်ကျလာရသည်။



"ဒီလောက်တောင် ဖြစ်လှတဲ့ကောင် ဒီနေ့ဟာ မင်းရဲ့ အသက်နဲ့ခန္ဓာ အိုးစားကွဲစေရမယ့်နေ့ပဲ"

မင်းဟန်က ပါးစပ်ကပြောပြီး ခါးကြားထဲတွင် ဘယ်အချိန်ကတည်းက ဖွက်ယူလာသည်မသိသော ဓားမြှောင်ဖြင့် ရှင်းသန့်ဆီသို့ အတင်းပြေးဝင်ကာ ထိုးချလိုက်လေသည်။

"ကို့ကို ရှင် ဘာမှမလုပ်နဲ့"

"အား"

ဖျတ်ခနဲ ပြေးဝင်လာသည့် မင်းဟန်နှင့် ရှင်းသန့်အကြားသို့ လျှပ်တစ်ပြက် သင်းရနံ့က ပြေးဝင်လိုက်သဖြင့် သင်းရနံ့၏ ရင်ညွန့်တည့်တည့် မင်းဟန်၏ ဓားမြှောင်က ထိုးစိုက်မိသွားရသည်။

ရှင်းသန့်မှာ သူ၏မျက်ဝန်းထဲတွင် ပြာခနဲဖြစ်သွားရကာ

"ရနံ့"

ပြိုလဲကျသွားသည့် သင်းရနံ့၏ ခန္ဓာကိုယ်လေးကို ပြေးပွေ့လိုက်မိသည်။

"ဟာ…ဟိုမှာ ဓားနဲ့ထိုးလိုက်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ရှိ လူအများက သူတို့အနားသို့ အပြေးရောက်ရှိလာကြခြင်းနှင့်အတူ ယူနီဖောင်းဝတ်ရဲအချို့ ပြေးလာကြကာ မင်းဟန်ကို ဖမ်းဆီးချုပ်နှောင်လိုက်ကြသည်။

"ရင်ဘတ်မှာ သွေးတွေအရမ်းထွက်နေပြီ၊ မိန်းကလေးကို ဆေးရုံပို့ဖို့လုပ်လေ"

လူအုပ်ကြားထဲမှ အသံတွေကို ရှင်းသန့် ကြားလိုက်ရသည်။

"သေသွားပြီလားမသိဘူး၊ မြန်မြန်လုပ်ကြလေ"

"ရုန့်"

"ရုန့်"

"အင်း"

ရှင်းသန့်မှာ သိပ်ချစ်ရသော ချစ်သူလေး၏ အဖြစ်အပျက်ကိုကြည့်ရင်း ဦးခေါင်းတစ်ခုလုံး ချာချာလည်နေရပါပြီ။

"ရုန့် ကို ခေါ်နေတယ်လေ၊ ရုန့် ဘာမှမဖြစ်ဘူး၊ ရုန့် ဘာမှမဖြစ်စေရဘူး"

"ရုန့် သတိရတယ်နော်"

"အင်း…အင်း ကို"



"ရုန့် ဘာမှမဖြစ်စေရဘူး"

ရုန့်ကိုယ်လေးကို သူ ဖျတ်ခနဲ ဆွဲပွေ့ယူလိုက်တော့ အရူးတစ်ယောက်လို သူရပ်ထားသော ကားဆီသို့ အလျင်အမြန် ပွေ့ချီယူကာ အပြေးလေး သွားနေမိသည်။

"အင်း…အင်း ကို"

"ရုန့်…ရုန့်…ရုန့်အနားမှာ ကိုရှိတယ်လေ"

"ကို…ကို…ကို့ကို ရုန့် အသက်နဲ့ထပ်တူ သိပ်…ချစ်တယ်"

သင်းရုန့်ထံမှ တိုးရှတုန်ယင်စွာ ပြောလိုက်သော စကားသံအဆုံးမှာ သူမဦးခေါင်းလေး ပျော့ခွေသွားရပြီ။

"ရုန့်"

"ရုန့်"

ရှင်းသန့်ရင်ခွင်ထဲမှာ သိပ်ချစ်လွန်းရသော ချစ်သူလေး၏ ခန္ဓာကိုယ်လေးကို အတင်းကြပ်ဆုံး ပွေ့ဖက်မိရင်းက ရှင်းသန့်မှာ အရူးတစ်ယောက်ပမာ အစွမ်းကုန် အော်ဟစ်မိရင်းက ရင်ဘတ်ထဲက နှလုံးသားတွေ တစ်စစီ ကွဲကြေသွားရပြီ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## နိဂုံး

ပြောင်းလဲတတ်သော အချိန်စက်ဝန်းနှင့်အတူ ရာသီတွေ တစ်ပတ်လည်ခဲ့ရပြီ။

ကြည်လင်သော ကောင်းကင်က ရုတ်တရက် ပြောင်းလဲသွားရသည်။ မိုးသားကောင်းကင်ထက်မှာ တိမ်ညိုတိမ်မဲများက ဖုံးလွှမ်းလာရသလို တစ်ခါတစ်ရံ ပြက်ခနဲလက်လိုက်သော လျှပ်စီးရောင်နှင့်အတူ မိုးချုန်းသံများကိုပါ ကြားလာရသည်။

ထိုသို့ပြောင်းလဲနေရသော ပတ်ဝန်းကျင် ရာသီဥတုကို လုံးဝဂရုမစိုက်ဘဲ ဖြူလွှလွှအုတ်ဂူလေးရှေ့တွင် ငြိမ်သက်စွာဖြင့် လူငယ်တစ်ဦး ရှိနေပါသည်။

မိုးရနံ့ပါသော လေက တစ်ချက် ဝှေ့ခနဲတိုက်ခတ်လာပြီးနောက် မကြာမီမှာပင် ကောင်းကင်ထက်မှ မိုးရေစက်တို့က တဖွဲ



ဖွဲ ကျဆင်းလာရသည်။

သင်းရနံ့

အသက် (၂၅)နှစ်

အုတ်ဂူလေးရှေ့တွင် ဒူးထောက်ထိုင်ပြီး ငြိမ်သက်စွာရှိနေသော ရှင်းသန့်၏ကိုယ်ပေါ်သို့ ကောင်းကင်ထက်မှ မိုးရေစက်တို့က တဖွဲဖွဲရိုက်ခတ်လျက်။

တဖြည်းဖြည်း ပိုမိုပြင်းထန်လာသော မိုးစက်မိုးပေါက်များဒဏ်မှ ကာကွယ်ရန်အတွက် ထီးအပြာလေးတစ်လက်က ရုတ်တရက် ရှင်းသန့်ဘေးနားမှ ပေါ်ထွက်လာရသည်။

"သွားကြရအောင်နော်...မိုးတွေ အရမ်းရွာလာပြီ"

သူ့ဘေးနားတွင် ထီးကလေးကို မိုးပေးလျက် ရပ်နေသည့် ကြယ်စင်မှူးက ရှင်းသန့်ကို ကရုဏာသက်စွာ ကြည့်လျက်က ဆိုလိုက်သည်။

ထစ်ချုန်းရွာနေပြီဖြစ်သော မိုးရေစက်များကို အံတုလျက် ရှင်းသန့်တစ်ယောက် ထိုင်နေဆဲ။

"အချိန်တွေလည်း ကြာခဲ့ပြီပဲ၊ တော်ကြာ အအေးမိပြီး ဖျားနေလိမ့်မယ်နော်"

www.burmeseclassic.com



ကြယ်စင်မှူးက မိုးရေစက်တို့ဖြင့် အေးစက်နေရသော ရှင်းသန့်၏လက်ကို သူမ၏ နွေးထွေးနူးညံ့သော လက်ကလေးဖြင့် ဆွဲယူလိုက်သည်။

တဖြည်းဖြည်း မော့ကြည့်လာသည့် ရှင်းသန့်၏ မျက်ဝန်းအစုံကို ကြယ်စင်မှူးက ရွှန်းလဲ့တောက်ပ ရီဝေသော အကြင်နာမျက်ဝန်းများဖြင့် ကြည့်လျက် သူမ၏ နှုတ်ခမ်းပါးလှလှလေးက အလှပ၊ အနွေးထွေးဆုံး ပြုံးပြလိုက်မိပါသည်။

တကယ်တော့ အချစ်ဆိုသည်မှာ…

ရွှေအဋ္ဌလီ

BURMESE CLASSIC

www.burmeseclassic.com